# ရှင်ကျင့်ဝတ်ထစ်မှုမှန်ကျမ်း

ဦးဧဝစိဏ္ဍ

တောင်ငူခရိုင်

ဖြူးမြို့အရှေ့ ကြက်တက်ညောင်ပင်ဆရာတော်

ပဌမကျော်- ဦးအာစိဏ္ဏ


စီစဉ်ရေးသားအပ်သော

''သာသနာ့ အလင်းရောင်''

# ရှင်ကျင့်ဝတ်သစ် မှူမှန်ကျမ်း

နှင့်

ရဟန်းရှင်လူ ပုဂ္ဂိုလ်မရွေး ကြည့်ရှုနိုင်သော

ဗြဟ္မဝိဟာရတရား ၄-ပါး၊ ၅၂၈ သွယ်မေတ္တာပွားများပုံ

ခေတ်သဘော၊ ပဋိကူလ သံဝေဂဖြစ်ရန်

ခက်ဆစ်မှတ်ဘွယ် အဓိပ္ပါယ်များ


လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်

အမှတ် ၁၆၀၊ ၄၇-လမ်း၊ ရန်ကုန်မြို့။

၁၃၃၉-ခုနှစ်

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၉၆၅၅)

။ ကင်းလွတ်ခွင့် အမှတ် (၀၃၈၀၂)

ရိုက်နှိပ်ခြင်း····ဒုတိယအကြိမ်

၁၉၇၇-ခု၊ အောက်တိုဘာလ

အုပ်ရေ ၂၀၀၀

ပြင်ဆင်သူ····ပါဠိဆရာ ဦးချစ် (ကဝိဝိယ)

လယ်တီမဏ္ဍိုင် စာတည်းအဖွဲ့

ထုတ်ဝေသူ····ဦးအာသဘ

သွေးဆေးကန် မန္တလေးကျောင်း

ရန်ကုန်မြို့။

ပုံနှိပ်သူ ····ဦးထွန်းလှိုင် (၀၄၃၃-မြ)

လယ်တီမဏ္ဍိုင် ပုံနှိပ်တိုက်

အမှတ် ၁၆၀၊ ၄၇-လမ်း

ရန်ကုန်မြို့။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁ | သင်္ကန်း တောင်းရန် | .... | ၁ |
| ၂ | ကန်တော့ရန် | .... | ၄ |
| ၃ | သီလတောင်းပါဠိ-အနက် | .... | ၅ |
| ၄ | သရဏဂုံပေးနည်း ယူနည်း | .... | ၇ |
| ၅ | သရဏဂုံ၏ ခက်ဆစ်အဓိပ္ပါယ်အကျယ် | .... | ၉ |
| ၆ | ရဟန်းရှင်လူတို့ ဆောက်တည်ရန် သရဏဂုံ ပါဠိ-အနက် | .... | ၁၆ |
| ၇ | သရဏဂုံ၏ အကျိုးပြ | .... | ၁၀ |
| ၈ | ဆယ်ပါးသီလ ဆောက်တည်ရန် | .... | ၁၉ |
| ၉ | ဥပဇ္ဈာယ်ယူရန် ပါဠိ-အနက် | .... | ၂၁ |
| ၁၀ | ပစ္စဝေက္ခဏာ ပါဠိ-အနက် | .... | ၂၄ |
| ၁၁ | ပစ္စဝေက္ခဏာ ဆင်ခြင်ရန်အကျဉ်း အဓိပ္ပါယ် | .... | ၂၅ |
| ၁၂ | ပစ္စဝေက္ခဏာအကျယ် ခက်ဆစ် အဓိပ္ပါယ် အသုံးအဖြတ် | .... | ၃၄ |
| ၁၃ | ဆွမ်းစသော ပစ္စည်းလေးပါးတို့ကို ဓာတုမနသိကာရ, ပဋိကူလမနသိကာရဖြင့် ဆင်ခြင်ပုံ | .... | ၄၇ |
| ၁၄ | လိင်ဆယ်ပါး ပါဠိ-အနက် | .... | ၅၂ |
| ၁၅ | ဒဏ်ဆယ်ပါး ပါဠိ-အနက် | .... | ၅၄ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၆ | သေဒိယသိက္ခာပုဒ် ၇၅-ပါးပါဠိ | .... | ၅၆ |
| ၁၇ | သေခိယသိက္ခာပုဒ် ၇၅-ပါးအနက် | .... | ၆၄ |
| ၁၈ | ခန္ဓကဝတ် ၁၄-ပါးပါဠိ-အနက် | .... | ၈၀ |
| ၁၉ | ဒေသနာကြား ဒေသနာခံ ပါဠိ-အနက် | .... | ၈၄ |
| ၂၀ | ဗြဟ္မဝိဟာရ တရား လေးပါး ပွားများပုံ ပါဠိ-အနက် | .... | ၈၉ |
| ၂၁ | ယံပတ္တံ ပါဠိ-အနက် | .... | ၉၆ |
| ၂၂ | ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာပို့နည်း | .... | ၉၈ |
| ၂၃ | မေတ္တာအကျိုး ၁၁-ပါး | .... | ၁၀၂ |
| ၂၄ | ဓုတင် တေရသ ပါဠိ | .... | ၁၀၃ |
| ၂၅ | ဓုတင် တေရသ အနက် | .... | ၁၀၄ |
| ၂၆ | အောင်ဘိသေကဂါထာ ပါဠိ-အနက် | .... | ၁၀၉ |
| ၂၇ | ငါးရှုမင်းပရိတ်တော်ပါဠိ | .... | ၁၁၉ |
| ၂၈ | ငါးရှုမင်းပရိတ်တော် အနက် | .... | ၁၂၀ |
| ၂၉ | တံမြက်လှည်းခြင်းအကျိုးပြ ပါဠိအနက် | .... | ၁၂၂ |
| ၃၀ | သံဝေဂ ဂါထာ ပါဠိ-အနက်များ | .... | ၁၂၄ |
| ၃၁ | ဆုတောင်းဂါထာပါဠိ-အနက် | .... | ၁၃၂ |
| ၃၂ | သမဏ, ဘိက္ခု, သံဃာခေါ်ပုံ | .... | ၁၃၄ |


* ★ *

# နိဒါန်း

ဗုဒ္ဓရှင်တော်ဘုရား ဟောထားတော်မူခဲ့သော တရားစကားတော်မြတ်သည်—

(၁) ရသအားဖြင့် တပါး (ဝိမုတ္တိရသ)

(၂) ဓမ္မဝိနယအားဖြင့် နှစ်ပါး (သုတ်, အဘိဓမ္မာနှင့် ဝိနည်း)

(၃) ဝစနအားဖြင့် သုံးသွယ် (ပဌမ ဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမ ဗုဒ္ဓဝစန)

(၄) ပိဋကတ် အားဖြင့် သုံးဖြာ (ဝိနည်း, သုတ္တန်, အဘိဓမ္မာ)

(၅) နိကာယ်အားဖြင့် ငါးရပ် (ဒီဃနိကာယ်, မဇ္ဈိမနိကာယ်,သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်)

(၆) ဓမ္မက္ခန္ဓာအားဖြင့် (ရှစ်သောင်းလေးထောင်) များပြောင်လှစွာ ဒေသနာတို့တွင် ဝိနည်းပိဋကတ် ဖြစ်သော ရှင်ကျင့်ဝတ်ကျမ်းကို ရှေးဆရာမြတ်တို့ ရေးသားထားကြသော်လည်း ဝိပ္ပတ္တိခေတ်ဖြစ်၍ အပ္ပသုတ ပုဂ္ဂိုလ်တို့သည် သင်ခြင်း,ကျက်မှတ်ခြင်း တို့၌ သိက္ခာပုဒ်တို့ကို အသီးသီးမခွဲခြား တွဲစပ်ရေယှက်၍ အနက်ရေးသား ထားကြခြင်းကြောင့် အက္ခရာ, ပုဒ်, ပါဌ်, အနက်မကွဲပြားဘဲ သိနိုင်ခဲကြ သဖြင့်

သင်ခြင်း, ကျက်မှတ်ခြင်းဖြင့် သုဝိညေယျ သိလွယ်စေခြင်းငှါ ဒေသနာတော်၏ ဗျဉ္ဇနရသ, အတ္ထရသ နှစ်ပါး ပေါ်လွင် ထင်ရှားစေသဖြင့် ပါဠိ-တချက် အနက် တချက်-အသိဉာဏ်ထင်အောင် "**သာသနာ့ အလင်းရောင် ရှင်ကျင့်ဝတ်သစ်မူမှန်ကျမ်း**"ကို ဗုဒ္ဓုပ္ပါဒ ခဏအောင်ပွဲကို အမြဲသတိရရှိလိုသူတို့နှင့် နယသေဝီ ဖွေဆည်ကြိုးပန်း ကိုယ်ကျိုး မှန်းကြသော ရဟန်း ရှင်လူတို့သည် ကြည်ဖြူစိတ်ထဲ အားအံခဲ၍ အမြဲ ကြည့်ရှု ပွားများခြင်း ပြုနိုင်ကြပါစေသတည်း။

## ပဏာမ-ပဋိညာတ

ဇေဠံ တိလောကပူဇိတံ၊ မာရဝေရာဒိမဒ္ဒဝံ။
ဝန္ဒိတွာ ပုရိသုတ္တမံ၊ လိခိဿာမိ နဝ ဝတ္ထုံ။

အဟံ၊ ခန္ဓာငါး၀ သမူဟကို ပေါင်းစုသမုတ် အကျွန်ုပ်သည်။ ဇေဠံ၊ ကြီးမြတ်သော သူတို့ထက် အလွန် အကြူး အထူးသဖြင့် ကြီးမြတ်တော်မူထသော၊ တိလောက ပူဇိတံ၊ပြဟ္မာနတ်လူ သုံးဘုံသူသည် ကြည်ဖြူကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ မာရဝေရာဒိမဒ္ဒဝံ၊ ဒေဝပုတ္တ စသည်အန္တရာယ် ရန်အသွယ်သွယ်ကို လွယ်ကူစွာ နှိမ်နင်းတော်မူပြီးထသော။ ပုရိသုတ္တမံ၊ ယောကျ်ားတကာတို့ထက် ဆတက် လွန်ကြူး အထူး သဖြင့် မြတ်သော ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ သုံးလီဒွါရ ပဏာမဖြင့် ကြည်ဆွသဒ္ဓါ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ သုံးလီဒွါရ ပဏာမဖြင့် ကြည်ဆွညွှတ်နူး ရှိခိုးဦး၍။ ဓမ္မဉ္စ၊ မဂ်လေး၀ ဖိုလ်လေးတန် နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော တရားတော်မြတ် ရတနာကိုရင်း။ သံဃဉ္စ၊ သမုတိအရိယာ နှစ်ဖြာသော သံဃာတော်ကိုရင်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးဦး၍။ နဝ-ဝတ္ထုံ၊ မဖုက်မမြုပ် ဖော်ထုတ် စီစစ် မိပ္ပါယ်နှစ်ဖြင့် အသစ်ဖြစ်သော ရှင်ကျင့်၀တ်ကို။ လိခိဿာမိ၊ ကျက်မှတ်သင်ယူ များရှင်လူတို့ လွယ်ကူစေခြား စိတ်၌ထား၍ ရေးသားပါအံ့။



## သာသနာ့အလင်းရောင်

# ရှင်ကျင့်ဝတ်သစ်မူမှန်ကျမ်း

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သင်္ကန်းတောင်းဆိုရာ၌ ပဌမပုဒ်သည် သင်္ကန်းတောင်း မဟုတ် ဆရာရဟန်းအား ဝိနည်းပရိယာယ်ဖြင့် သင်္ကန်းကို အပ်လှူ၍ သာမဏေအဖြစ် ခွင့်တောင်းရန်သာ ဖြစ်သည်။

### ဆရာရဟန်းအား သင်္ကန်းကို အပ်လှူ၍ သာမဏေအဖြစ် ခွင့်တောင်းရန်

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိ ကရဏတ္ထာယ ဣမံကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ-အရှင်ဘုရား၊ သလကဝဋ္ဋဒုက္ခနိဿရဏ နိဗ္ဗာနဿ-အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို၊ သစ္ဆိ ကရဏတ္ထာယ-မျက်မှောက် ပြုပါရခြင်း

အကျိုးငှာ၊ ဣမံ ကာသာဝံ-အကျွန်ုပ် လက်၌ရှိသော ဤသင်္ကန်းကို၊ ဂဟေတွာ-ယူတော်မူ၍၊ မံ-အကျွန်ုပ်ကို၊ အနုကမ္ပံ-အစဉ် သနားသည်ကို၊ ဥပါဒါယ-အကြောင်းပြု၍၊ ပဗ္ဗာဇေထ-ရှင်သာမဏေ ပြုတော်မူပါကုန်ဘုရား။

**ဆရာရဟန်းထံမှ သင်္ကန်းကိုတောင်း၍ သာမဏေ ပြုခွင့် တောင်းရန်**

သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနသ သစ္ဆိ ကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

ဘန္တေ-အရှင်ဘုရား၊ သကလ ဝဋ္ဋဒုက္ခ နိဿရဏ နိဗ္ဗာနသ-အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို၊ သစ္ဆိ ကရဏတ္ထာယ-မျက်မှောက် ပြုပါရခြင်း အကျိုးငှာ၊ ဧတံ ကာသာဝံ-အရှင်ဘုရား လက်တော်၌ရှိသော ထိုသင်္ကန်းကို၊ ဒတွာ-ပေးတော်မူ၍၊ မံ-အကျွန်ုပ်ကို၊ အနုကမ္ပံ-အစဉ်သနားသည်ကို၊ဥပါဒါယ-အကြောင်းပြု၍၊ ပဗ္ဗာဇေထ-ရှင်သာမဏေပြုတော်မူပါကုန်ဘုရား။

[သာမဏေလောင်းအား သင်္ကန်းဝတ်ပေးရမည်]။

**ခေတ်-ခတ်ဆစ်အဓိပ္ပါယ်**-ရဟန်းကမပေးသော သင်္ကန်း, မစေခိုင်းဘဲနှင့် ကိုယ်တိုင်အလိုလို ဝတ်သောသင်္ကန်း, လူသာမဏေစသည်တို့ကိုဝတ်ရုံပေးသောသင်္ကန်းသည် မအပ်ချွတ်ပယ်ပစ်ရမည်။

ဆရာရဟန်း လက်ဖြင့်ရင်း, ဆရာရဟန်းက ဝတ်လေ တော့ဟု စေသဖြင့်ရင်း, ရဟန်းကပေးသော သင်္ကန်းသည် သာလျှင် အပ်၏။

ထို့ကြောင့် ... ယံ ပန နိဝါသနံဝါ ပါရုပနံဝါ အနာ
ဏတ္တိယာ နိဝါသေတိဝါ ပါရုပတိဝါ တံ
အပနေတွာ ပုနဒါတဗ္ဗံ၊ ဘိက္ခုနာ ဟိ သ
ဟတ္ထေန ဝါ အာဏတ္တိယာဝါ ဒိန္နမေဝ
ကာသာဝံ ဝဋ္ဋတိ အဒိန္နံ နဝဋ္ဋတိ။
(ပဗ္ဗဇ္ဇကထာ)

ပန-သင်္ကန်းဝတ်ခြင်း၏ မအပ်သည်ကို ဆိုဦးအံ့၊ ယံ နိဝါသနံဝါ-အကြင်သင်္ကန်း ဝတ်ခြင်းကိုရင်း၊ ယံ ပါရုပနံ ဝါ-အကြင်ရုံခြင်းကိုရင်း၊ အနာဏတ္တိယာ-ရဟန်းက မစေ ခိုင်းသဖြင့်၊ ဝါ-မစေခိုင်းဘဲ၊ နိဝါသေတိဝါ-ဝတ်မူလည်း ဝတ်ငြားအံ့၊ပါရုပတိဝါ-ရုံမူလည်းရုံငြားအံ့၊တံ-ထိုသင်္ကန်း ကို၊ အပနေတွာ-ပယ်၍၊ ပုန-တဖန်၊ ဒါတဗ္ဗံ-ပေးအပ်၏၊ ဟိသစ္စံ-ထိုစကားမှန်၏ ဘိက္ခုနာ-ရဟန်းသည်၊သဟတ္ထေန ဝါ-မိမိလက်ဖြင့်ရင်း၊ အာဏတ္တိယာဝါ-စေခိုင်းသဖြင့်ရင်း၊ ဒိန္နမေဝ-ပေးအပ်သည် သာလျှင် ဖြစ်သော၊ ကာသာဝံ-သင်္ကန်းသည်၊ ဝဋ္ဋတိ-အပ်၏၊ အဒိန္နံ-ရဟန်း မပေးသော သင်္ကန်းသည်၊ နဝဋ္ဋတိ-မအပ်။ (ထင်ရှား၏)

## (၄) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

### ရှင်သာမဏေအဖြစ် တောင်းရန်

ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။
ဒုတိယမ္ပိ…ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။
တတိယမ္ပိ…ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ
ပဗ္ဗဇ္ဇံ ယာစာမိ။

ဘန္တေ-အရှင်ဘုရား၊ သံသာရ ဝဋ္ဋဒုက္ခတော-သံသရာဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်းအကျိုးငှာ၊ ပဗ္ဗဇ္ဇံ-ရှင်သာမဏေအဖြစ်ကို ယာစာမိ-တောင်းပန်ပါ၏။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ ဘန္တေ-အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော-သံသရာတည်းဟူသောဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ပဗ္ဗဇ္ဇံ-ရှင်သာမဏေ အဖြစ်ကို၊ ယာစာမိ-တောင်းပန်ပါ၏။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း၊ဘန္တေ-အရှင်ဘုရား၊ သံသာရဝဋ္ဋဒုက္ခတော-သံသရာတည်းဟူသောဝဋ်ဆင်းရဲမှ၊ မောစနတ္ထာယ-ထွက်မြောက်ပါရခြင်း အကျိုးငှာ၊ ပဗ္ဗဇ္ဇံ-ရှင်သာမဏေအဖြစ်ကို ယာစာမိ-တောင်းပန်ပါ၏။

### ဆရာအား ကန်တော့ရန်

ဩကာသ - ဩကာသ- ဩကာသ၊ ကာယကံ, ဝစီကံ, မနောကံ, ဤကံသုံးပါးတို့တွင် တပါးပါးသော ကံဖြင့်

ဖြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့မှ ကင်းလွတ်ပါစေခြင်း အကျိုးငှာ ဘုရား ရတနာ, တရား ရတနာ, သံဃာရတနာ, ရတနာမြတ်သုံးပါးတို့ကို အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား .... ကန်တော့ရသော အကျိုးအားဖြင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ငါးပါး အနာမျိုး(၉၆) ပါးတို့မှ ကင်းလွတ်ရ၍ အဆုံးစွန်သော ဘဝ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် တရားတော်မြတ်ကို ရ-ရပါလို၏ အရှင်ဘုရား။

* ဤကန်တော့ရာ ကန်တော့ကျိုး၌ အပါယ်လေးပါးကစ၍ အနာမျိုး(၉၆)ပါးတိုင်အောင် အကျိုးမရှိသော ပယ်အပ်သောဆု, မဂ် ဖိုလ် နိဗ္ဗာန်က အကျိုးရှိအပ်သောဆုပါ နှစ်မျိုးခွဲမှတ်၍ ကန်တော့ပါစေ။

## သီလတောင်းရန်

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာ
မဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ
ကတွာ သီလံ ဒေထ မေ ဘန္တေ။,

ဒုတိယမ္ပိ····အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာ
မဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ
ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယမ္ပိ····အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာ
မဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ
ကတွာ သီလံ ဒေထ မေ ဘန္တေ။

## (၆) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

ဘန္တေ-အရှင်ဘုရား၊ အဟံ-တပည့်တော်သည်၊ တိသရဏေန-သရဏဂုံသုံးပါးနှင့်၊ သဟ-တကွ၊ ဒသ သာမဏေရပဗ္ဗဇ္ဇာသီလံ-ဆယ်ပါးသော သာမဏေရှင် တို့၏ အလေ့အကျင့် သီလဖြစ်သော၊ ဓမ္မံ-တရားတော်ကို၊ ယာစာမိ-တောင်းပန်ပါ၏။

ဘန္တေ-အရှင်ဘုရား၊မေ-တပည့်တော်အား၊ အနုဂ္ဂဟံ-ချီးမြှောက်ခြင်းကို၊ ကတွာ-ပြု၍၊ သီလံ-သရဏဂုံသုံးပါးနှင့် တကွ ဆယ်ပါးသော အကျင့်သိက္ခာ သီလကို ဒေထ-ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း၊ } ဆက်ဆိုရမည်။
တတိယမ္ပိ- သုံးကြိမ်မြောက်လည်း၊ }

သရဏဂုံနှင့်သီလတောင်းပြီးသည့်အခါရဟန်းက တဦးတည်းဖြစ်လျှင်-"ယမဟံဝဒါမိ ဟံ ဝဒေဟိ"နှစ်ဦးစသည်ဖြစ်လျှင် "ယမဟံဝဒါမိ တံ ဝဒေထ"-ဟုဆို။

ယံဝစနံ-အကြင်စကားကို၊ အဟံ-ငါသည်၊ ဝဒါမိ-ဆိုအံ့ဆို၏၊ တံဝစနံ-ထိုစကားကို၊ တွံ-သင်သည်၊ ဝဒေဟိ-လိုက်ဆိုလော့....အများ၌ ဝဒေထ - လိုက်ဆိုကုန်လော့ဟုအနက်ပေးလေ။

**အဓိပ္ပါယ်**....ငါဆိုသည့် စကားကို လိုက်၍ဆိုဟု ပြောကြားသောအခါ-သာမဏေလောင်းက အာမ ဘန္တေ-ဟုဆို၍ "ဘန္တေ-အရှင်ဘုရား၊ အာမ-ဟုတ်ပါ၏, ကောင်းပါ၏ဘုရား,လိုက်ဆိုပါမည်ဘုရားဟု ဝန်ခံရမည်။

ဝန်ခံပြီးသောအခါ ရဟန်းက သရဏဂုံမပေးမီ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟု

ဗုဒ္ဓပဏာမ တခေါက် ချပေးပါ၊ သာမဏေ လောင်းက သုံးခေါက်ဆိုရမည်။

ဘဂဝတော-ဣဿရိယ, ဓမ္မ, ယသ, သိရီ ကာမ, ပယတ္တဟု ဆိုအပ်သော ဘုန်းတော်ခြောက်စုံ မြတ်ရွှေဂုဏ် နှင့်ပြည့်စုံတော်မူထသော၊ အရဟတော-လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် ဆ-ထက်လွန်ကြူး ပူဇော်အထူးကို ခံ တော်မူထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓဿ-သင်္ခတ,အသင်္ခတ အားဖြင့်ပြားသော ခပ်သိမ်းသော တရားတို့ကို မဖောက် မပြန် သယမ္ဘူညာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာ လျှင် ထိုးထွင်း၍ သိတော်မူပြီး ထသော၊ တဿ-ထိုမြတ် စွာ ဘုရားအား၊ နမော-ရှိခိုးပါ၏ ဘုရား။

နတ်မင်းကြီးငါးဦးတို့ တပုဒ်တပုဒ်စီ ရှိခိုးသလို ငါးပုဒ် ခွဲ အနက် သမ္ဗန်လိုက်သည်၊ မဟာပဏာမ ကျမ်းဦးအစ၊ လူများပါ သင်ထားက ကောင်းလေစွ။

## သရဏဂုံဆောက်တည်ရန်

(ရဟန်းက သရဏဂုံ ချပေးရမည်)

(၁) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ····ဗုဒ္ဓံ ။လ။ ဂစ္ဆာမိ။
တတိယမ္ပိ····ဗုဒ္ဓံ ။လ။ ဂစ္ဆာမိ။

(နိဂ္ဂဟိတန္တ သရဏဂုံ ပေးပုံ)

(၈) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

(၂) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ····ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ····ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ····သံဃံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ····ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ····ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ····သံဃံ သရဏံ ဂစ္ဆာမိ။

(မကာရန္တ သရဏဂုံပေးပုံ)

သရဏဂုံ ပေးယူပြီးသောအခါ ရဟန်းက "တိသရဏဂမနံ ပရိပုဏ္ဏံ"ဟု-ဆို။

**တိသရဏဂမနံ**-ရတနာသုံးပါးကို ကိုးကွယ်ရာဟူ၍ မှီဝဲဆည်းကပ်သောသရဏဂုံသည်၊ ပရိပုဏ္ဏံ-ပြည့်စုံပြီဟု ရဟန်းကဆိုသည့်အခါ သာမဏေက အာမဘန္တေ-ဘန္တေ-အရှင်ဘုရား၊ အာမ - ရတနာ သုံးပါးကို မှီဝဲ ဆည်းကပ်ခြင်း ပြည့်စုံပါပြီဘုရားဟု ဝန်ခံရမည်။ ရှင်သာမဏေဖြစ်ပြီ။

**စကားချပ်····**သာသနာတော်ကြီး ရှည်မြင့်စွာ တည်တံ့နေခြင်းသည် သီလဝန္တ သိက္ခာကာမ သာသနာ့ ဝန်ထမ်းရဟန်းများရှိမှသာလျှင် တည်တံ့နိုင်ပါသည်။ ရဟန်းတော်များ ဖြစ်ရခြင်းမှာလည်း ရှေးဦးစွာ သာမဏေ အဖြစ်က အစပြု၍ ရဟန်းဖြစ်ရသည်။

သာသနာတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် အခြေခံ အုဋ္ဌမြေသဖွယ်ဟာ သာမဏေဖြစ်သည်ဟု ယူဆသင့်သည်၊ သာမဏေစစ်, သာမဏေမှန်ဖြစ်ဘို့ရန်သည် ရဟန်းအဖြစ် ထက် ခဲယဉ်းလေသည်။

အမြွက်မျှ အကြောင်းကိုဆိုသော်····ရဟန်းခံခြင်းသည် ဥတ္တိဒေါသ, အနုသာသနဒေါသကင်းက ကေတောသုဒ္ဓိ ဖြစ်လျှင် ရဟန်းဖြစ်ရတော့သည်။ သာမဏေ များမှာမူ ကား ဆရာရဟန်း တပည့် သာမဏေလောင်း နှစ်ဦးလုံး မချွတ်မယွင်း သရဏဂုံ ပီသ၍ ဥဘတောသုဒ္ဓိဖြစ်မှ သာ မဏေစစ် ဖြစ်နိုင်သည်။

ဆရာ သို့မဟုတ် တပည့်သာမဏေလောင်းတဦးဦး မပီ သလျှင် သာမဏေမဖြစ်၊ ထို့ကြောင့် ရဟန်းဖြစ်ဘို့ထက် သာမဏေဖြစ်ဘို့ ခဲယဉ်းလှ၏။

**သရဏဂုံ ခက်ဆစ်အဓိပ္ပါယ်**

မေး····ဘယ်လိုဟာကို သရဏဂုံခေါ်ပါသနည်း။

ဖြေ ···ဘုရားတရား သံဃာ့ဂုဏ်တော်ကို သရဏဂုံဟု ခေါ် ပါသည်။

မေး····သရဏဂုံ ပေးသည့်နည်းသည် ဘယ်နှစ်မျိုး ရှိပါ သနည်း။

ဖြေ····နိဂ္ဂဟိတန္တ သရဏဂုံ, မကာရန္တ သရဏဂုံဟူ၍ နှစ်မျိုးရှိပါသည်။

## (၁၀) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

မေး····ထို သရဏဂုံပေးနည်း နှစ်မျိုးတို့တွင် နိဂ္ဂဟိတန္တ သရဏဂုံပေးနည်းသည် ဘယ်လို ပေးရပါသနည်း။

ဖြေ····　　　　　　　　　　　　　ဗုဒ္ဓံ　 သရဏံ　 ဂစ္ဆာမိ။
ဓမ္မံ　 သရဏံ　 ဂစ္ဆာမိ။
သံဃံ　 သရဏံ　 ဂစ္ဆာမိ။
ဒုတိယမ္ပိ ·· ဗုဒ္ဓံ　 သရဏံ　 ဂစ္ဆာမိ။
။　　 ဓမ္မံ　 သရဏံ　 ဂစ္ဆာမိ။
။　　 သံဃံ　 သရဏံ　 ဂစ္ဆာမိ။
တတိယမ္ပိ ·· ဗုဒ္ဓံ　 သရဏံ　 ဂစ္ဆာမိ။
။　　 ဓမ္မံ　 သရဏံ　 ဂစ္ဆာမိ။
။　　 သံဃံ　 သရဏံ　 ဂစ္ဆာမိ။

မေး····နိဂ္ဂဟိတန္တ သရဏဂုံပေးနည်းကို ရှင်းပြပါ။

ဖြေ ·· ဗုဒ္ဓံ-၌ 'ဒ္ဓ' ပေါ်က　သေးသေးတင်ကို နိဂ္ဂဟိတ်ဟု ခေါ်ပါသည်။

တနည်း-သေးသေးတင်ကို ဗိန္ဒုဟုခေါ်ပါသည်၊ဗိန္ဒုကို နိဂ္ဂဟိတ်ဟု ခေါ်ပါသည်။ ထို့ကြောင့်-"ကရဏံ နိဂ္ဂဟိတွာ အဝိဝဋ္ဋေန မုခေန ဂယှတိ ဥစ္စာရီယတီ တိ နိဂ္ဂဟိတံ" ဟူသော ဝစနတ္ထနှင့်အညီ ·· ယံဗိန္ဒု-အကြင်ဗိန္ဒုကို၊ ကရဏံ·ကရိဏ်းကို၊ နိဂ္ဂဟိတွာ-နှိပ်၍၊ အဝိဝဋ္ဋေန-မဖွင့်သော၊ မုခေန-ခံတွင်းဖြင့်၊ ဂယှတိ ဥစ္စာရီယတိ-ရွတ်ဆို အပ်၏၊ ဣတိတသ္မာ-ထိုသို့ ကရိဏ်းကိုနှိပ်၍ မဖွင့်သောခံတွင်းဖြင့် ရွတ်ဆိုအပ်သောကြောင့်၊ တံဗိန္ဒု-ထိုဗိန္ဒုသည်၊ နိဂ္ဂဟိတံ-နိဂ္ဂဟိတ်မည်၏-ဟူသော ဝစနတ္ထနှင့်အညီ ကရိဏ်းကိုနှိပ်၍

မဖွင့်သောခံတွင်း နှုတ်ခမ်းကိုပိတ်၍ရွတ်ဆိုအပ်သော ဗိန္ဒု သည်-နိဂ္ဂဟိတ် မည်၏-မိန့်ဆိုသောကြောင့် ၎င်းနိဂ္ဂဟိတ် သည် ရှေ့သရကိုမှီ၏၊ ရှေ့သရကိုမှီ၍ နေသောကြောင့်–

ဗုဒ္ဓံ-၌ 'ဒ္ဓ'ဟုရွတ်ဆိုသည်နှင့် တပြိုင်နက် နိဂ္ဂဟိတ် နှာ သိကဌာန်သည် မကွဲမပြား တသားတည်း နှာခေါင်းသံ ထွက်စေ၍ နှုတ်ခမ်းကိုတပြိုင်တည်းပိတ်ပြီး စဉ်းငယ်ပိတ် ပြီး စဉ်းငယ်နှာခေါင်းလေသံဖြင့် ရွတ်ဆို၍ပေးရမည်။ ။ သရဏံ, ဓမ္မံ, သံဃံ-တို့၌လည်း နိဂ္ဂဟိတ် ရွတ်ပုံကို ဗုဒ္ဓံ-အတူသတိပြု။

ထို့ကြောင့်-"ဒဒမာနေန ဗုဒ္ဓံသရဏံ ဂန္တာမိတိ ဧဝံ ကေ

သမ္ဗန္ဓာနိ အနုနာသိကန္တာနိ ဝါ ကတွာ

ဒါတဗ္ဗာနိ" (မဟာဝါ ပဉ္စကထာ)

ဒဒမာနေန-သရဏဂုံပေးသောရဟန်းသည်၊ ဗုဒ္ဓံသရဏံ ဂန္တာမိတိ-ဗုဒ္ဓံသရဏံ ဂန္တာမိဟူ၍၊ ဧဝံ-ဤသို့၊ ကေသမ္ဗန္ဓာ နိ-တစပ်တပေါင်းတည်းစပ်ကုန်သော၊ အနုနာသိကန္တာနိ ဝါ-နိဂ္ဂဟိတ် အဆုံးရှိကုန်သည်တို့ကိုလည်း၊ ကတွာ-ပြု၍၊ ဒါတဗ္ဗာနိ-ပေးအပ်ကုန်၏-ဟုမိန့်တော်မူသောကြောင့် ဗုဒ္ဓံ ၌'ဒ္ဓ'ဟု ရွတ်သည်နှင့် နိဂ္ဂဟိတ် နှုတ်ခမ်းပိတ်ခြင်း သုံးချက် သည် တစပ်တည်း တချက်တည်း ရွတ်ဆိုပေးရမည်၊ကြား၌ အနည်းငယ်မျှ မပြတ်ရွတ်ရ (သတိပြု) သိနိုင်ခဲ၏။

မေး····မ,ကာရန္တ သရဏဂုံပေးနည်းသည် ဘယ်လိုပေးရ မည်နည်း။

# (၁၂) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

ဖြေ····ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမိ, ဓမ္မမ် သရဏမ် ဂစ္ဆာမိ, သံဃမ်, သရဏမ်, ဂစ္ဆာမိ-ဟု ပေးရမည်····မ ကာရန္တပေးရာ၌ ဗုဒ္ဓမ်-၌ တံခွန်လွှားသော မ်- သည် နောက်သရကိုမှီသော နှာသိကဋ္ဌာနနိဂ္ဂဟိတ် ဖြစ်၍ သရဏဂုံပေးသောအခါ ဗုဒ္ဓမ်၌ 'ဒ္ဓ' ဟုရွတ် ဆိုသည်နှင့် 'မ်' နိဂ္ဂဟိတ်ကြားမှ စိုးစဉ်းမျှဖြတ်၍ နှုတ်ခမ်း ပိတ်ပေးရမည်၊ နှုတ်ခမ်းဖွင့်၍ ပေးခြင်း သည်မသင့် ဟုမှတ်ပါ····သရဏမ်, ဓမ္မမ်, သံဃမ် တို့၌လည်း ဗုဒ္ဓမ်ပေးရွတ်နည်းအတိုင်းမှတ်။

ထို့ကြောင့်-"ဗုဒ္ဓမ် သရဏမ် ဂစ္ဆာမီတိ ဧဝံ ဝိစ္ဆိန္ဒိတွာ မကာရန္တာနိဝါ ကတွာ ဒါတဗ္ဗာနိ"။

(မဟာဝါ ပဗ္ဗဇ္ဇကထာ)

ဗုဒ္ဓမ်သရဏမ်ဂစ္ဆာမီတိ-ဗုဒ္ဓမ်သရဏမ်ဂစ္ဆာမိဟူ၍၊ဧဝံ-ဤသို့၊ ဝိစ္ဆိန္ဒိတွာ-ဖြတ်၍၊မကာရန္တာနိဝါ-မအက္ခရာအဆုံး ရှိသည်တို့ကိုလည်း၊ ကတွာ-ပြု၍၊ ဒါတဗ္ဗာနိ-ပေးအပ်ကုန် ၏။

အဓိပ္ပါယ်····'ဒ္ဓ'ဟု ရွတ်ဆိုသည်နှင့် နိဂ္ဂဟိတ် 'မ်' ကာ ရန္တအကြား၌ စိုးစဉ်းမျှဖြတ်၍ နှုတ်ခမ်းကိုပိတ်၍ ရွတ်ရ မည်။ (ခဲယဉ်း၏)

ဥပမာ ···ကက်, ကင်, ကစ်, ကည်-စသည်ကို နှုတ်ခမ်း ပိတ်၍ရွတ်ကြည့်ပါ ထင်ရှားစွာသိနိုင်၏၊ သာမဏေဖြစ်ရန် သရဏဂုံသည် အရေးအကြီးဆုံး ဖြစ်၍ ဆရာလုပ်သူသည် စောစောက သာမဏေလောင်းများအား လေးလေး စား

စား သင်ထားရမည်၊ သရဏဂုံကိုပေးခြင်းယူခြင်း၌ ဆရာ တပည့် နှစ်ဦးလုံးပီသမှ သာမဏေစစ် ဖြစ်မည်၊ တဦးဦးက မပီသ ချို့တဲ့ပါက သာမဏေစစ် မဖြစ်ဟု မှတ်ရမည်။

ထို့ကြောင့်—သာမဏေရ ပဗ္ဗဇ္ဇာ ပန ဥဘတောသုဒ္ဓိယာဝ ဝဋ္ဋတိ၊ နော ဧကတော သုဒ္ဓိယာ သစေ အာစရိယော ဝတ္တုံ သက္ကောတိ အန္တေဝါသိကော န သက္ကောတိ အန္တေဝါသိကောဝါ သက္ကောတိ အာစရိယော န သက္ကောတိ နဝဋ္ဋတိ သစေပန ဥဘတောပိ သက္ကောန္တိ ဝဋ္ဋတိ။

(မဟာဝါ ပဗ္ဗဇ္ဇကထာ)

ပန-ထင်ရှားအောင်ဆိုဦးအံ့၊သာမဏေရပဗ္ဗဇ္ဇာ-ရှင်သာမဏေပြုခြင်းသည်။ဥဘတောသုဒ္ဓိယာဝ-ဆရာတပည့်နှစ်ဦးပီသစင်ကြယ်မှသာလျှင်၊ ဝဋ္ဋတိ-အပ်၏၊ ဧကတော သုဒ္ဓိယာ-တဦးတည်း ပီသစင်ကြယ်ခြင်းသည်၊ နော ဝဋ္ဋတိ-မအပ်၊အာစရိယော-ဆရာသည်၊ ဝတ္တုံ-ဆိုခြင်းငှာ သစေ သက္ကောတိ-အကယ်၍ စွမ်းနိုင်သည်ဖြစ်အံ့၊ အန္တေဝါသိကော-ရှင်လောင်းတပည့်သည်၊ ဝတ္တုံ-ဆိုခြင်းငှာ၊ သစေ နသက္ကောတိ-အကယ်၍ မစွမ်းနိုင်သည် ဖြစ်အံ့၊ နဝဋ္ဋတိ-မအပ်၊ အန္တေဝါသိကော-ရှင်လောင်းအတွင်းနေ တပည့်သည်လည်း၊ ဝတ္တုံ-ဆိုခြင်းငှာ၊ သစေသက္ကောတိ-အကယ်၍ စွမ်းနိုင်သည် ဖြစ်ငြားအံ့၊ အာစရိယော-ဆရာသည်၊ ဝတ္တုံ-ဆိုခြင်းငှာ၊ သစေနသက္ကောတိ-အကယ်၍ မစွမ်းနိုင်သည်ဖြစ်အံ့၊ နဝဋ္ဋတိ-မအပ် ဥဘတောပိ-ဆရာတပည့်

နှစ်ဦးတို့သည်လည်း၊ဝတ္တုံ-ဆိုခြင်းငှာ သစေပနသက္ကောန္တိ အကယ်၍ စွမ်းနိုင်ကုန်သည် ဖြစ်အံ့၊ ဝဋ္ဋတိ-အပ်၏ဟု မိန့်ဆိုတော်မူခြင်းကြောင့် ဆရာတပည့်နှစ်ဦးစလုံး ပီသ သန့်ရှင်းမှ သာမဏေစစ် ဖြစ်မည်၊ ဆရာကဖြစ်စေ တပည့်က ဖြစ်စေ တဦးဦးက မပီသသော်ငြား နှစ်ဦးစလုံး မပီသသော်ငြား သာမဏေစစ်စစ်မဖြစ် သာမဏေ အစစ်အမှန် မဖြစ်ပါက သာသနာတော် တည်တံ့ တောက်ပြောင်ဘို့ မဆိုထားနှင့် သာသနာတော်၏ ဆူးငြောင့်ခလုတ်သဘွယ် အညစ်အကြေးသာ ဖြစ်လေသည်။

ကေစိပုဂ္ဂိုလ်တို့သည် ဒါယကာ ဒါယိကာမတို့၏အလိုကို ပြည့်စေ၍ ဖြစ်သလို ရှင်ပြုပေးနေကြသည်မှာ-(အံ့ဩဘွယ်ကောင်းလှ၏၊) သတိပြုကြပါကုန်။

သရဏဂုံပေးရာ၌ အချို့ဆရာလုပ်သူရဟန်းတို့သည် ရှင်လောင်းအား ဗုဒ္ဓံ သရဏံ ဟူ၍ငြား, ဂစ္ဆာမိ ဟူ၍ငြား, တပုဒ်-တပုဒ်စီငြား, အက္ခရာ တလုံးတလုံးစီငြား သုံးကြိမ် သုံးကြိမ်ချ၍ သရဏဂုံပေးကြရာ သရဏဂုံပေးသည် မမည်ပါ (ဂရုပြုကြပါလေ) ထို့ကြောင့်-

> "သစေ ဟိ ဧကပဒမ္ပိ ဧကက္ခရမ္ပိ ဥပ္ပဋိပါဋိယာ ဒေတိ၊ ဗုဒ္ဓံသရဏံယေဝဝါ တိက္ခတ္တုံ ဒတွာ ပုန ဣတရေသု ဧကေကံ တိက္ခတ္တုံ ဒေတိ အဒိန္နာနိ ဟောန္တိ သရဏာနိ။

ဟိသစ္စံ-ထိုစကားသည်မှန်၏ ဧကပဒမ္ပိ-တပုဒ်ကိုငြား၊ဧကက္ခရမ္ပိ-တလုံးတလုံးသောအက္ခရာကိုငြား၊ဥပ္ပဋိပါဋိယာ-

ပါဠိအစဉ်ချွတ်သဖြင့်၊ သစေဒေတိ-အကယ်၍ ပေးသည် ဖြစ်အံ့၊ ဝါ-တနည်းကား….ဗုဒ္ဓံသရဏံ ယေဝ-ဗုဒ္ဓံသရဏံ ကိုသာလျှင်၊ တိက္ခတ္တုံ-သုံးကြိမ် ဒတွာ-ပေး၍၊ပုန-တဖန်၊ ဧတရေသု-ဤဗုဒ္ဓံသရဏံမှ တပါးသော ဓမ္မံသရဏံ သံဃံ သရဏံတို့တွင်၊ ဧကေကံ-တခုတခုကို၊ တိက္ခတ္တုံ-သုံးကြိမ်၊ သစေဒေတိ-အကယ်၍ပေးသည်ဖြစ်အံ့၊ သရဏာနိ-သရဏ ဂုံ တို့သည်၊ အဒိန္နာနိ-မပေးအပ်ကုန်သည်၊ ဟောန္တိ-ဖြစ် ကုန်၏။ သရဏဂုံကို တပုဒ်စီ,တပုဒ်စီ တလုံးစီတလုံးစီ သုံး ကြိမ်သုံးကြိမ်ချ၍ ပါဠိအစဉ် ဖျက်ပေးခြင်းသည် သရဏဂုံ ပေးသည်မမည်။ (သတိပြု)။

မေး သရဏဂုံယူခြင်းသည် အဘယ်ကဲ့သို့ စိတ်ထား၍ ယူ ရပါသနည်း။

ဖြေ….ရှင်လောင်းများသည် ဘုရား, တရား, သံဃာဂုဏ် တော်များကို မှီ၍ ဆည်းကပ်ပါမည်ဟု အဓိဋ္ဌာန် ပဋိညာဉ်ဝန်ခံခြင်းပြုမှသရဏဂုံယူခြင်းမည်ပါသည်၊ ထိုကြောင့် ဆရာရဟန်းများက တပည့်သာမဏေ လောင်းများကို ရှင်မပြုမီ ရှေးမဆွ၌ ကျနအောင် ဆုံးမ ပြောဆိုပြရမည်၊ ရှင်ပြုပါလျက် သာမဏေ မဖြစ်ဘဲဖြစ်နေလျှင် အလှူရှင်လည်း အကျိုးယုတ် သာမဏေ လောင်းလည်း အကျိုး ယုတ်ခြင်းသည် ဆရာရဟန်း၏ အပြစ်သာဖြစ်သည်။ (ကုန်ရှုံးတော့ တခေါက်, ဂုံရှုံးတော့ သံသရာလုံး မှောက်မည်ကို သတိပြုပါလေ)။

## (၁၆) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

သာမဏေ များသည် ရဟန်းတော်ထံ၌ သရဏဂုံ ယူမှ သာလျှင် သာမဏေဖြစ်သည်၊ လူများမှာကား ဘယ်သူက ဘဲပေးသည်ဖြစ်စေ, မိမိကိုယ်တိုင် ဘုရားစသည့်အထံမှာ ယူ သည်ဖြစ်စေ, ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ မှိုဝဲဆည်း ကပ်ပါ၏-ပဋိညာဉ်ဝန်ခံစိတ်နှင့် ဆောက်တည်ပါက သရ ဏဂုံ တည်လေတော့၏။ (သတိပြုပါ)

**ရဟန်း ရှင်လူတို့ ဆောက်တည်နိုင်ရန်**
**သရဏဂုံ**

(၁) ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၂) စတုသစ္စပဋိဝေဓပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
စတုသစ္စပဋိဝေဓပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
စတုသစ္စပဋိဝေဓပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ၊

(၃) နိဗ္ဗာနပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
နိဗ္ဗာနပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
(နေ့စဉ် ဆောက်တည်ကြပါ)

(၁) ဇာတိပရိယန္တံ-ပဋိသန္ဓေနေရခြင်း ဘဝဆုံးသည် တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊သရဏံ-ကိုးကွယ်ရာဟူ ၍၊ တနည်း-သရဏံ-ကိုးကွယ် လည်းလျှောင်းပုန်းအောင်း ရာဟူ၍၊ ဂစ္ဆာမိ-မှိုဝဲဆည်းကပ်ပါ၏။

ဇာတိပရိယန္တံ-ပဋိသန္ဓေနေရခြင်း ဘဝဆုံးသည့်တိုင်အောင်၊ ဓမ္မံ-မဂ်လေးတန်,ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သောဆယ်ပါးသောတရားတော်မြတ်ကို၊ သရဏံကိုးကွယ်ရာဟူ၍၊ဝါ-ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်ပါ၏။

ဇာတိပရိယန္တံ-ပဋိသန္ဓေနေရခြင်း ဘဝဆုံးသည့်တိုင်အောင်၊ သံဃံ-သမုတိသံဃာ,အရိယာ သံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဝါ-ကိုးကွယ်လည်းလျောင်းပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်ပါ၏။

(၂) စတုသစ္စပဋိဝေဓပရိယန္တံ-သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိသည့် ဘဝဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာ ဘုရားကို၊ သရဏံ-ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်ပါ၏။

စတုသစ္စပဋိဝေဓပရိယန္တံ-သစ္စာလေးပါးတရားကို ထိုးထွင်း၍သိသည့် ဘဝဆုံးသည့် တိုင်အောင်၊ ဓမ္မံ-မဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ် လည်းလျောင်းပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်ပါ၏။

စတုသစ္စပဋိဝေဓပရိယန္တံ-သစ္စာလေးပါးတရားကို ထိုးထွင်း၍သိသည့် ဘဝဆုံးသည့် တိုင်အောင်၊ သံဃံ-သမုတိသံဃာ,အရိယာ သံဃာတော်မြတ် အပေါင်းကို၊ သရဏံ-ကိုးကွယ် လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှီဝဲဆည်းကပ်ပါ၏။

လယ်တီမဏ္ဍိုင်-၃

## (၁၈) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

(၃) နိဗ္ဗာနပရိယန္တံ-နိဗ္ဗာန်ရသည် ဘဝဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ် လည်းလျောင်းပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှိဝဲဆည်းကပ်ပါ၏။

နိဗ္ဗာနပရိယန္တံ-နိဗ္ဗာန်ရသည်ဘဝဆုံးသည့်တိုင်အောင် ဓမ္မံ-မဂ်လေးတန်,ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ-ကိုးကွယ်လည်းလျောင်းပုန်းအောင်းရာဟူ၍၊ဂစ္ဆာမိ-မှိဝဲဆည်းကပ်ပါ၏။

နိဗ္ဗာနပရိယန္တံ-နိဗ္ဗာန်ရသည်ဘဝဆုံးသည့်တိုင်အောင်၊ သံဃံ-သမုတိသံဃာ, အရိယာသံဃာတော်မြတ်ကို၊ သရဏံ-ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာဟူ၍၊ ဂစ္ဆာမိ-မှိဝဲဆည်းကပ်ပါ၏။

**သရဏဂုံ ဆောက်တည်ရခြင်းအကျိုး**

ယေကေစိ ဗုဒ္ဓံ သရဏံ ဂတာသေ၊<br>
နတေ ဂမိဿန္တိ အပါယဘူမိံ။<br>
ပဟာယ မာနုသံ ဒေဟံ၊<br>
ဒေဝကာယံ ပရိပူရေဿန္တိ။

ယေကေစိ-ခပ်သိမ်းကုန်သောသူတို့သည်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-လောကုတ္တရာသရဏဂုံဖြင့် ကိုးကွယ်ရာဟူ၍၊ ဂတာသေ-ဆည်းကပ်ကုန်၏၊ တေ-ထိုလောကုတ္တရာသရဏဂုံဖြင့် ဆည်းကပ်ကုန်သော သူတို့သည်၊ မာနုသံ ဒေဟံ-လူ့ဖြစ်သော ခန္ဓာကိုယ်ကို၊ ပဟာယ-စွန့်ပစ်ကုန်သည်ရှိသော်၊ အပါယ ဘူမိံ - အပါယ် လေးဘုံသို့၊ န

ဂမိဿန္တိ-မလားကုန်လတ္တံ့၊ ဒေဝကာယံ-နတ်၌ဖြစ်သော ခန္ဓာကိုယ်ကို၊ ပရိ ပူရေဿန္တိ-ပြည့်စေကုန်လတ္တံ့-ဟူ၍ ဟောတော်မူအပ်သည်နှင့်အညီ သရဏဂုံသုံးပါးကို သတိ သမ္ပဇဉ်ဖြင့် လေးလေးစားစား ကျင့်သုံး ဆောက်တည် သောသူတို့သည် အပါယ်လေးပါးသို့မလား တော့ဘဲ နတ် ပြည်၌ နတ်၏စည်းစိမ်ကိုသာ ခံစားရ၏-ဟု မိန့်တော်မူ သော်လည်း လူချမ်းသာ နတ်ချမ်းသာဟု ဆိုအပ်သော သုဂတိသမ္ပတ္တိ စည်းစိမ်ချမ်းသာတို့ကို ခံစားရပြီး နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၍ ရောက်နိုင်ကြောင်းကို ဖွင့် ပြ၍ ဟောတော်မူသေးသည်။

သရဏဂမနာနိသံသ ပြီး၏။

## ဆယ်ပါးသီလ ဆောက်တည်ရန်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာ ပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာ သယန မဟာ သယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၎င်း ဆယ်ပါးသီလကို သာမဏေများ ဆောက်တည်ပြီးလျှင် ဆရာရဟန်းက–"တိသရဏေန သဟ ဒသသာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ"။

တိသရဏေန–သရဏဂုံသုံးပါးနှင့်၊ သဟ–တကွ၊ ဒသသာမဏေရ ပဗ္ဗဇ္ဇာသီလံ–ဆယ်ပါးသော သာမဏေရှင်တို့၏ အကျင့်အလေ့ ဖြစ်သော၊ ဓမ္မံ–သိက္ခာပုဒ်တော် တည်းဟူသောတရားကို၊ သာဓုကံ–ကောင်းစွာ၊ ကတွာ–ပြု၍၊ အပ္ပမာဒေန–မမေ့မလျော့သော သတိသမ္ပဇဉ်ဖြင့်၊ သမ္ပာဒေထ–ပြည့်စုံကြကုန်တော့…ဟု ဆရာရဟန်းက ဆိုပြီးလျှင် ရှင်သာမဏေက အာမဘန္တေ…ဘန္တေ–အရှင်ဘုရား၊ အာမ–ပြည့်စုံစွာ ဆောက်တည်ပါမည်ဘုရား–ဟု ဆိုရမည်။

## ၎င်းနောက် ဥပဇ္ဈာယ်ယူရန်

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။
ဒုတိယမ္ပိ…ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။
တတိယမ္ပိ ‥ ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ။

ဘန္တေ-အရှင်ဘုရား၊ တွံ-အရှင်ဘုရားသည်၊ မေ-ဘုရားတပည့်တော်၏၊ ဥပဇ္ဈာယော-အပြစ်ကြီး, အပြစ်ငယ် အသွယ်သွယ်ကို ဆည်းတား ညွှန်ပြ သြဝါဒဖြင့် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာမြတ်သည်၊ ဟောဟိ-ဖြစ်တော်မူပါလော့… ဟု ဥပဇ္ဈာယ်ယူပြီးသော်-

ဆရာရဟန်းက…ပါသာဒိကေန သမ္ပာဒေထ။

ပါသာဒိကေန-ကြည်ညိုဘွယ်ကို ဆောင်သော ကိုယ်အမူအရာ နှုတ်အမူအရာနှင့်၊ သမ္ပာဒေထ-ပြည့်စုံစေကုန်လော။

တပါးတည်းဖြစ်မူ သမ္ပာဒေဟိ-ပြည့်စုံစေလော့ဟု ဆိုသည့်အခါ သာမဏေက… အာမဘန္တေ…ဘန္တေ-အရှင်ဘုရား၊အာမ-ပြည့်စုံအောင်နေပါမည်ဘုရားဟု ဆိုရမည်။

### ဆယ်ပါးသိလအနက်

၁၊ ပါဏာတိပါတာ-သေစေလိုသောစေတနာနှင့် သူတပါး၏အသက်ကို မိမိသတ်ခြင်း, သူတပါးကို သတ်စေခြင်းမှ၊ ဝေရမဏီ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံ

ရာပဋိပတ် သိက္ခာပုဒ်တော် အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၂၊ အဒိန္နာဒါနာ-အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးအပ်သော သူတပါး၏ဥစ္စာကို မိမိခိုးယူခြင်း, သူတပါးကိုခိုးယူစေခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ်သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၃၊ အဗြဟ္မ စရိယာ-သူနှစ်ယောက်တို့၏ တပ်ခြင်းတူသော မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင် ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာ ပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၄၊ မုသာဝါဒါ-မဟုတ်မမှန် ဘောက်ပြန် ချွတ်ယွင်းသောစကားကို ပြောဆိုခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

၅၊ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ-မေ့လျော့ ခြင်း၏အကြောင်း မူးယစ်စေတတ်သော သေရည် သေရက်ကို သောက်စားခြင်းမှ၊ ဝေရမဏိ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာဆောက်တည်ပါ၏။

၆၊ ဝိကာလဘောဇနာ-နေလွဲသောအခါ ယာဝကာလိကဟုဆိုအပ်သော ခဲဘွယ်ဘောဇဉ်ကို စားခြင်းမှ၊ ဝေ

ရမဏီ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာ ပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၇၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ-မိမိကခြင်း, သူတပါးကိုကစေခြင်း, မိမိသီဆိုခြင်း, သူတပါးကို သီဆိုစေခြင်း,မိမိတီးမှုတ်ခြင်း,သူတပါးကို တီးမှုတ်စေခြင်း,သာသနာတော်၏ ကြောင့် တံကျင် သဘွယ် ဖြစ်သော ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း တို့ကို ကြည့်ရှု နားထောင်ခြင်းမှ၊ ဝေရမဏီ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၈၊ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသန ဋ္ဌာနာ-ပန်းပန်ခြင်း,နံ့သာလိမ်းကျံခြင်း, နံ့သာအမှုန့်တို့ကို နိမ့်ရာအရပ်၌ ပြည့်စေသဖြင့် တန်ဆာ ဆင်ခြင်း၊ နံ့သာ ပြောင်းတို့ဖြင့် အရေအဆင်းကို တပ်ပွမ်းစေ၍ အတင့်အတယ် အပြေအပြစ် ပြုခြင်းမှ၊ ဝေရမဏီ-ကြဉ်ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ် သိက္ခာပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ-ဆောက်တည်ပါ၏။

၉။ ဥစ္စာ သယန မဟာ သယနာ - ပကတိ. လူတို့၏ တတောင့်ထွာထက် အခြေရှိသော မြတ်သော ညောင်စောင်း အင်းပျဉ်ဟုဆိုအပ်သော မြင့်သောနေရာ,အခြေ၌ သားရဲရုပ်တပ်သော ညောင်းစောင်း အင်းပျဉ်ဟု ဆိုအပ်သော ပလ္လင်တနေရာ, သားမွေးဖြင့် ပြုအပ်သော ဖြူသော အခင်းအစရှိသော မြတ်သောနေရာ၌နေခြင်းမှ၊ဝေရမဏီ-

ကြဉ်ရှောင် ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ် သိက္ခာ ပုဒ်တော်အကျင့်မြတ်ကို၊ သမာဒိယာမိ- ကောင်းစွာဆော် တည်ပါ၏။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ-ရွှေငွေ အသပြာ မာသကကိုမိမိခံယူခြင်း,သူတပါးကိုခံယူစေခြင်း၊လယ်ယာ စပါး ပတ္တမြားပုလဲစသော ရတနာတို့ကို မိမိခံယူခြင်း,သူ တပါးကို ခံယူစေခြင်း၊ လှူပါ၏ဟု အနီး၌ ထားအပ်သော ရွှေငွေအသပြာ မာသကကို ခံယူခြင်းမှ၊ ဝေရမဏီ-ကြဉ် ရှောင်ပါ၏၊ သိက္ခာပဒံ-ကျင့်ကြံရာပဋိပတ်သိက္ခာပုဒ်တော် အကျင့်မြတ်ကို၊ သမာဒိယာမိ- ဆောက်တည်ပါ၏။

## ရဟန်းသာမဏေတို့ ပစ္စဝေက္ခဏာ ဆင်ခြင်ရန်

**သင်္ကန်း၌ဆင်ခြင်ရန်**

> ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ယာ ဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာ တာယ ဍံသ မကသ ဝါတာတပ သရီသပ္ပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိကော ပိန ပဋိစ္ဆာဒနတ္ထံ။

ယောနိသော-အကြောင်းအားဖြင့်၊ပဋိသင်္ခါ-ပဋိသင်္ခါ ယ-ပညာဖြင့် ဆင်ခြင်၍၊ စီဝရံ-သင်္ကန်းကို၊ ပဋိသေဝါမိ- မှီဝဲပါ၏၊ သီတဿ-အအေးကို၊ ယာဝပဋိဃာတာယဝေ- ပယ်ဖျောက်ရုံငှာသာလျှင်၊ဥဏှဿ-အပူကို၊ ယာဝပဋိဃာ တာယဝေ-ပယ်ဖျောက်ရုံငှာသာလျှင်၊ဍံသမကသ-ဝါတာ

တပသရိသပ္ပသမ္ဖဿာနံ-မှက်,ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ အတွေ့တို့ကို၊ ယာဝပဋိဃာတာယဧဝ-ပယ်ဖျောက်ရုံငှာသာလျှင်၊ စီဝရံ-သင်္ကန်းကို၊ ပဋိသေဝါမိ-မှီဝဲပါ၏၊ ယာဝဟိရိကောပိနပဋိစ္ဆာဒနတ္ထံဧဝ-ဟိရိပဟု ဆိုအပ်သော အရှက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီး ငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာသာလျှင်၊ စီဝရံ-သင်္ကန်းကို ပဋိသေဝါမိ-မှီဝဲပါ၏။

**သင်္ကန်း၌ ဆင်ခြင်ပုံ**

စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ။
(ဝိသုဒ္ဓိမဂ်)

စီဝရံ - သင်္ကန်းကို၊ ပရိဘောဂေ, ပရိဘောဂေ-သုံးဆောင်တိုင်း,သုံးဆောင်တုန်း၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏။

စီဝရံ ကာယတော မောစေတွာ ပရိဘောဂေ။
(မဟာဋီကာ)

စီဝရံ-သင်္ကန်းကို၊ ကာယတော-ကိုယ်မှ၊ မောစေတွာ-လွတ်၍၊ ပရိဘောဂေ-သုံးဆောင်တိုင်း၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏။

သင်္ကန်းကို ဝတ်ရုံ သုံးဆောင်တိုင်း, သုံးဆောင်တိုင်း ကိုယ်မှလွတ်၍ ဝတ်ရုံကိုင်တွယ် သုံးဆောင်တိုင်း ဆင်ခြင်ရာ၏။

တံ ပညာပေတွာ သယနနိသီဒန စီဝရ ကုဋိကာ
ရာဒိဝသေနာပိ ပရိဘောဂဿ သင်္ဟောဒ္ဒဗ္ဗော။
(မဟာဋီကာ)

တံ-ထိုသက်န်းကို၊ ပညာပေတွာ-ခင်း၍၊သယနနိသီဒန စီဝရကုဋိကာရာဒိဝသေနာပိ-အိပ်ခြင်း,ထိုင်ခြင်း, သင်္ကန်း ကုဋိပြုခြင်းအစရှိသည်၏ အစွမ်းအားဖြင့်လည်း၊ ပရိဘော ဂဿ-သုံးဆောင် ခြင်း၏၊ သင်္ဟော-ရေတွက် ခြင်းကို၊ ဒဋ္ဌဗ္ဗော-မှတ်အပ်၏····ဟု မိန့်အပ်သည်နှင့်အညီ ဝတ်ရုံမှ သာလျှင် ပရိဘောဂမည်သည်မဟုတ်၊ ထိုသင်္ကန်းကိုခင်း၍ အိပ်ခြင်း, ထိုင်ခြင်း, သင်္ကန်း ကုဋိ (သင်္ကန်းကာ မိုးတဲ) ပြုခြင်း အစရှိသည်ကိုလည်း သုံးဆောင်ခြင်း ပရိဘောဂ ဖြင့် ရေတွက်ရကား ဆင်ခြင်ရမည်။

ဆင်ခြင်ပုံ····အချမ်း, အပူ, မှက်, ခြင်,ယင်, လေ,နေပူ, မြွေ,ကင်းသန်းတို့၏ ကိုက်ခဲခြင်း အတွေ့တို့ကို ပယ်ဖျောက် ခြင်း, အရှက်အကြောက်ဖျက်ဆီး၍ ကိုယ်အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းအကျိုးငှာ သင်္ကန်းကို ဝတ်ရုံသုံးဆောင်ပါ၏ ဟု ပညာဖြင့် အကျိုးအကြောင်းကို ရှုဆင်ခြင်မှ ပစ္စဝေက္ခ ဏာ ဆင်ခြင်သည်မည်၏။ ပါဠိရွတ်ရုံမျှနှင့် ပစ္စဝေက္ခဏာ မမည်ဟုမှတ်ပါ။

ထို့ကြောင့်-ပရိပုနပ္ပုန့် ဩဂါဟိတွာ ဇုက္ခဏံ ပစ္စ ဝေက္ခဏာ (ဝိနယာလင်္ကာရဋီကာ)··· ပရိပုနပ္ပုန့်-အဘန် ဘန်၊ ဩဂါဟိတွာ-ဉာဏ်ဖြင့် သက်ဝင်၍၊ ဇုက္ခဏံ-ရှုခြင်း သည်၊ ပစ္စဝေက္ခဏာ-ပစ္စဝေက္ခဏာမည်၏။

(ဆွမ်းစသည်၌နည်းအတိုင်း ဆင်ခြင်ပုံမှတ်)

## ဆွမ်း၌ နှလုံးသွင်း၍ ဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ န မဒါယ န မဏ္ဍနာယ န ဝိဘူသနာယ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဝိဟိံသုပရတိယာ ဗြဟ္မစရိယာနုဂ္ဂဟာယ ဣတိပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ယောနိသော-အကြောင်းအားဖြင့်၊ပဋိသင်္ခါ-ပဋိသင်္ခါယ-ပညာဖြင့် ဆင်ခြင်၍၊ပိဏ္ဍပါတံ-ဆွမ်းအစရှိသော အာဟာရကို၊ပဋိသေဝါမိ-မှီဝဲပါ၏၊ဒဝါယ-ရွာသူသားငယ်တို့ကဲ့သို့ မြူးတူးပျော်ပါး ကစားခြင်းငှာ၊ နေဝပဋိသေဝါမိ-မမှီဝဲပါ၊ မဒါယ-လက်ဝှေ့ လက်ပန်းသည် စသည်တို့ကဲ့သို့ အားပျူသော မာန်ယစ်ခြင်းငှာ၊ နပဋိသေဝါမိ-မမှီဝဲပါ၊ မဏ္ဍနာယ-နန်းတွင်းသူ ပြည့်တန်ဆာမ တို့ကဲ့သို့ အရေအဆင်း လှပတင့်တယ် ခြင်းငှါ၊ နပဋိသေဝါမိ-မမှီဝဲပါ၊ ဝိဘူသနာယ-ကျွမ်းသမား ကချေသည်တို့ကဲ့သို့ အသားအရေ ပြည့်ဖြိုးခြင်းငှာ၊ နပဋိသေဝါမိ-မမှီဝဲပါ ဣမဿ ကာယဿ-ဤရုပကာယ၏၊ယာဝ ဌိတိယာဧဝ-တည်ရုံငှာသာလျှင်၊ ယာဝယာပနာယ ဧဝ-မျှတရုံငှာသာလျှင်၊ယာဝ ဝိဟိံသုပရတိယာဧဝ-ဆာလောင်မွတ်သိပ်ခြင်းစသောပင်ပန်းခြင်း ငြိမ်းရုံငှာသာလျှင်၊ယာဝဗြဟ္မစရိယာ နုဂ္ဂဟာယ ဧဝ-သာသနဗြဟ္မစရိယ,မဂ္ဂဗြဟ္မစရိယနှစ်ပါးကိုချီးမြှောက်

ရှုံ၄ာသာလျှင်၊ ပိဏ္ဍပါတံ-ဆွမ်းအစရှိသော အာဟာရကို၊ ပဋိသေဝါမိ-မှီဝဲပါ၏၊ဣတိ ဣမိနာ ပိဏ္ဍပါတပစ္စဝေက္ခဏ်နေန-ဤသို့ ဆွမ်းအစရှိသော အာဟာရကိုမှီဝဲသဖြင့်၊ပုရာဏံ-အဟောင်းဖြစ်သော၊ ဝေဒနဉ္စ-ဆင်းရဲ ဝေဒနာကိုလည်း၊ ပဋိဟင်္ခါမိ-ပယ်ဖျောက်အံ့ နဝံ-အသစ်ဖြစ်သော၊ဝေဒနဉ္စ-ဆင်းရဲ ဝေဒနာကိုလည်း၊ န ဉပ္ပါဒေဿာမိ-မဖြစ်စေအံ့၊ မေ-ငါ့အား၊ယတြာစ-မျှတခြင်းသည်၎င်း၊ အနဝဇ္ဇတာစ-အပြစ်မရှိခြင်း သည်၎င်း၊ ဖာသုဝိဟာရောစ-ချမ်းသာစွာ နေရခြင်းသည်၎င်း၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ဣတိ-ဤသို့ နှလုံးပြု၍၊ ပိဏ္ဍပါတံ-ဆွမ်းအစရှိသော အာဟာရကို၊ ပဋိသေဝါမိ-မှီဝဲပါ၏။

**ဆွမ်းခံ၍ ဆင်ခြင်ပုံ**

ပိဏ္ဍပါတေ အာလောပေ အာလောပေ ပစ္စဝေက္ခိတဗ္ဗံ။

ပိဏ္ဍပါတေ- ဆွမ်းစားသော ရဟန်းသာမဏေအား၊ အာလောပေအာလောပေ-ဆွမ်းလုပ်တိုင်းဆွမ်းလုပ်တိုင်း၊ ပစ္စဝေက္ခိ တဗ္ဗံ-ဆင်ခြင် အပ်၏ ... ဟု မိန့်သောကြောင့် ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း ဆင်ခြင်ရမည် ၊အဘယ် ကဲ့သို့ ဆင်ခြင်ရမည်နည်းဟူမူ မြူးတူးပျော်ပါးခြင်း,မာန်ယစ်ခြင်း, အသားအရေ လှပပြည့်ဖြိုးခြင်းငှာ ဆွမ်းကိုမစားပါ၊ ဤကိုယ်ရူပကာယ၏ တည်ရုံ,မျှတရုံ,မွတ်သိပ်ခြင်းမှ ကင်းရုံ, သာသနာတော်၏ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယ

နှစ်ပါးကို ချီးမြှောက်ခြင်း အကျိုးငှာရင်း, အဟောင်းဖြစ်သောဝေဒနာကိုဖျောက်၍ အသစ်ဖြစ်သော ဝေဒနာမဖြစ်စေရန်အကျိုးငှာရင်း ဆွမ်းကိုမှီဝဲသုံးဆောင်ပါ၏ဟု ပညာဖြင့် နှလုံးသွင်းဆင်ခြင်ရမည်။

---

## ကျောင်း၌ ဆင်ခြင်ရန်

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ။

ယောနိသော-အကြောင်းအားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ-ပညာဖြင့်ဆင်ခြင်၍၊သေနာသနံ-အိပ်ရာနေရာကျောင်းကို၊ ပဋိသေဝါမိ-မှီဝဲပါ၏၊သီတဿ-အအေးကို၊ ယာဝပဋိဃာတာယဝေ-ပယ်ဖျောက်ရုံငှာသာလျှင် ဥဏှဿ-အပူကို၊ ယာဝပဋိဃာတာယဝေ-ပယ်ဖျောက်ရုံငှာသာလျှင်၊ဍံသ မကသဝါတာတပသရီသပ သမ္ဖဿာနံ-မှက်,ခြင်,ယင်,လေ,နေပူ,မြွေ,ကင်း,သန်းတို့၏ အတွေ့တို့ကို၊ ယာဝပဋိဃာတာယ ဝေ-ပယ်ဖျောက်ရုံငှာ သာလျှင်၊ သေနာသနံ-အိပ်ရာနေရာကျောင်းကို၊ပဋိသေဝါမိ-မှီဝဲပါ၏၊ယာဝ ဥတုပရိဿယ ဝိနောဒနပ္ပဋိသလ္လာနာရာမတ္ထံ ဝေ-ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်း ကမ္မဋ္ဌာန်း၏ အာရုံစိတ်ကို ကိန်းအောင်းမွေ့

သျှော်ခြင်း အကျိုးငှာသာလျှင်၊ သေနာသနံ-အိပ်ရာနေရာ ကျောင်းကို၊ ပဋိသေဝါမိ-မှီဝဲပါ၏။

**ကျောင်း အိပ်ရာနေရာ၌ ဆင်ခြင်ပုံ**

သေနာသနဉ္စ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ။ (ဝိသုဒ္ဓိမဂ်)

ပရိဘောဂေ ပရိဘောဂေတိ ပဝေသနေ ပဝေသနေ ပစ္စဝေက္ခိတဗ္ဗံ။ (မဟာဋီကာ)

ပရိဘောဂေ ပရိဘောဂေတိ ဥဒက ပတနတော ပဝေသနေသု နိသီဒနသယနေသုစ။

(ဝိနယာသင်္ဂဟဋ္ဌကထာ)

သေနာသနဉ္စ-ကျောင်းအိပ်ရာ နေရာကိုလည်း၊ ပရိဘောဂေ ပရိဘောဂေ-သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏။

ပရိဘောဂေ ပရိဘောဂေတိ-ဟူသည်ကား၊ ပဝေသနေ ပဝေသနေ-ဝင်တိုင်း ဝင်တိုင်း၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏။

ပရိဘောဂေ ပရိသောဂေတိ-ဟူသည်ကား၊ ဥဒကပတနတော-တံစက်ရေကျရာအရပ်မှ၊ ပဝေသနေသုစ-ဝင်ခြင်းတို့၌၎င်း၊ နိသီဒနသယနေသုစ-ထိုင်ခြင်းအိပ်ခြင်းတို့၌၎င်း၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏-ဟု မိန့်တော်မူသောကြောင့် ကျောင်း ကုဋီ အိပ်ရာ နေရာသို့ တံစက်ရေကျသောအရပ်

မှ အတွင်းသို့ ဝင်တိုင်း ဝင်တိုင်း ထိုင်တိုင်း အိပ်တိုင်း သေနာသန ပစ္စဝေက္ခဏာဆင်ခြင်ရမည်။

**ဆင်ခြင်ပုံ**

အချမ်း, အပူ, မှက်, ခြင်, ယင်, လေ, နေပူ, မြွေ,ကင်း, သန်းတို့ ကိုက်ခဲခြင်း တွေ့ထိခြင်းတို့ကို ပယ်ဖျောက်ခြင်း၊ ဥတုကြောင့်ဖြစ်သော ချမ်းပူဘေးရန်တို့ကို ပယ်ဖျောက်၍ စိတ်ကို ကမ္မဋ္ဌာန်း၌ ကိန်းအောင်းမွေ့လျော်ခြင်း အကျိုးငှာ ကျောင်းအိပ်ရာနေရာကို မှီဝဲသုံးဆောင်ပါ၏ဟု ပညာဖြင့် ဆင်ခြင်ရာ၏။

---

**ဆေး၌ ဆင်ခြင်ရန်**

ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇပရမတာယ။

ယောနိသော - အကြောင်း အားဖြင့်၊ ပဋိသင်္ခါ ပဋိသင်္ခါယ-ပညာဖြင့် ဆင်ခြင်၍၊ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ-အနာ၏ ဆန့်ကျင်ဘက် အသက်၏ အရံအတား တန်ဆာအဆောက်အဦဖြစ်သော ဆေးကို၊ ပဋိသေဝါမိ-မှီဝဲပါ၏၊ ဥပ္ပန္နာနံ-ဖြစ်းပြီး ဖြစ်ဆဲကုန်သော၊ ဝေယျာဗျာဓိကာနံ-ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော၊ ဝေဒနာနံ-ဆင်းရဲဝေဒနာတို့ကို၊ယာဝ ပဋိဃာတာယ ဧဝ-ပယ်ဖျောက်ရုံငှာသာလျှင်၊ ယာဝ အဗျာပဇ္ဇ ပရမတာယ ဧဝ-

အနာကြောင့်ဖြစ်သော ဆင်းရဲခြင်း၏ မရှိခြင်းအကျိုးငှာ သာလျှင်၊ ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရံ-အနာ၏ဆန့်ကျင်ဘက် အသက်၏အရံအတား တန်ဆာအဆောက်အဦ ဖြစ်သောဆေးကို၊ ပဋိသေဝါမိ-မှီဝဲပါ၏။

**ဆေး၌ဆင်ခြင်ပုံ**

ဘေသဇ္ဇ ပဋိဂ္ဂဟာနေ ဝိပရိဘောဂေပိ သတိ ပစ္စယတာဝ ဝဋ္ဋတိ။ (ဝိသုဒ္ဓိမဂ်)

ဘေသဇ္ဇပဋိဂ္ဂဟာနေ-ဆေးကိုခံယူခြင်း၌၊ဝိပရိဘောဂေပိ-ပိပါသ ဂေလညသဘောဖြင့် ဘောက်ပြန်၍ သုံးဆောင်ခြင်းသည်၊ သတိပိ-ရှိပါသော်လည်း၊ ပစ္စယတာဝ-ဆေးပစ္စည်းအဖြစ်ဖြင့်သာလျှင်၊ ဝဋ္ဋတိ-အပ်၏။

**ဤ၌ ခက်ဆစ်အဓိပ္ပါယ်**

ကာလိကလေးပါးဖြင့် ဝေဘန်ပြအံ့····ကာလိကသည် ယာဝကာလိက,ယာမလာလိက, သတ္တာဟကာလိက, ယာဝဇီဝကဟူ၍ လေးပါးအပြားရှိ၏၊ ထိုလေးပါးတွင် နံနက်အရုဏ်တက်က မွန်းတည့်အတွင်း အပ်သော ခဲဘွယ်ဘောဇဉ်တို့သည် ယာဝကာလိကမည်၏၊ မွန်းလွဲက အရုဏ်အတွင်းအပ်သော အဖျော်ရည်မျိုးသည် ယာမကာလိကမည်၏။ ခုနစ်ရက် အတွင်းအပ်သော ပျားရည်, တင်လဲစသော လျှက်အပ်သော ခဲဘွယ်မျိုးသည် သတ္တာဟကာလိကမည်၏။ တသက်လုံးအပ်သော ဆားစသောဆေးမျိုးဟူသမျှသည် ယာဝဇီဝကမည်၏။

ထိုလေးပါးသော ကာလိကတို့တွင် ယာဝ ကာလိက ပစ္စည်းကို သုံးဆောင်သောအခါ ပိဏ္ဍပါတ ပစ္စဝေက္ခဏာ ဖြင့် ဆင်ခြင်ရမည်၊ ကြွင်းသော ယာမကာလိက, သတ္တာဟ ကာလိက, ယာဝဇီဝကတို့ကို ပိပါသ-မွတ်သိပ်ခြင်း၊ ဂေလည-နာဖျားခြင်း အကြောင်းရှိခဲ့လျှင် ကာလပိကာလတို့ ၌ သုံးဆောင်တိုင်းသုံးဆောင်တိုင်း ဘေသဇ္ဇပစ္စဝေက္ခဏာ ဖြင့် ဆင်ခြင်ရမည်။

**ဆင်ခြင်ပုံ**

ဖြစ်ပြီးဖြစ်ဆဲ ဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန် သောဆင်းရဲဝေဒနာတို့ကို ပယ်ဖျောက်ခြင်း၊အနာကြောင့် ဖြစ်သော ဆင်းရဲဝေဒနာ၏မရှိခြင်းအကျိုးငှာ ဆေးပစ္စည်း ကို မှီဝဲပါ၏ဟု ပညာဖြင့် ဆင်ခြင်ရမည်။

**စကားချပ်** … လဘက်ရည် သောက်ခြင်းသည် အပ်…. မအပ်။

ကာလိကလေးပါးတို့တွင် ယာဝကာလိကနှင့် အကျုံး ဝင်သော လဘက်ရွက်ခြောက်ကို မီးနှင့်ချက်၍ လဘက် ရည်သောက်ခြင်းသည် အပ်ပါမည်လောဟူမူ-

သဗ္ဗ ပဏ္ဏရသောစေဝ ဌပေတွာ ပဏ္ဏဍာကဇံ
သီတောဒ မဒ္ဒိတာဒိစ္စပါကော ဝါ ယာမကာလိ
ကော။ (ခုဒ္ဒသိက္ခာ)

ပဏ္ဏဍာကဇံ-ဟင်းရွက်ကျက်ရည်ကို၊ဌပေတွာ-ထား၍၊ သဗ္ဗပဏ္ဏရသောစ-ခပ်သိမ်းသော အရွက်ရည်သည် ၎င်း၊

(၃၄) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

သီတောဒမန္ဒီတော-ရေအေး၌ နယ်အပ်သော်၎င်း၊ အာဒိစ္စပါကော ဝါ-နေပူ၌ ချက်အပ်သော်၎င်း၊ ယာမ ကာလိကော-ယာမကာလိကမည်၏ဟု ဆိုအပ်သည်နှင့်အညီ မီး၌ ချက်အပ်သော အရွက်ရည်ကိုထားပြီး ရေအေး နေပူ၌ ချက်အပ်သော အရွက်ရည်သာလျှင် ယာမကာလိက ဖြစ်၍ မွန်းလွဲ ညပိုင်း၌အပ်လေ၏။မီး၌ကျက်စေ၍ ချက်အပ်သော အရွက်ရည်သည် ယာမကာလိကမှ ပယ်အပ်၏ဟု ဆိုသောကြောင့် မီးနှင့် ချက်၍သောက်အပ်သော လဘက်ရည်ဖြစ်၍ လူတို့သည် လဘက်, လဘက်ရည်ကို နံနက်-ည ခဲဘွယ်အဖြစ်ဖြင့် ဧည့်ခံသုံးဆောင်ကြသော ဝတ္ထုဖြစ်ခြင်းကြောင့်၎င်း, အနုလောမအားဖြင့် ယာဝကာလိက၌ အကျုံးဝင်၍၎င်း, ရဟန်းသာမဏေတို့သည် လဘက်ရည်သောက်ခြင်းသည်မအပ်ဟုယူသင့်၏။ထိုကြောင့် ရှေးသိက္ခာကာမ လဇ္ဇီပေသလဖြစ်ကြသောဆရာမြတ်တို့သည် ဂိဟိပရိဘောဂဖြစ်၍၎င်း,မီးဖြင့်ချက်အပ်သော အရည်ဖြစ်၍၎င်း မအပ်ဟုယူတော်မူကြ၍ မသောက်ကြပေ။

## ခက်ဆစ် အဓိပ္ပါယ်

ဘုရားရှင်သည် ပစ္စည်းလေးပါးကို စားသောက် သုံးဆောင်သော ရဟန်းသာမဏေတို့သည် စားသောက် သုံးဆောင်တိုင်း သုံးဆောင်တိုင်း ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ရမည်ဟု ဟောတော်မူ၏။ထိုသို့ဟောတော်မူသောကြောင့် ပညာဖြင့် ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ စားသောက်ဝတ်ရုံ သုံးဆောင် နေထိုင်ကြသော ရဟန်း သာမဏေတို့

သည် ပစ္စယသန္နိဿိတသီလပျက်၍ ဇုဏ္ဏပရိဘောဂကြောင့် အပါယ်သို့ လားကြောင်းဖြစ်၏။

မေး….ပစ္စည်းကို သုံးဆောင်ခြင်း ပရိဘောဂသည် ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ….၁၊ ထေယျပရိဘောဂတမျိုး (ခိုး၍သုံးဆောင်ခြင်း)
၂၊ ဇုဏ္ဏ ပရိဘောဂ တမျိုး (ကြွေးတင်ခံ၍ သုံးဆောင်ခြင်း)
၃၊ ဒါယဇ္ဇပရိဘောဂတမျိုး (အမွေခံ၍သုံးဆောင်ခြင်း)
၄၊ သာမိပရိဘောဂ တမျိုး (အရှင်အဖြစ် သုံးဆောင်ခြင်း) အားဖြင့် လေးမျိုးရှိပါသည်။

**ပရိဘောဂလေးမျိုးရှင်းတမ်း**

ထေယျပရိဘောဂဖြစ်ပုံ….

၁။ သီလမရှိသော သီလမစင်ကြယ်သော အလဇ္ဇီဒုဿီလ ရဟန်း, သာမဏေတို့သည် ပစ္စည်းလေးပါးကို သုံးဆောင်ခြင်း၌ ခိုး၍ သုံးဆောင်သည် မည်သောကြောင့် ထေယျပရိဘောဂမည်၏။

**သီလကိုဝေဘန်ရာစကားချပ်**

မေး…သီလသည် ဘယ်နှစ်မျိုးရှိပါသနည်း။

ဖြေ…၁၊ ပါတိမောက္ခသံဝရသီလတမျိုး,
၂၊ ဣန္ဒြိယသံဝရသီလတမျိုး,
၃၊ အာဇီဝပါရိသုဒ္ဓိသီလတမျိုး,

၄၊ ပစ္စယသန္နိဿိတသီလတမျိုးအားဖြင့် လေးမျိုး ရှိပါသည်။

## သီလစိစစ်ချက်

ထိုလေးမျိုးတို့တွင်-

၁၊ အပါယဒုက္ခ သံသာရဒုက္ခတို့မှလွတ်စေတတ်သော နိဗ္ဗာန်သို့ဝင်ရာ ထံခါးဝနှင့်တူသော သိက္ခာပုဒ်တော်တို့၌ ကိုယ်နှုတ်ဖြင့်မလွန်ကျူးဘဲ စောင့်ရှောက်ကျင့်ကြံနေသော အကျင့်သီလသည် ပါတိမောက္ခ သံဝရသီလမည်၏။

၂၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဟု ဆိုအပ်သောပသာဒဒွါရခြောက်ပါးတို့သည် ရူပါရုံ,သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံဟု ဆိုအပ်သောအာရုံ ခြောက်ပါးတို့၌ တွေ့ကြုံ တိုက်ဆိုင်သောအခါ မငြိမကပ် မတွယ်တာ ကိလေသာ မဖြစ်အောင် စောင့်ရှောက် ကျင့်ကြံ၍နေသော အကျင့်အလေ့ သီလသည် ဣန္ဒြိယသံဝရ သီလမည်၏။

၃၊ ရောင်းဝယ်ဆေးကု ဗေဒင်ဟာယီ သစ်သီးပေးခြင်း စသော အနေသန ကုလဒူသက အစရှိသော သိက္ခာပုဒ် တော်တို့ကို လွန်ကျူး၍ အဓမ္မိယလဒ္ဓအားဖြင့် ရအပ်သော ဆွမ်းစသောပစ္စည်းတို့ကို ကြဉ်ရှောင်၍ ဓမ္မိယလဒ္ဓ-တရား သဖြင့် ရအပ်သော ဆွမ်းစသော ပစ္စည်းတို့ကိုသာ သုံး ဆောင် ကျင့်ကြံစောင့်ရှောက်၍နေခြင်းသီလသည်, ဝါ- အသက်မွေးခြင်းမှ စင်ကြယ်သောသီလသည် အာဇီဝပါရိ သုဒ္ဓိသီလမည်၏။

၄၊ ဆွမ်းအစရှိသော ပစ္စည်းတို့ကို ပစ္စဝေက္ခဏာ,ဝါ-ပညာဖြင့် ဆင်ခြင်၍ စားသောတ်သုံးဆောင်ကျင့်ကြံစောင့် ရှောက်နေသော အကျင့်သီလသည် ပစ္စယ သန္နိဿိတ သီလမည်၏၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲစားလျှင် ပစ္စယ သန္နိဿိတ သီလပျက်၏။

## ဣဏပရိဘောဂဖြစ်ပုံ

ပုရေဘတ္တ ပစ္ဆာဘတ္တ ပုရိမယာမေသုစဿ
အပစ္စဝေက္ခဏတော အရဏုဂ္ဂမနေဣဏပရိဘောဂ
ဋ္ဌာနေ တိဋ္ဌတိ။ ။(ဝိသုဒ္ဓိမဂ်, ဝိနယာလင်္ကာရ)

အဿ-ထိုပစ္စည်းလေးပါးကို သုံးဆောင်သော ရဟန်း သာမဏေအား၊ ပုရေဘတ္တ ပစ္ဆာဘတ္တပုရိမယာမေသုစ-နံနက်, ညချမ်း,ညဦးယာမ်အခါတို့၌လည်း၊ အပစ္စဝေက္ခဏတော-မဆင်ခြင်သော ရဟန်း သာမဏေအား၊ ဣဏပရိဘောဂဋ္ဌာနေ-ဣဏပရိဘောဂ အရာ၌၊ တိဋ္ဌတိ-တည်၏⋯ယနေ့ ဆွမ်းစသော ပစ္စည်းတို့ကို အရုဏ်မတက်မှီ နံနက်,ညနေ,ညဦးတို့၌ မဆင်ခြင်သောရဟန်းသာမဏေ တို့သည် ကြွေးခံသုံးစားသည်နှင့် တူသောကြောင့် ဣဏပရိ ဘောဂဖြစ်၏။

**သီလလေးမျိုးတို့တွင်**

သီလရှိသော ရဟန်းသာမဏေတို့သည် သတိသမ္ပဇာ ဖြစ်၍ရင်း, နားမလည်၍ရင်း, ပစ္စည်းလေးပါးတို့ကို ပစ္စ ဝေက္ခဏာ မဆင်ခြင်ဘဲ စားသောက်သုံးဆောင်ခြင်းသည် ဣဏပရိဘောဂဖြစ်၍ ပစ္စယသန္နိဿိတသီလ ပျက်၏။

## (၃၈) သာသနာ့အလင်းရောင် ရှင်ကျင့်စတ်သစ်

### ဣဏပရိဘောဂ အဓိပ္ပါယ်

ကြွေးတင်သောစားသုံးခြင်းကိုဣဏပရိဘောဂဆိုသည်။

ဣဏပရိဘောဂဖြစ်ပုံ လောကဥပမာ-

၁၊ ကြွေးရှင်ထံမှ ရရှိသောကြွေးကို နေ့ရက်အတိုင်းပြန်ဆပ်နိုင်သူတမျိုး။

၂၊ ကြွေးရှင်ထံမှ ရရှိသောကြွေးကို အတိုး အရင်းပွားထား၍ ပြန်မဆပ်နိုင်သူတမျိုးဟု နှစ်မျိုးမှတ်ပါ။

### သာသနာတော်၌ ကြွေးတင်မှု

၁၊ ယနေ့ စားသောက်သုံးဆောင်အပ်သောပစ္စည်းကို ယနေ့အရက်အတွင်း ပစ္စဝေက္ခဏာ ဆင်ခြင်၍ ကြွေးခံပြန်ဆပ်သူတမျိုး။

၂၊ စားသောက် သုံးဆောင်သမျှပစ္စည်းကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲနေသောရဟန်းသာမဏေသည် ၁-အလှူ၏အကျိုးကို ယုတ်လျော့စေခြင်း၊ ၂-တဏှာဂေဓ၊ ၃-သမ္မောဟ၊ ၄-မေဒ၊ ၅-ပမာဒဟူသော ကိလေသာအညစ်အကြေးတို့တိုးပွားစေ၍ ကြွေးခံ မဆပ်သောသူ တမျိုးဟု နှစ်မျိုးသေချာစွာ မှတ်ပါ။

**စကားချုပ်**····အချို့သော ရဟန်း သာမဏေ တို့သည် မိဘဆွေမျိုးစသောလူတို့ ပေးလှူအပ်သော သင်္ကန်း ဆွမ်းစသော ပစ္စည်းတို့ကို ကိုယ်ပိုင်ငါ့ပစ္စည်းဟု မှတ်ယူနေကြခြင်းသည် မှားသောအယူဆိုးကြီးသာဖြစ်သည်။

ထိုကြောင့်····ဂိဟိ ဒိန္နာပိ ဘဂဝတာ အနုညာတတ္တာ
ဘဂဝတော သန္တကာဝ ဟောန္တိ(ဝိသုဒ္ဓိမဂ်)

ဂိဟိဒိန္နာပိ-လူတို့ ပေးလှူအပ်သော ပစ္စည်းတို့ဖြစ်ကုန်သော်လည်း၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ အနုညာတတ္တာ-ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်၊ ဘဂဝတော-မြတ်စွာဘုရား၏၊ သန္တကာဝ-ဥစ္စာတို့သည် သာလျှင်၊ ဟောန္တိ-ဖြစ်ကုန်၏။

မိဘဆွေမျိုးစသော လူတို့ပေးလှူအပ်သော သင်္ကန်း, ဆွမ်း,ကျောင်း,ဆေး စသော ပစ္စည်းတို့သည် ဘုရားရှင်၏ ဥစ္စာပစ္စည်းသာဖြစ်၏၊ ရဟန်းသာမဏေတို့ကိုယ်ပိုင်ပစ္စည်း ဥစ္စာမဟုတ်ဟု မှတ်ပါ။

(ဂိဟိဒိန္နသန္တကံ ပဋိဂ္ဂဟကော ဉာဏယိကသဒိသော)
ဂိဟိဒိန္နသန္တကံ လူတို့ ပေးလှူအပ်သော ဥစ္စာကို၊ ပဋိဂ္ဂဟကော-ခံယူသော ရဟန်း သာမဏေသည်၊ ဉာဏယိကသဒိသော-ကြွေးမြီကို ခံယူသည်နှင့်တူ၏။

မည်သူက ပေးလှူသောပစ္စည်းကိုမဆို ခံယူသောရဟန်း သာမဏေတို့သည် ကြွေးခံယူသည်နှင့် တူသော ဉာဏပရိဘောဂ မှတ်ယူရမည်။ (သတိပြု)

ရဟန်းသာမဏေကပေးသော်လည်း အတူတူဟူ၍မှတ်။

၁၊ ယနေ့ စားသောက်သုံးဆောင်သော ဆွမ်းစသော ပစ္စည်းကို ယနေ့အရုဏ်မတက်မှီ ပစ္စဝေက္ခဏာ ဆင်ခြင်သော ရဟန်းသာမဏေသည် ယနေ့ကြွေးချေပြီး ယနေ့ပြန်ဆပ်သည့်သူနှင့်တူ၏။

၂၊ ယနေ့ စားသောက်သုံးဆောင်သော ဆွမ်းအစရှိသော ပစ္စည်းကို ပစ္စဝေက္ခဏာ မဆင်ခြင်သော ရဟန်းသာမဏေတို့သည် ကြွေးချေးပြီး ကြွေးကို အတိုးအရင်း ပွားထား၍ ပြန်မဆပ်သောသူနှင့်တူ၏။

**မှတ်ချက်**····နံပါတ် ၂ သည် ယနေ့ စားသောက်သုံးဆောင်သော ဆွမ်းစသောပစ္စည်းကို ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်းသည် ပစ္စယသန္နိဿိတသီလပျက်၏၊ သီလမရှိသောသူအား လှူသောဒါနကား····

၁၊ ဒက္ခိဏာဝိသုဒ္ဓိ-အလှူခံစင်ကြယ်ရမည်ဆိုသည့် အင်္ဂါချို့မှုကြောင့် လှူဒါန်းသောသူ၏အကျိုးကို ယုတ်လျော့စေခြင်း တပါး။

၂၊ ပစ္စည်းရလာသောအခါ ပစ္စဝေက္ခဏာဉာဏ်မသွင်းသောကြောင့် ပစ္စည်း၌ အကျိုးအကြောင်းစသည်ကို မသိခြင်း တွေဝေမှုသမ္မောဟတရားကြီးပွားလာခြင်း တပါး။

၃၊ မသိတွေဝေခြင်း သမ္မောဟတရားကြောင့် ပစ္စည်းလေးပါး၌ မက်မောခင်မင်မှု တဏှာဂေဓ ဖြစ်ပေါ်ခြင်း တပါး။

၄၊ ထိုတဏှာဂေဓတွင် မနေသေးဘဲ ပစ္စည်းလေးပါးပြည့်စုံမှုကြောင့် မာန်ယစ်ခြင်း မဒဖြစ်လာပြန်ခြင်းတပါး။

၅၊ မာန်ယစ်ခြင်း မဒကြောင့် ကုသိုလ်တရား၌ မေ့လျော့ခြင်း ပမာဒဖြစ်ပေါ်ခြင်းတပါး။ ဤဆိုအပ်ခဲ့ပြီးသော ကိလေသာ အညစ်အကြေး တွေသည် စားသောက်သုံးဆောင်သော သူ၌ကြွေးမြီတင်ခြင်းဟုဆိုရမည်။

**မှန်၏....**ထိုသမ္မောဟ တဏှာဂေဓစသောကိလေသာ အညစ်အကြေးတွေကို ရဟန်း သာမဏေ ပြုနေပါလျက် မပယ်မဖျက် မစင်ကြယ်ဘဲ ထပ်ခါ တိုးလာခြင်းတို့သည် လူ့ဒါန်းသောဒါနဝဋ္ဋမှ ဖြစ်ပေါ်တင်လာသော ကိလေသာကြွေး....ဇာဏပရိဘောဂဟုမှတ်ပါ။

ဘုရားရှင်က ပစ္စဝေက္ခဏာ လေးပုဒ်ဟောခဲ့ခြင်းသည် သမ္မောဟစသော ကိလေသာအညစ်အကြေး ကြွေးမတင်ရလေအောင် ဟောတော်မူခဲ့ခြင်း ဖြစ်ပါသည်။

## ဇာဏပရိဘောဂဖြစ်ပုံ

ကြွေးတင်နေသောသူသည် မိမိအလိုအတိုင်း လိုသောအရပ်သို့မသွားမလာရသလို ဇာဏပရိဘောဂ-ကြွေးယူသုံးစားသော ရဟန်း သာမဏေသည် သံသရာ လောကမှ မထွက်မြောက်နိုင်ဟု—

"ဧဝံ ဇာဏပရိဘောဂ ယုတ္တော လောကတော နိဿရိတုံ နလဘတိ"ဟု မဟာဋီကာ မိန့်တော်မူခဲ့၏။

ဧဝံ-ဤသို့၊ဇာဏပရိဘောဂယုတ္တော-ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းနှင့် ယှဉ်နေသော ရဟန်းသာမဏေသည်၊ လောကတော- သံသရာ လောကမှ၊ နိဿရိတုံ-ထွက်မြောက်ခြင်းငှာ၊ နလဘတိ-မရ။.... (နှစ်လုံးသွင်းဆင်ခြင်ပါ)

# (၄၂) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

## ဣရိယာပထရိုသောဂကြောင့် ဒုက္ကဋ်ဘိုသို့ ရောက်ပုံ

အပစ္စဝေက္ခိတွာ ပရိဘောဂံ ကတွာ ဟိ ကာလံ
ကုရုမာနော ဘိက္ခု ယက္ခ ပေတအတ္တဘာဝတော
န မုစ္စတိ၊ အပစ္စဝေက္ခိတပရိဘောဂေါ နာမေသ
ဝိသပရိဘောဂ သဒိသော (ဝိသုဒ္ဓိ ဘောဇန
ဇာတ်)

ဟိ-ထင်ရှားစွာ ပြဦးအံ့၊ အပစ္စဝေက္ခိတွာ-ပညာဖြင့် မဆင်ခြင်မူ၍၊ ပရိဘောဂံ-စားသောံခြင်းကို၊ ကတွာ-ပြု၍၊ ကာလံ-သေခြင်းကို၊ ကုရုမာနော-ပြုသော၊ ဘိက္ခု-ရဟန်းသည်၊ ယက္ခ ပေတ အတ္တဘာဝတော-ဘီလူး, ပြိတ္တာကိုယ်၏အဖြစ်မှ၊ နမုစ္စတိ-မလွတ်၊သေသော အပစ္စဝေက္ခိတပရိဘောဂေါနာမ-ဤပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းမည်သည်၊ ဝိသပရိဘောဂ သဒိသော-အဆိပ်ကို သုံးစားသည်နှင့်တူ၏။

မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ မိဘစသည်တို့ လှူဒါန်းသောပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ကြ၍ သေလွန်ကုန်သော ရဟန်းတို့သည် ဘီလူး, သားရဲ, သဘက်, ပြိတ္တာအဖြစ်မှ မလွတ်ကြကုန်။

ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ စားသောက် သုံးဆောင်ခြင်းသည် သေစေတတ်သောအဆိပ်ကို စားသုံးသည်နှင့် တူ၏။

သေစေတတ်သောအဆိပ်ကို ချစ်ကျွမ်းဝင်သော သူက ပေးသည်ဖြစ်စေ, မုန်းသောသူက ပေးသည်ဖြစ်စေ ဘယ်သူကပင်ပေးပေး, ပေးလို့ စားသောက် သုံးဆောင်ပါက သေရမည်ကေန်ဖြစ်သလို ထို့အတူ ပစ္စည်းလေးပါးကို မည်သည့်ပုဂ္ဂိုလ်က လှူသည်ဖြစ်စေ ပစ္စဝေက္ခဏာ ဆင်ခြင်၍ စားသောက်သုံးဆောင်ရမည်၊ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ စားသောက် သုံးဆောင်သော ရဟန်း သာမဏေတို့သည် သေသည်၏အခြားမဲ့၌ ဘီလူး,သားရဲ,ပြိတ္တာအဖြစ်မှမလွတ်နိုင်ဟု မိန့်တော်မူ၏။ (သံဝေဂရဘွယ်) ထို့ကြောင့်-

> တေ စတ္တာရော ပစ္စယေ အပစ္စဝေက္ခိတွာ ပရိဘုဥ္ဇမာနာ ယေဘုယျေန နိရိယ တိရစ္ဆာနယောနိတော နမုစ္စန္တိ၊ အပစ္စဝေက္ခိတွာ ပရိဘောဂေါနာမ ဟလာဟလ ဝိသပရိဘောဂ သဒိသော။
>
> (လိင်္တတ္ထဇာတ်)

စတ္တာရော-လေးပါးကုန်သော၊ တေပစ္စယေ-ထိုပစ္စည်းတို့ကို၊ အပစ္စဝေက္ခိတွာ-မဆင်ခြင်မူ၍၊ ပရိဘုဥ္ဇမာနာ-စားသုံးသော ရဟန်း သာမဏေတို့သည်၊ ယေဘုယျေန-များသောအားဖြင့်၊နိရိယတိရစ္ဆာနယောနိတော-ငရဲတိရစ္ဆာန်ဘဝမှ၊နမုစ္စန္တိ-မလွတ်ကုန်၊အပစ္စဝေက္ခိတွာ-မဆင်ခြင်မူ၍၊ ပရိဘောဂေါနာမ-စားသောက်သုံးဆောင်ခြင်းမည်သည်၊ ဟလာဟလဝိသပရိဘောဂသဒိသော- လတ်တလောသေစေ့တတ်သောအဆိပ်ကို စားသောက် သုံးဆောင်သည်နှင့် တူ၏။ (ကြောက်ဘွယ်ကောင်းလှ၏။)

## ဉာဏပရိဘောဂကြောင့် သန်းပြိတ္တာဖြစ်ပုံ

သံချေးသည် သံမှဖြစ်၏၊ သံမှဖြစ်သော သံချေးသည် သံကိုဖျက်သကဲ့သို့ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ စားသောက်သုံးဆောင်သော ရဟန်းသာမဏေတို့သည် စားသောက်သုံးဆောင်သောဉာဏပရိဘောဂအညစ်အကြေးအကုသိုလ်ကံကြွေးက စားသောက်သုံးဆောင်သောရဟန်းသာမဏေကိုသာ ပြိတ္တာဘုံသို့ရောက်စေသည်။

အယသာဝ မလံ သမုဋ္ဌာယ၊
တတုဋ္ဌာယ တံယေဝ ခါဒတိ။
ဧဝံ အတိဓောနစာရိနံ၊
သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။ (ဓမ္မပဒ)

မလံ-အညစ်အကြေး သံချေးသည်၊ အယသာဝ-သံမှသာလျှင်၊ သမုဋ္ဌာယ-ဖြစ်၍၊ တတော-ထိုသံမှ၊ ဥဋ္ဌာယ-ထ၍၊ တံယေဝ-ထို သံကိုသာလျှင်၊ ခါဒတိယထာ-စားသကဲ့သို့၊ ဧဝံတထာ-ထို့အတူ၊ အတိဓောနစာရိနံ-ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာကိုလွန်၍ ကျင့်သော ရဟန်းကို၊ သာနိကမ္မာနိ-မိမိအမှု အကုသိုလ် ကံတရားတို့သည်၊ ဒုဂ္ဂတိံ-ဒုဂ္ဂတိဘဝသို့၊ နယန္တိ-ဆောင်ကုန်၏။

တိဿမထေရ်သည် သင်္ကန်း၌ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သမ္မောဟ, တဏှာဂေဓေသည်ဖြင့် စွဲလမ်းသော ဉာဏပရိဘောဂ ကိလေသာအညစ်အကြေးကြောင့် အရှင်တိဿရဟန်း စုတေသော် သင်္ကန်း၌ သန်းပြိတ္တာဖြစ်ရ၏။

**သံဝေဂယူဘွယ်**....ဘုရားရှင် ရွှေလက်ထက် တော်၌ပင်လျှင် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ စားသောက်သုံးဆောင်သောရဟန်းတို့သည် ငရဲ, တိရစ္ဆာန်, သဘက်, ပြိတ္တာတို့ဖြစ်ရလျှင် ယခု သာသနာတဝက်ကျော်သောခေတ်၌ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲစားသောက်မိ၍ ငရဲ,တိရစ္ဆာန်, သူရဲ, သဘက်, ပြိတ္တာတို့ဖြစ်သောဇာတ်လမ်းကို ရှုမျှော်ကြည့်လိုက်လျှင် ရင်လေးဘွယ်ရာဖြစ်တော့၏။

(ဈဏပရိဘောဂမှတ်ဘွယ်ပြီး၏။)

---

### ဒါယဇ္ဇ ပရိဘောဂဖြစ်ပုံ

သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့ ပစ္စည်း လေးပါးကို စားသောက် သုံးဆောင်ခြင်းသည် အမွေခံအဖြစ်ဖြင့် သုံးဆောင်သည်မည်သောကြောင့် ဒါယဇ္ဇပရိဘောဂမည်၏။

အဘယ်ကြောင့်ဆိုသော် သေက္ခပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏သားတော်အစစ်ဖြစ်၍ ဘုရားရှင်၏ပစ္စည်းကို အမွေခံအဖြစ်ဖြင့် ခံယူထိုက်သောကြောင့် အမိအဘတို့၏ပစ္စည်းကို သားသမီးများအမွေခံထိုက်သကဲ့သို့ မှတ်လေ။

### သာမိပရိဘောဂ ဖြစ်ပုံ

ရဟန္တာပုဂ္ဂိုလ်တို့ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် အရှင်အဖြစ်ဖြင့် သုံးဆောင်သည်မည်သောကြောင့် သာမိပရိဘောဂမည်၏။ ရဟန္တာပုဂ္ဂိုလ်တို့သည် တဏှာ

ကိလေသာကျွန်မှ လွတ်မြောက်၍ အရှင်သခင်နှင့် တူသော ကြောင့်မှတ်။

သီလနှင့်ပြည့်စုံသော ပုထုဇဉ်ရဟန်းသာမဏေတို့သည် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ စားသောက် သုံးဆောင်ပါမူကား သေက္ခပုဂ္ဂိုလ်တို့ကဲ့သို့ ဒါယဇ္ဇ ပရိ ဘောဂဖြင့် စားသောက်သုံးဆောင်သည်မည်၏ဟုမှတ်ပါ။

တတ္ထ အသဏ္ဌောဏ္ဌေနာတိ ယထာဝုတ္တကာလ
ဝီတိဝတ္တေ ကေဝလံ ဒိဝသေ စတုက္ခတ္တုံ
တိက္ခတ္တုံ ဒွိက္ခတ္တုံ သကိံယေဝ ပစ္စဝေက္ခိတဗ္ဗံ။
(ဝိနယာလင်္ကာရဋီကာ)

တတ္ထ အသဏ္ဌောဏ္ဌေ နာတိ - တတ္ထ အသဏ္ဌောဏ္ဌေန ဟူသည်ကား၊ ယထာဝုတ္တကာလ ဝီတိဝတ္တေ-အကြင် ဆိုအပ်ပြီးသောကာလအထူး၏ အစွမ်းအားဖြင့်၊ ကေဝလံ ဒိဝသေ-စားသောက်သော တနေ့တည်း၌၊ စတုက္ခတ္တုံ ဝါ-လေးကြိမ်ရင်း၊ တိက္ခတ္တုံဝါ-သုံးကြိမ်ရင်း၊ဒွိက္ခတ္တုံဝါ- နှစ်ကြိမ်ရင်း၊ သကိံယေဝ-တကြိမ်သာလျှင်ရင်း၊ ပစ္စဝေက္ခိ တဗ္ဗံ-ဆင်ခြင်အပ်၏။

အကြင် ရဟန်းသာမဏေ တို့သည် ပစ္စည်းလေးပါးကို စားသောက် သုံးဆောင်တိုင်း ပစ္စဝေက္ခဏာ ဆင်ခြင်၍ စားသောက်သုံးဆောင်ရမည်၊အကယ်၍ စားသောက် သုံး ဆောင်တိုင်း မဆင်ခြင်နိုင်သည် ရှိသော် အရုဏ်မတက်မီ တနေ့တည်း၌ လေးကြိမ်သော်ရင်း သုံးကြိမ်သော် ရင်း

နှစ်ကြိမ်သော်ငြင်း တကြိမ်သော်ငြင်း ဆင်ခြင်ရမည်၊ မဆင်ဆင်သဲ မနေအပ်ဟုမှတ်။

တနည်း ... ပဋ္ဌဝီလာဘကာလေပိ ဟိ ဓာတုဝသေနဝါ ပဋ္ဌိကူလဝသေနဝါ ပဋ္ဌိဝေက္ခိတွာ ထပိတာနိ စီဝရာဒိနိ-စသည်။ ။(ဝိသုဒ္ဓိမဂ်)

ဟိ-ဆင်ခြင်ဘွယ်တနည်းကို ဆိုဦးအံ့၊ ပဋ္ဌဝီလာဘကာလေပိ-သင်္ကန်းစသော ပစ္စည်းကို ရသောအခါ၌၊ ဓာတုဝသေနဝါ-ဓာတ်လေးပါး၏ အစွမ်းအားဖြင့်ငြင်း၊ပဋိကူလဝသေနဝါ-စက်ဆုပ်ဘွယ်ရာဟူသော သညာ၏ အစွမ်းအားဖြင့်ငြင်း၊ထပိတာနိ-ထားအပ်ကုန်သော၊စီဝရာဒိနိ-သင်္ကန်းစသည်တို့ကို၊ ပဋ္ဌိဝေက္ခိတွာ-ဆင်ခြင်၍။

ဓာတ်သဘောသည် ရဟန်းရှင်လူတို့နှင့် ဆက်ဆံ၏၊ ပစ္စည်းလေးပါးတို့ကို ဓာတ်ဖြင့် ဆင်ခြင်ပုံမှာ....သင်္ကန်းစသော ပစ္စည်းသည် ခက်မာခြင်း-ပထဝီဓာတ်,ဖွဲ့စည်းခြင်းအာပေါဓာတ်,ပူအေးခြင်း-တေဇောဓာတ်, ထောက်ကန်လှုပ်ရှားခြင်း-ဝါယောဓာတ် သဘောပါတကားဟု ဆင်ခြင်ရမည်။

လေးပါးသော ဓာတ်သဘောသည်-

၁၊ ဖြစ်ခြင်းပျက်ခြင်းရှိသည့်အဖြစ်၊

၂၊ တခဏမျှ တည်သည့်အဖြစ်၊

၃၊ ဘောက်ပြန်ခြင်းရှိသည်၏အဖြစ်၊

၄၊ မမြဲသော သဘောရှိသည်၏ အဖြစ်ကြောင့် အနိစ္စပါတကား။

၁၊ ခက်မာပုလောင်ခြင်းစသော သဘော။
၂၊ သည်းခံနိုင်ခဲခြင်းသဘော။
၃၊ ဆင်းရဲဒုက္ခ၏တည်ရာသဘော။
၄၊ ချမ်းသာသုခကို ပယ်ဖျောက်တတ်သော သဘောကြောင့် ဒုက္ခပါတကား။
၁၊ ကိုယ်မဟုတ်ခြင်း။
၂၊ အနှစ်မရှိခြင်း။
၃၊ အလိုသို့မလိုက်ခြင်း။
၄၊ အတ္တမှ ဆိတ်ခြင်း သဘောကြောင့် အနတ္တ-ကိုယ်မဟုတ်ပါတကားဟု အတိုချုပ်ဆင်ခြင်ရမည်။

**ဆောင်ပုဒ်**

**ခက်မာ, ပူ, အေးဖွဲ့, စေးမထောက်ကန်၊ ဤလေးထန်၊ ကောန်မာတ်သဘော။**

ပစ္စည်းလေးပါးကို တဏှာ, မာန, ဒိဋ္ဌိအားဖြင့် မစွဲလမ်းရန် ဓာတ်သဘောဖြင့် ဆင်ခြင်ရာ၏။

**ပဋိကူလအားဖြင့် ဆင်ခြင်ပုံ**

ဂမနာသေနာဘောဂါ အာသယာစ နိဓာနတော။
အပက္ကာစ ပက္ကာဖလာ၊ နိဿန္ဒတောစ မက္ခဏာ။
ဧဝံ ဒသဟာကာရေဟိ၊ ဋ္ဌကွေယျ ပဋိကူလတော။

ဂမနာစ-ဆွမ်းခံ သွားရခြင်းဖြင့် ၎င်း၊ သေနာစ-ရှာမှီးရခြင်းဖြင့်၎င်း၊ ဘောဂါစ-သုံးဆောင်ခြင်းဖြင့်၎င်း၊ အာသယာစ-တခြားစီဖြစ်တတ်သော သလိပ်သည်းခြေ သွေး

ပြည့် အာသယ လေးပါးအားဖြင့်၎င်း၊ နိဓာနတောစ-ရာရာ တည်ရာ အစာသစ်အိမ်အားဖြင့်၎င်း၊ အပက္ကာစ-မကျေ မကျက်သေးသော အားဖြင့်၎င်း၊ ပက္ကာစ-ကျေကျက်ပြီး သောအားဖြင့်၎င်း၊ နိဿန္ဒတောစ-သိုမှ ဤမှ ယိုစီးစိမ့် ထွက်သောအကျိုးဆက်အားဖြင့်၎င်း၊ မက္ခဏာစ-လူးလည်း ခြင်းအားဖြင့်၎င်း၊ ဧဝံ-ဤသို့၊ ဒသဟာကာရေဟိ-ဆယ် ပါးသော အခြင်းအရာတို့ဖြင့်၊ ပဋိကူလတာ-စက်ဆုပ်ရွံရှာ ထိုဘွယ်ရာ အဖြစ်ကို၊ ဇုဂ္ဂေယျ-တစိမ့်စိမ့်ကြည့်ရှု ဆင်ခြင် ပြုရာ၏။

## ဆယ်ပါးသော အခြင်းအရာတို့တွင်

**ဂမနာအားဖြင့် ဆင်ခြင်ပုံ**

(၁) မဟာနုဘော်၊ ရဟန်းတော်တို့၊ရွှင်ပျော်ညဉ့်လုံး၊ ကျင့်သုံးဓမ္မ၊ စောစောထ၍၊ စေတီယင်္ဂဏ၊ စသည့်ဝတ်မှု၊ မချွတ်ပြုကာ၊ ချိန်ခါလင့်ထ၊ အာသနဦး၊ တိံသဝီသာ၊ ဝါရာပတ်လုံး၊ ပိုက်ကြုံးစီးဖြန်း၊ သက်န်းသပိတ်၊ ပရိက္ခရာ၊ ယူဆောင်ခါလျှင်၊ သာယာပြန့်ဖြူး၊ ဆန်းထူးစိမ့်စုံ၊ ရဂုံ မြင်ဝ၊ ဝိဝေကကို၊ အာဟာရတွက်၊ မင့်ကွက်ဘဲ၊ စားမက် ရှာရေး၊ သုသာန်ပြေးသို၊ တောခွေးအလား၊ ရွာသို့သွား သော်၊ စဉ်အားရောက်အောင်၊ ကွင်းမရှောင်အပ်၊ အိမ် မြောင် ကြွက်ချေး၊ လင်းနို့ချေးနှင့်၊ ခိုချေးခွေးချေး၊ လူချေး ရှုံ့ဗွက်၊ ချောက်နက်သစ်ငုတ်၊ အကောင်ပုပ်ပြွမ်း၊ ဆွမ်းခံ လမ်းသို့၊ ကြိုးပန်းချီရ၊ တံခါးဝက၊ များလှဘေးကြမ်း၊ ခွေးကြမ်းနွားဆိုး၊ သေခြင်းဆိုးကြောင့်၊ ငုံ့လျှိုးမျက်နှာ၊

မနေသာခဲ့၊ မျှော်ကာကြည့်ရ၊ ပြန်ကာလလည်း၊ သေနယော၊ အာဟာဒရောသည်…အဟော စက်ဆုပ်ဘွယ်ပါတကား….။

**ပရိယေသန ဆင်ခြင်ပုံ**

(၂) အိုးကိုလက်စွဲ၊ ဖုန်းစားနဲ့သည်၊ ရှင်မွဲရှောင်ပြောက် အိမ်စဉ် လျှောက်၍၊ ညီးအောက် မျက်နှာ၊ ခွါရာ ရွှံ့ဗွက်၊ တင်ရောက် တက်သား၊ တဖက်ဖြင့်ကျ၊ တဖက်မတည်း၊ ကာလနွေမူ၊ လေဆောင်ယူသည်၊ ဖုံမြူမြက်မှိုက်၊ ကိုယ်၌ ရစ်ဝိုင်း၊ အိမ်ဝတိုင်း၌၊ ယင်ရိုင်းသဲသဲ၊ ငါးမဲပုပ်စပ်၊ ချွဲ, နှပ်, တံထွေး၊ လူသေးခွေးဘင် နွားမစင်က၊ စသည်များစွာ၊ ရွံ့ဘွယ်ရာကို၊ မှိတ်ခါချဉ်းကပ်၊ မှိုင်ခါရပ်လည်း၊ ပုပ်စပ်ကျန်ကြွင်း၊ ထမင်းမုံ့ဟောင်း ကောင်းမကောင်းကို၊ မလောင်းတချို့၊ လောင်းတချို့နှင့်၊ တချို့ကဆဲ ဦးပြဲရဟန်း၊ ဖိုချောင်ခန်းမှာ၊ ကျိုးကန်းသဘော၊ ရှာရမောသည်…. အဟော စက်ဆုပ်ဘွယ်ပါတကား။

**ပရိဘောဂ, အာသယ, နိဓာန သုံးပါးသင်ခြင်ပုံ**

(၃) စားမည်စိတ်၍၊ လက်၌မိမူ၊ မြွတ်ဘိသူကို၊ ဖိတ်လှူမတင့်၊ ပူရှိန်သင့်၍၊ ချွေးနှင့်စိုရွဲ၊ လက်ဆုပ်ထဲမှ၊ ချေခွဲတတန် အာသို့နှံ့သော်….ညီနံ့တံထွေး၊ ကြေးညစ်မြေးကို၊ လုံးထွေး ပေါင်းစု၊ ထောင်ထုဝါးလျှင်း၊ ခွေးစားကျင်းမှား၊ ထည့်ငွေ့စာသို့၊ ရှုရာမလှ၊ မမြင်ရလို့၊ မြိန်ကြနိုင်ပါ၊ မျိုသောခါလည်း၊ ဝင်ခါဆင်းလျှောက်၊ စာအိမ်ပေါက်သို့၊ မရောက်

ခင်သေး၊ ပြည့်သွေးသည်းချေ၊ သလိပ်တွေဟု၊ လေးထွေ အာသယ၊ ရောထဆင်ကွဲ၊ မွေးကနဲက၊ အနဲငယ်မျှ၊ မဆေး ရဘူး၊ လဲလူးရှုံ့ဘွယ် အိမ်ဝယ်တည်မော၊ အာဟာရော သည့်…အပေါစက်ဆုပ်ဘွယ်ပါတကား။

အပက္က,ပက္က,ဖလ သုံးပါး ဆင်ခြင်ပုံ

(၄) ရှာဒွန်းစကြား၊ တံခါးအတွက်၊ တစ်ပွက်သို့၊စက် ဆုပ်ဘွယ်ရာ မိုက်မဲစွာအား၊ အစာအိမ်ထဲ၊ ဟိုလဲ၍နေ့၊ စားသရွေ့ကို၊ ပေါင်းပွေစုလျက်၊ ခတ်မီးချက်၍၊ ဖရဘုက် အူ၊ ကျိုက်ကျိုက်ဆူပွ၊ အမြုပ်ထလျက်၊ ဦးခေါင်းသက်၍၊ ချက်ခြစ်ကျောက်ဘုန်း၊ ဥအဆုံးဟု၊ ပတုန်းပိတ်ဝယ်၊ ကျင် ငယ်ကျင်ကြီး၊ ဖြစ်ထပြီးလေ ကောင်းစွာကြေက၊ ကေသာ လောမာ၊ စသည်ယောယု၊အပုပ်စုကို၊ ငြိမှုစေပါ၊ မကြေ ခါမူ၊ နူနာစိုရွှဲ၊ ပွေး,ဝဲအစ၊ ရာဂကသည့် ဖလရောဂေါ၊ ဖြစ်စေသောကြောင့် ‥ အပေါစက်ဆုပ်ဘွယ်ပါတကား။

နိဿန္ဒဆင်ခြင်ပုံ

(၅) ဝမ်းမြောက်ရွှင်ပြုံ၊ လူပုံလယ်မှာ၊ တင့်တယ်ဘိ ခြင်း၊ တခံတွင်းက သွင်းသည့်အစာ၊ တည့်ကြာလျှင်၊ မျက်နှာညှိုးမှိုတ်၊ နှာခေါင်းပိတ်၍၊ လူဆိတ်ကွယ်ရာ၊ စွန့်ရ ရှာသည်၊ကြည့်ကာတောင်မြောက်၊ ကိုးပေါက်ဒွါရ၊အမာ ဇ္ဇက၊ ယိုကျဖျင်းဖျင်း၊ ဆံမွေးတွင်းက၊ သက်ဆင်းကျလျှော၊ အာဟာရောသည့်….အပေါစက်ဆုပ်ဘွယ် ပါတကား။

**သမ္မက္ခဏာအားဖြင့် ဆင်ခြင်ပုံ**

(၆) စားသောအခါ၊ ခံတွင်းမှာလည်း၊ ရွှံ့ရှာမသိ၊ ထွက်ပြန်ဘိလည်း၊ တစိပွက်တွင်း၊ ချက်ထမင်းမှ၊ အမြှုပ်ထ၍၊ ဝါဠ-နှုတ်ခမ်း၊အိုးနှုတ်ခမ်းမှာ၊ လူးလဲပါသို့၊ ကိုးဒွါရပေါက်၊ ဆံမွေးပေါက်မှ၊ စီးလျှောက်ယိုကျ၊ ခေဠမျက်ချေး၊ နှပ်စေးနဖာ၊ သွားမှာသွားမြေး၊ ညစ်ကြေးမစင်၊ ကျင်ငယ်ဘင်သို့၊ ဝန်းကျင်လိမ်းကပ်၊ ရေသုံး သပ်လည်း၊ ကြွတ်ကြွတ်မပြယ်၊ မစင်ကြွယ်၍၊ ထွီဘွယ်သဘော၊ အာဟာရောသည်....အဟော စက်ဆုပ်ဘွယ်ပါတကား။

ပစ္စဝေက္ခဏာ အလုံးစုံ ပြီး၏။

---

# လိင်ဆယ်ပါး ပါဠိ-အနက်

ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော၊ ပါဏာတိပါတီ ဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ အဗြဟ္မစာရီ ဟောတိ၊ မုသာဝါဒီ ဟောတိ၊ သုရာမေရယမဇ္ဇပါယီ ဟောတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ မိစ္ဆာဒိဋ္ဌိကော ဟောတိ၊ ဘိက္ခုနိဒူသကော ဟောတိ၊ ဣမေဟိခေါ ဒသဟင်္ဂေဟိ သမန္နာဂတော သာမဏေရော နာသေတဗ္ဗော။

ဒသဟိ-ဆယ်ပါး ကုန်သော၊ အင်္ဂေဟိ - အကြောင်း အင်္ဂါတို့နှင့်၊ သမန္နာဂတော-ပြည့်စုံသော၊ သာမဏေရော-သာမဏေကို၊ နာသေတဗ္ဗော-လိင်ပြန်စေအပ်၏၊ ပါဏာတိပါတီ-သူ့အသက်ကိုသတ်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ အဒိန္နာဒါယီ-အရှင်မပေးသောသူတပါးဥစ္စာကိုခိုးယူလေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ အဗြဟ္မစာရီ-မမြတ်သောမေထုန်အကျင့်ကို ကျင့်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ မုသာဝါဒီ-မဟုတ်မမှန်သောစကားကိုပြောဆိုလေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ သုရာမေရယမဇ္ဇပါယီ-မေ့လျော့ခြင်း၏အကြောင်းဖြစ်သောသေရည်သေရက်ကို သောက်လေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ ဗုဒ္ဓဿ-မြတ်စွာဘုရား၏၊ အဝဏ္ဏံ-ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကို၊ ဘာသတိ - ပြောဆို၏၊ ဓမ္မဿ-တရားတော် မြတ်၏၊ အဝဏ္ဏံ - ကျေးဇူးမဲ့ ကဲ့ရဲ့သော စကားကို၊ ဘာသတိ - ပြောဆို၏။ သံဃဿ - သံဃာတော်မြတ်၏၊ အဝဏ္ဏံ - ကျေးဇူးမဲ့ကဲ့ရဲ့သော စကားကို၊ ဘာသတိ-ပြောဆို၏၊ မိစ္ဆာ ဒိဋ္ဌိကော-မှားသော အယူရှိသည်၊ ဟောတိ-ဖြစ်၏၊ ဘိက္ခုနိဒူသကော-ဘိက္ခုနီမကို ဖျက်ဆီးသည်၊ ဟောတိ-ဖြစ်၏၊ ဒသဟိ-ဆယ်ပါး ကုန်သော၊ ဣမေဟိခေါ အင်္ဂေဟိ-ဤ အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာဂတော - ပြည့်စုံသော၊ သာမဏေရော-သာမဏေကို၊ နာသေတဗ္ဗော-လိင်ပြန်စေအပ်၏။

လိင်ဆယ်ပါး ပါဠိ-အနက် ပြီး၏။

# ဒဏ်ဆယ်ပါး ပါဠိ-အနက်

ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ၊ ဝိကာလဘောဇနော ဟောတိ၊ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနော ဟောတိ၊ မာလာ ဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော ဟောတိ၊ ဥစ္စာသယန မဟာသယနော ဟောတိ၊ ဇာတရူပ ရဇတပ္ပဋိဂ္ဂဟဏော ဟောတိ၊ ဘိက္ခူနံ အလာဘာယ ပရိသက္ကတိ ဘိက္ခူနံ အဝါသာယ ပရိသက္ကတိ ဘိက္ခူနံ အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခူ အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခူ ဘိက္ခူဟိ ဘေဒေတိ-ဣမေဟိ ခေါ ဒသဟင်္ဂေဟိ သမန္နာဂတဿ သာမဏေရဿ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။

ဒသဟိ-ဆယ်ပါးကုန်သော၊ အင်္ဂေဟိ အကြောင်းအင်္ဂါတို့နှင့်၊ သမန္နာ ဂတဿ-ပြည့်စုံသော၊ သာမဏေ ရဿ-သာမဏေအား၊ ဒဏ္ဍကမ္မံ-သဲဒဏ်ရေဒဏ်ပေးခြင်းအမှုကို၊ ကာတဗ္ဗံ-ပြုအပ်၏၊ ဝိကာလဘောဇနော-နေလွဲညစာ စားလေ့ရှိသည်၊ ဟောတိ ဖြစ်၏၊ နစ္စဂီတဝါဒိတ ဝိသူကဒဿနော-ကခြင်း သီခြင်း တီးမှုတ်ခြင်းတို့ကိုကြည့်ရှုနားထောင်ခြင်း အလေ့ရှိသည်၊ ဟောတိ-ဖြစ်၏၊ မာလာဂန္ဓဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနော-ပန်းပန်ခြင်း နံ့သာလိမ်းခြင်း နံ့သာပြောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုလေ့ရှိ သည်၊ ဟောတိ-ဖြစ်၏၊ ဥစ္စာသယနမဟာသယနော-မြင့်

သောနေရာ မြတ်သောနေရာတို့၌နေလေ့ရှိသည်၊ဟောတိ-ဖြစ်၏၊ ဇာတရူပရဇတပဋိဂ္ဂဟဏော-ရွှေငွေဒင်္ဂါးပိုက်ဆံကို ကိုင်ခံလေ့ရှိသည်၊ဟောတိ-ဖြစ်၏၊ဘိက္ခုနံ့-ရဟန်းတို့အား၊ ဒဿာဘာယ-လာဘ်မရစိမ့်သောငှာ၊ ပရိသက္ကတိ-အားထုတ်၏၊ ဘိက္ခုနံ-ရဟန်းတို့အား၊ အဝါသာယ - နေရာမရစိမ့်သောငှာ၊ ပရိသက္ကတိ - အားထုတ်၏၊ ဘိက္ခုနံ-ရဟန်းတို့အား၊ အနတ္ထာယ-အကျိုးမဲ့ဖြစ်စိမ့်သောငှာ၊ ပရိသက္ကတိ-အားထုတ်၏၊ဘိက္ခု-ရဟန်းတို့ကို၊အက္ကောသတိ-ဆဲရေး၏၊ ပရိဘာသတိ-ခြိမ်းခြောက်၏၊ ဘိက္ခု-ရဟန်းတို့ကို၊ ဘိက္ခုဟိ-တပါးသော ရဟန်းတို့နှင့်၊ ဘေဒေတိ-ကွဲပြားအောင် ကုန်းတိုက်၏၊ ဒသဟိ-ဆယ်ပါးကုန်သော၊ ဋ္ဌမေဟိခေါ အင်္ဂေဟိ-ဤအကြောင်း အင်္ဂါတို့နှင့်၊သမန္နာဂတဿ-ပြည့်စုံသော၊ သာမဏေ ရဿ-သာမဏေအား၊ ဒဏ္ဍကမ္မံ-သဲဒဏ် ရေဒဏ်ပေးခြင်းအမှုကို၊ ကာတဗ္ဗံ-ပြုအပ်၏။

အထူး····ဒဏ်ဆယ်ပါးသည် သာမဏေများသာ အပြစ်ရောက်သည်မဟုတ် ရဟန်းများသည်း စာရိတ္တ, ဝါရိတ္တ သိက္ခာပုဒ်အား လျော်စွာ အပြစ် အာပတ် ရောက်သည်ဟု နှလုံးသွင်းရမည်။

ဒဏ်ဆယ်ပါး ပါဠိအနက် ပြီး၏။

# သေခိယသိက္ခာပုဒ် ၇၅-ပါဠ

ဣမေခေါပနာယသ္မန္တော သေခိယာ ဓမ္မာ
ဥဒ္ဒေသံ အာဂစ္ဆန္တိ။

## ပရိမဏ္ဍလဝဂ်

၁။ ပရိမဏ္ဍလံ နိဝါသေဿာမီတိ သိက္ခာ ကရဏီယာ။

၂။ ပရိမဏ္ဍလံ ပါရုပိဿာမီတိ သိက္ခာ ကရဏီယာ။

၃။ သုပ္ပဋိစ္ဆန္နော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၄။ သုပ္ပဋိစ္ဆန္နော အန္တရ ဃရေ နိသီဒိဿာ မီတိ သိက္ခာ ကရဏီယာ။

၅။ သုသံဝုတော အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၆။ သုသံဝုတော အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၇။ ဩက္ခိတ္တစက္ခု အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၈။ ဩက္ခိတ္တ စက္ခု အန္တရဃရေ နိသီဒိဿာ မီတိ သိက္ခာ ကရဏီယာ။

၉။ န ဥက္ခိတ္တ ကာယ အန္တရဃရေ ဂမိဿာ မီတိ သိက္ခာ ကရဏီယာ။

၁၀။ န ဥက္ခိတ္တကာယ အန္တရဃရေ နိသီဒိဿာ မီတိ သိက္ခာ ကရဏီယာ။

ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

## ဥဇ္ဇဂ္ဃိကဝဂ်

၁၁၊ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၂၊ န ဥဇ္ဇဂ္ဃိကာယ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၃၊ အပ္ပသဒ္ဒေါ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၄၊ အပ္ပသဒ္ဒေါ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၅၊ န ကာကပ္ပ စာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၆၊ န ကာယပ္ပ စာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၇၊ န ဗာဟုပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၁၈၊ န ဗာဟုပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၁၉၊ န သီသပ္ပစာလကံ အန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၀၊ န သီသပ္ပစာလကံ အန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

---

## ခန္ဓကတာဝဂ်

၂၁၊ န ခန္ဓကတော အနန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၂၊ န ခန္ဓကတော အနန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၃၊ န ဩဂုဏ္ဌိတော အနန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၄၊ န ဩဂုဏ္ဌိတော အနန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၅၊ နဥက္ကုဋိကာယ အနန္တရဃရေ ဂမိဿာမီတိ သိက္ခာ ကရဏီယာ။

၂၆၊ န ပလ္လတ္ထိကာယ အနန္တရဃရေ နိသီဒိဿာမီတိ သိက္ခာ ကရဏီယာ။

၂၇၊ သက္ကစ္စံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၈၊ ပတ္တသညီ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၂၉၊ သမသူပကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၃၀၊ သမတိတ္တိကံ ပိဏ္ဍပါတံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

ခန္ဓကတာဝဂ္ဂေါ တတိယော။

## သက္ကစ္စဝဂ်

၃၁၊ သက္ကစ္စံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၂၊ ပတ္တသညီ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၃၊ သပဒါနံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၄၊ သမသူပကံ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၅၊ န ထူပကတော ဩမဒ္ဒိတွာ ပိဏ္ဍပါတံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၆၊ န သူပံ ဝါ ဗျဉ္ဇနံ ဝါ ဩဒနေန ပဋိစ္ဆာဒေဿာမိ ဘိယျောကမျတံ ဥပါဒါယာတိ သိက္ခာ ကရဏီယာ။

၃၇၊ န သူပံ ဝါ ဩဒနံ ဝါ အဂိလာနော အတ္တနော အတ္ထာယ ဝိညာပေတွာ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၃၈၊ န ဥဇ္ဈာနသညီ ပရေသံ ပတ္တံ ဩလောကေဿာမီတိ သိက္ခာ ကရဏီယာ။

၃၉၊ နာတိမဟန္တံ ကဗဠံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၀၊ ပရိမဏ္ဍလံ အာလောပံ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

သက္ကစ္စ ဝဂ္ဂေါ စတုတ္ထော။

## ကဗဠဝဂ်

၄၁။ န အနာဟဋေ ကဗဠေ မုခဒွါရံ ဝိဝရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၂။ န ဘုဉ္ဇမာနော သဗ္ဗံ ဟတ္ထံ မုခေ ပက္ခိပိဿာမီတိ သိက္ခာ ကရဏီယာ။

၄၃။ န သကဗဠေန မုခေန ဗျာဟရိဿာမီတိ သိက္ခာ ကရဏီယာ။

၄၄။ န ပိဏ္ဍုက္ခေပကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၅။ န ကဗဠာဝစ္ဆေဒကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၆။ န အဝဂဏ္ဍကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၇။ န ဟတ္ထနိဒ္ဓုနကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၈။ န သိတ္ထာဝကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၄၉။ န ဇိဝှါနိစ္ဆာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၀။ န စပုစပုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

ကဗဠဝဂ္ဂေါ ပဉ္စမော။

## သုရုသုရုဝဂ်

၅၁၊ န သုရုသုရုကာရကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၂၊ န ဟတ္ထနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၃၊ န ပတ္တနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၄၊ န ဩဋ္ဌနိလ္လေဟကံ ဘုဉ္ဇိဿာမီတိ သိက္ခာ ကရဏီယာ။

၅၅၊ န သာမိသေန ဟတ္ထေန ပါနီယထာလကံ ပဋိဂ္ဂဟေဿာမီတိ သိက္ခာ ကရဏီယာ။

၅၆၊ နသသိတ္ထကံ ပတ္တဓောဝနံ အန္တရဃရေ ဆဍ္ဍေဿာမီတိ သိက္ခာ ကရဏီယာ။

၅၇၊ န ဆတ္တပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၈၊ န ဒဏ္ဍပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၅၉၊ န သတ္ထပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၀၊ န အာဝုဓပါဏိဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

သုရုသုရု ဝဂ္ဂေါ ဆဋ္ဌော။

## (၆၂) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

### ပါဒုက ဝဂ်

၆၁၊ န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ မီတိ သိက္ခာ ကရဏီယာ။

၆၂၊ န ဥပါဟနာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၃၊ န ယာနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ မီတိ သိက္ခာ ကရဏီယာ။

၆၄၊ န သယနဂတဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၅၊ န ပလ္လတ္ထိကာယ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၆၊ န ဝေဌိတသီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာ မီတိ သိက္ခာ ကရဏီယာ။

၆၇၊ န ဩဂုဏ္ဌိတ သီသဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၈၊ န ဆမာယံ နိသီဒိတွာ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၆၉၊ န နီစေ အာသနေ နိသီဒိတွာ ဥစ္စေ အာသနေ နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၀၊ န ဌိတော နိသိန္နဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၁။ န ပစ္ဆတော ဂစ္ဆန္တော ပုရတော ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၂။ န ဥပ္ပထေန ဂစ္ဆန္တော ပထေန ဂစ္ဆန္တဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမီတိ သိက္ခာ ကရဏီယာ။

၇၃။ န ဌိတော အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၄။ န ဟရိတေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

၇၅။ န ဥဒကေ အဂိလာနော ဥစ္စာရံ ဝါ ပဿာဝံ ဝါ ခေဠံ ဝါ ကရိဿာမီတိ သိက္ခာ ကရဏီယာ။

ပါဒုကဝဂ္ဂေါ သတ္တမော။

သေခိယပါဠိ ပြီး၏။

# သေခိယသိက္ခာပုဒ် ၇၅-အနက်

အာယသ္မန္တော-အရှင်တို့၊ သေခိယာ-သေခိယအမည်ရှိကုန်သော၊ ဣမေခေါပန ဓမ္မာ-ဤသိက္ခာပုဒ် တို့သည်၊ ဥဒ္ဒေသံ-အကျဉ်းရွတ်ဆိုခြင်းသို့၊ အာဂစ္ဆန္တိ-ရောက်ကုန်၏။

## ပရိမဏ္ဍလဝဂ်

၁၊ ပရိမဏ္ဍလံ-အဝန်းညီစွာ၊ နိဝါသေဿာမိ-သင်းပိုင်တိုဝတ်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၂၊ ပရိမဏ္ဍလံ - အဝန်းညီစွာ၊ ပါရုပိဿာမိ - ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၃၊ သုပ္ပဋိစ္ဆန္နော - လည် လက်ကောက်ဝတ် တို့ကိုကောင်းစွာ ဖုံးလွှမ်းလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ ဂမိဿာမိ-သွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်းကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၊ သုပ္ပဋိစ္ဆန္နော - လည် လက်ကောက်ဝတ် တို့ကိုကောင်းစွာဖုံးလွှမ်းလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နိသီဒိဿာမိ-နေထိုင်အံ့၊ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၅၊ သုသံဝုတော-လက်ခြေ တို့ကို မကစားဘဲ ကောင်း စွာ ရုန္ဓေကို စောင့်စည်းလျက်၊ အန္တရဃရေ-ရွာ တွင်း၌၊ ဂမိဿာမိ-သွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၆၊ သုသံဝုတော-လက်ခြေတို့ကို မကစားဘဲ ကောင်း စွာ ရုန္ဓေကို စောင့်စည်းလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နိသီဒိဿာမိ-နေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ် ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၇၊ ဩက္ခိတ္တစက္ခု-လေးတောင် ခန့်မျှ ကြည့်သဖြင့် ချ အပ်သောမျက်လွှာရှိသည်ဖြစ်၍၊ အန္တရဃရေ-ရွာ တွင်း၌၊ ဂမိဿာမိ-သွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၈၊ ဩက္ခိတ္တစက္ခု-လေးတောင်ခန့်မျှ ကြည့်သဖြင့် ချ အပ်သော မျက်လွှာရှိသည်ဖြစ်၍၊အန္တရဃရေ-ရွာ တွင်း၌၊ နိသီဒိဿာမိ-နေထိုင် အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၉၊ ဥက္ခိတ္တကာယ-သင်္ကန်းကိုပင့်လျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နဂမိဿာမိ-မသွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၀၊ ဥက္ခိတ္တကာယ-သက်နိုးကိုပင့်လျက် အန္တရဃရေ-ရွာတွင်း၌၊ န နိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

ပဥ္စမော-ရှေးဦးစွာသော၊ ပရိမဏ္ဍလဝဂ္ဂေါ-ပရိမဏ္ဍလဝဂ်သည်၊ နိဋ္ဌိတော-ပြီးပြီ။

---

## ဥဇ္ဇဂ္ဃိကဝဂ်

၁၁၊ ဥဇ္ဇဂ္ဃိကာယ-ပြင်းစွာရယ်မောလျက် အန္တရဃရေ-ရွာတွင်း၌၊ န ဂမိဿာမိ-မသွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၂၊ ဥဇ္ဇဂ္ဃိကာယ-ပြင်းစွာရယ်မောလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ န နိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၃၊ အပ္ပသဒ္ဒေါ-ငယ်သောအသံရှိသည်ဖြစ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ ဂမိဿာမိ-သွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၄၊ အပ္ပသဒ္ဒေါ-ငယ်သောအသံရှိသည်ဖြစ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ နိသီဒိဿာမိ-နေထိုင်အံ့၊ ဣတိ-

ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၅၊ ကာယပ္ပစာလကံ-ကိုယ်ကို လှုပ်၍ လှုပ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ န ဂမိဿာမိ-မသွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၆၊ ကာယပ္ပစာလကံ-ကိုယ်ကို လှုပ်၍ လှုပ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ န နိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၇၊ ဗာဟုပ္ပစာလကံ-လက်ရုံးကို လှုပ်၍ လှုပ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ န ဂမိဿာမိ-မသွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၈၊ ဗာဟုပ္ပစာလကံ-လက်ရုံးကို လှုပ်၍လှုပ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ န နိသီဒိဿာမိ-မနေ ထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၁၉၊ သီသပ္ပစာလကံ-ဦးခေါင်းကို လှုပ်၍လှုပ်၍၊ အန္တရဃရေ-ရွာတွင်း၌၊ နဂမိဿာမိ-မသွားအံ့၊ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၂၀၊ သီသပွစာလကံ-ဦးခေါင်းကို လှုပ်၍လှုပ်၍၊ အန္တရ ဃရေ-ရွာ:တွင်း၌၊ န နိသီဒိဿာမိ - မနေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

ဒုတိယော-နှစ်ခုမြောက်သော၊ ဥဇ္ဇဂ္ဃိကဝဂ္ဂေါ-ဥဇ္ဇဂ္ဃိကဝဂ်သည်၊ နိဋ္ဌိတော-ပြီးပြီ။

---

ခမ္ဘကတဝဂ်

၂၁၊ ခမ္ဘကတော-ခါးကိုထောက်လျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နဂမိဿာမိ-မသွားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၂၂၊ ခမ္ဘကတော-ခါးကိုထောက်လျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နနိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၂၃၊ ဩဂုဏ္ဌိတော-ဦးခေါင်းခြုံလျက်၊ အန္တရဃရေ-ရွာတွင်း၌၊နဂမိဿာမိ-မသွားအံ့၊ဣတိ-ဤသို့၊သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၂၄၊ ဩဂုဏ္ဌိတော-ဦးခေါင်း ခြုံလျက်၊ အန္တရဃရေ-ရွာတွင်း၌၊ နနိသီဒိဿာမိ-မနေထိုင်အံ့၊ ဣတိ-ဤ

သို၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၂၅၊ ဥက္ကုဋိကာယ၊ ဘဝါး ဆုံနင်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ နဂမိဿာမိ၊ မသွားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၂၆၊ ပလ္လတ္ထိကာယ၊ လက် အာယောဂပတ်, ပုဆိုး အာယောဂပတ်ဘွဲ့လျက်။ အန္တရဃရေ၊ ရွာတွင်း၌။ နနိသီဒိဿာမိ၊ မနေထိုင်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၂၇၊ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၂၈၊ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၂၉၊ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်းစသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၃၀၊ သမတိတ္ထိကံ၊ သပိတ်အတွင်း အနားရေးနှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

တတိယော-သုံးခုမြောက်သော၊ ခမ္ဘကတဝဂ္ဂေါ-ခမ္ဘကတဝဂ်သည်၊ နိဋ္ဌိတော-ပြီးပြီ။

---

## သက္ကစ္စဝဂ်

၃၁၊ သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊စားအံ့။ ဣတိ ဤသို့။ သိက္ခာ၊သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၃၂၊ ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည် ဖြစ်၍။ ပိဏ္ဍပါတံ၊ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ကရဏီယာ၊ ပြုအပ်၏။

၃၃၊ သပဒါနံ၊ အစဉ်အတိုင်း။ ပိဏ္ဍပါတံ-ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ဤသို့။ သိက္ခာ၊သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ၊ ပြုအပ်၏။

၃၄၊ သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက်ဟင်းစသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇိဿာမိ၊ စားအံ့။ ဣတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်း။ ကရဏီယာ၊ ပြုအပ်၏။

၃၅၊ ထူပကတော-ဆွမ်းဦးမှ၊ ဩမဒ္ဒိတွာ-နှိပ်၍၊ ပိဏ္ဍပါ
တံ-ဆွမ်းကို၊ နဘုဉ္ဇိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊
သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကာရ
ဏီယာ-ပြုအပ်၏။

၃၆၊ သူပံဝါ-ဟင်းကိုရင်း၊ ဗျဉ္ဇနံဝါ-စားမဲ ဟင်းလျာကို
ရင်း၊ ဘိယျောကမျတံ-များသည်ကို အလိုရှိသည်၏
အဖြစ်ကို၊ ဥပဒါယ-စွဲ၍၊ ဩဒနေန-ဆွမ်းဖြင့်၊ န
ပဋိစ္ဆာဒေဿာမိ-မဖုံးလွှမ်းအံ့၊ဣတိ-ဤသို့၊သိက္ခာ
သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကာရဏီယာ-
ပြုအပ်၏။

၃၇၊ သူပံဝါ-ဟင်းကိုရင်း၊ ဩဒနံဝါ-ဆွမ်းကိုရင်း၊ အဂိ
လာနော-မနာမဖျားဘဲ၊ အတ္တနော-မိမိ၏၊ အတ္ထာ
ယ - အကျိုးငှာ၊ ဝိညာပေတွာ - တောင်း၍၊ န
ဘုဉ္ဇိသာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း
ကျင့်ခြင်း အားထုတ်ခြင်းကို၊ကာရဏီယာ-ပြုအပ်၏။

၃၈၊ ဥဇ္ဈာနသညီ-ကဲ့ရဲ့လိုသော အမှတ်ရှိသည် ဖြစ်၍၊
ပရေသံ-သူတပါးတို့၏၊ပတ္တံ-သပိတ်ကို၊ နဩလော
ကေဿာမိ-မကြည့်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်
ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကာရဏီယာ-ပြု
အပ်၏။

၃၉၊ အတိမဟန္တံ-အလွန်ကြီးသော၊ကဗဠံ-ဆွမ်းလုပ်ကို၊
န ကရိဿာမိ - မပြုအံ့၊ ဣတိ-ဤသို့ သိက္ခာ-
သင်ခြင်း ကျင့်ခြင်း အားထုက်ခြင်းကို၊ကာရဏီယာ-
ပြုအပ်၏။

၄၀၊ ပရိမဏ္ဍလံ-အဝန်း ညီစွာ၊ အာလောပံ-ဆွမ်းလုပ်ကို၊ ကရိဿာမိ-ပြုအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

စတုတ္ထော-လေးခုမြောက်သော၊ သတ္တဝဂ္ဂေါ-သတ္တဝဂ်သည်၊ နိဋ္ဌိတော၊ ပြီးပြီ။

---

**ကဗဠဝဂ်**

၄၁၊ ကဗဠေ-ဆွမ်းလုပ်သည်၊ အနာဟဋေ-ခံတွင်းဝသို့ မရောက်မီ၊ မုခဒွါရံ-ခံတွင်းဝကို၊ နဝိဝရိဿာမိ-မဘွင့်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၂၊ ဘုဉ္ဇမာနော-ဆွမ်းစားသော ငါသည်၊ သဗ္ဗဟတ္ထံ-အလုံးစုံသော လက်ကို၊ မုခေ-ခံတွင်း၌၊ န ပက္ခိပိဿာမိ-မထည့်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၃၊ သကဗဠေန-ဆွမ်းလုပ်နှင့် တကွသော၊ မုခေန-ခံတွင်းဖြင့်၊ နဗျာဟရိဿာမိ-စကားမဆိုအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၄၊ ပိဏ္ဍုက္ခေပကံ-ဆွမ်းလုပ်ကို မြှောက်၍၊ န ဘုဉ္ဇိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၅၊ ကဗဠောဝစ္ဆေဒကံ - ဆွမ်းလုပ်ကို ကိုက်ဖြတ်၍၊ န ဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၆၊ အဝဂဏ္ဍကာရကံ-မျောက်ကဲ့သို့ ပါးစောင်၌ ထား၍၊ နဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၇၊ ဟတ္ထနိဒ္ဓုနကံ-လက်ကိုခါ၍၊ န ဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၈၊ သိတ္ထာဝကာရကံ-ဆွမ်းလုပ်ကိုကြဲ၍၊ နဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၄၉၊ ဇိဝှါနိစ္ဆာရကံ-လျှာကို ထုတ်၍၊ န ဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို။ ကရဏီယာ-ပြုအပ်၏။

၅၀၊ စပုစပုကာရကံ-စပ်စပ်အသံကိုပြု၍၊ နဘုဉ္စိဿာမိ-မစားအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

ပဉ္စမော-ငါးခုမြောက်သော၊ ကဗဠဝဂ္ဂေါ-ကဗဠစဂ်သည်၊ နိဋ္ဌိတော-ပြီးပြီ။

---

## သုရာသုရာဝဂ်

၅၁၊ သုရာသုရာကာရကံ-ရှုတ်ရှုတ်အသံကိုပြု၍၊နဘုဥ္ဇိတဗ္ဗံ-မစားအပ်၊ ဇာတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၅၂၊ ဟတ္ထနိလ္လေဟကံ-လက်ကိုလျက်၍၊ န ဘုဥ္ဇိတဗ္ဗံ-မစားအပ်၊ ဇာတိ၊ ဤသို့။ သိက္ခာ၊ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၅၃၊ ပတ္တနိလ္လေဟကံ-သပိတ်ကို ခြစ်၍၊ န ဘုဥ္ဇိတဗ္ဗံ-မစားအပ်၊ ဇာတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၅၄၊ ဩဋ္ဌနိလ္လေဟကံ-နှုတ်ခမ်းကိုလျက်၍၊ န ဘုဥ္ဇိတဗ္ဗံ-မစားအပ်၊ ဇာတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၅၅၊ သာမိသေန-ဆွမ်းစသောအာမိသနှင့် တကွသော၊ ဟတ္ထေန-လက်ဖြင့်၊ ပါနီယထာလကံ - သောက်ရေခွက်ကို၊ နပဋိဂ္ဂဟေတဗ္ဗံ - မကိုင်အပ်၊ ဇာတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၅၆၊ သသိတ္ထကံ-ဆွမ်းလုံးနှင့်တကွသော၊ ပတ္တဓောဝနံ-သပိတ်ဆေးရည်ကို၊ အန္တရဃရေ - ရွာတွင်း၌၊ န ဆဍ္ဍေတဗ္ဗံ - မစွန့်အပ်၊ ဇာတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၅၇၊ ဆတ္တပါဏိသာ-ထီးလက်၌ရှိသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို ကရဏီယာ-ပြုအပ်၏။

၅၈၊ ဒဏ္ဍပါဏိဿ-ဒုတ်တောင်းဝှေးလက်၌ရှိသော၊အဂိလာနဿ-မနာမဖျားသောသူအား၊ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ-ပြုအပ်၏။

၅၉၊ သတ္ထ ပါဏိဿ-ဓားလက်နက် လက်၌ ရှိသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ- ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို ကရဏီယာ၊ ပြုအပ်၏။

၆၀၊ အာဝုဓပါဏိဿ-လေးလက်နက် လက်၌ ရှိသော၊ အဂိလာနဿ-မနာမဖျားသော သူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

ဆဗ္ဗော-ခြောက်ခုမြောက်သော၊ သုရုသုရုဝဂ္ဂေါ-သုရုသုရုဝဂ်သည်၊ နိဋ္ဌိတော-ပြီးပြီ။

## ပါဒုကာဝဂ်

၆၁၊ ပါဒုကာရုဠှဿ-ခြေနင်းစီးသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၆၂၊ ဥပါဟနာရုဠှဿ-ဘိနပ်စီးသော၊ အဂိလာနဿ-မနာမဖျားသော သူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၆၃၊ ယာနဂတဿ-ယာဉ်စီးသော၊ အဂိလာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၆၄၊ သယနဂတဿ - အိပ်ရာ၌ နေသော၊ အဂိလာနဿ-မနာမဖျားသော သူအား၊ ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို ကရဏီယာ-ပြုအပ်၏။

၆၅၊ ပလ္လတ္ထိကာယ-လက်အာယောဂပတ်, ပုဆိုး အာယောဂပတ်ဖွဲ့လျက်၊ နိသိန္နဿ-ထိုင်သော၊ အဂိလာနဿ-မနာမဖျားသော သူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊

သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ က ရဏီယာ-ပြုအပ်၏။

၆၆၊ ဝေဌိတသီသဿ-ဦးရစ်ပေါင်းသော ဦးခေါင်း ရှိ သော၊ အဂိလာနဿ-မနာ မဖျားသောသူအား၊ ဓမ္မံ-တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ- သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်း ကို၊ ကရဏီယာ-ပြုအပ်၏။

၆၇၊ ဩဂုဏ္ဌိတသီသဿ-ခြုံသောဦးခေါင်းရှိသော၊ အဂိ လာနဿ-မနာမဖျားသောသူအား၊ ဓမ္မံ၊တရားကို၊ နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ- သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရဏီယာ- ပြုအပ်၏။

၆၈၊ ဆမာယံ-မြေ၌၊ နိသိဒိတွာ-နေ၍၊ အာသနေ-နေ ရာ၌၊ နိသိန္နဿ-နေသော၊ အဂိလာနဿ-မနာ မဖျားသောသူအား၊ဓမ္မံ-တရားကို၊ နဒေသေဿာ မိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့် ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၆၉၊ နီစေ-နိမ့်သော၊ အာသနေ-နေရာ၌၊ နိသိဒိတွာ- နေ၍၊ ဥစ္စေ-မြင့်သော၊ အာသနေ-နေရာ၌၊ နိ သိန္နဿ - နေသော၊ အဂိလာနဿ-မနာမဖျား သောသူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ- မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့် ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

## (၇၈) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

၇၀။ ဌိတော-ရပ်သော ငါသည်၊ နိသိန္နဿ-ထိုင်သော၊ အဂိလာ နဿ-မနာမဖျားသော သူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၇၁။ ပစ္ဆတော-နောက်မှ၊ ဂစ္ဆန္တော-သွားသော ငါသည်၊ ပုရတော-ရှေ့မှ၊ ဂစ္ဆန္တဿ-သွားသော၊ အဂိလာနဿ-မနာ မဖျားသော သူအား၊ ဓမ္မံ-တရားကို၊ န ဒေသေဿာမိ၊ မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၇၂။ ဥပ္ပထေန-ခရီးမဟုတ်သဖြင့်၊ဂစ္ဆန္တော-သွားသော ငါသည်၊ပထေန-ခရီးဖြင့်၊ ဂစ္ဆန္တဿ-သွားသော၊ အဂိလာနဿ-မနာ မဖျားသော သူအား၊ ဓမ္မံ-တရားကို၊နဒေသေဿာမိ-မဟောအံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ် ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၇၃။ အဂိလာနော-မနာမဖျားသော ငါသည်၊ဌိတော-ရပ်လျက်၊ ဥစ္စာရံဝါ-ကျင်ကြီးကိုရင်း ပဿာဝံဝါ-ကျင်ငယ်ကိုရင်း၊ နကရိဿာမိ-မစွန့်အံ့၊ ဣတိ-ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ-ပြုအပ်၏။

၇၄၊ အဂိလာနော-မနာမဖျားသောငါသည်၊ဟာရိတေ-
စိမ်းသော မြတ်သစ်ပင်ရှိရာအရပ်၌၊ ဥစ္စာရုံဝါ-
ကျင်ကြီးကိုရင်း၊ ပဿာဝံဝါ-ကျင်ငယ်ကိုရင်း၊ခေဠံ
ဝါ-တံထွေးကိုရင်း၊ နကရိဿာမိ-မစွန့်အံ့၊ ဣတိ-
ဤသို့၊ သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်း
ကို၊ ကရဏီယာ-ပြုအပ်၏။

၇၅၊ အဂိလာနော-မနာမဖျားသောငါသည်၊ ဥဒကေ-
သုံးဆောင်ကောင်းသောရေ၌၊ ဥစ္စာရုံဝါ-ကျင်ကြီး
ကိုရင်း၊ ပဿာဝံဝါ-ကျင်ငယ်ကို ရင်း၊ ခေဠံဝါ-
တံထွေးကိုရင်း၊နကရိဿာမိ-မစွန့်အံ့၊ ဣတိ-ဤသို့၊
သိက္ခာ-သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ကရ
ဏီယာ-ပြုအပ်၏။

သတ္တမော-ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊
ပါဒုကာဝဂ္ဂေါ-ပါဒုကာဝဂ်သည်၊
နိဋ္ဌိတော-ပြီးပြီ။

သေဒိယအနက်ပြီး၏။

# ခန္ဓကဝတ် ၁၄ ပါး၌-အနက်

ဇယတု…စုဒ္ဒသ ခန္ဓကဝတ္တာနိ နာမ ခန္ဓကေ ဝုတ္တာနိ၊ ကထံ…အာဂန္တုကဝတ္တံ၊ အာဝါသိကဝတ္တံ၊ ဂမိကဝတ္တံ၊ အနုမောဒနဝတ္တံ၊ ဘတ္တဂ္ဂဝတ္တံ၊ ပိဏ္ဍစာရိကဝတ္တံ၊ အာရညကဝတ္တံ၊ သေနာသနဝတ္တံ၊ ဇန္တာဃရဝတ္တံ၊ ဝစ္စကုဋိဝတ္တံ၊ ဥပဇ္ဈာယဝတ္တံ၊ သဒ္ဓိဝိဟာရိကဝတ္တံ၊ အာစရိယဝတ္တံ၊ အန္တေဝါသိကဝတ္တဉ္စာတိ ဣမာနိ စုဒ္ဒသခန္ဓကဝတ္တာနိ တောနိစ သဗ္ဗေသံ သဗ္ဗဒါစ ယထာရဟံ စရိတဗ္ဗာနိ

(က) ဝတ္တံ အပရိပူရေန္တော၊ သီလံ န ပရိပူရတိ။
အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ နဝိန္ဒတိ။
(ခ) ဝိက္ခိတ္တစိတ္တော နေကဂ္ဂေါ၊သမ္မာ ဓမ္မံ နပဿတိ။
အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ နပရိမုစ္စတိ။
(ဂ) တသ္မာဟိဝတ္တံပူရေယျ၊ ဇိနပုတ္တော ဝိစက္ခဏော။
ဩဝါဒံ ဗုဒ္ဓသေဋ္ဌဿ၊ ကတွာ နိဗ္ဗာနမေဟိတိ။

စုဒ္ဒသ-တဆယ့် လေးပါးကုန်သော၊ ခန္ဓကဝတ္တာနိနာမ-ခန္ဓကဝတ်မည်သည်တို့ကို၊ ခန္ဓကေ-မဟာဝါ စူဠဝါခန္ဓက၌၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်၏၊ ကထံဝုတ္တာနိ-အဘယ်သို့ ဟောတော်မူအပ်ကုန်သနည်း ဟူမူကား…

အာဂန္တုကဝတ္တဉ္စ…အရာမ်အတွင်းသို့ မဝင်မီ ဘိနပ်ချွတ်ခြင်း၊ ထီးရုပ်ခြင်း၊ ဦးခေါင်းခြုံကိုဖွင့်ခြင်း၊ ဦးခေါင်း၌ တင်သော သင်္ကန်းကို ပခုံးသို့ချခြင်း၊ အာဝါသိက ရဟန်း

ကြီးကို ရှိခိုးခြင်းစသော အာဂန္တုက ရတန်းသာမဏောတို့ ပြုရာသောဝတ်ကိုရင်း။

အာဝါသိက ဝတ္တဋ္ဌ ·· အာဂန္တုက ရဟန်းကြီးကိုမြင် လျှင် ခရီးဦးကြိုဆိုခြင်း၊ သပိတ် သင်္ကန်းကို လှမ်းယူခြင်း၊ အာဂန္တုကရဟန်းကြီးကို ရှိခိုးခြင်း၊ ခြေဆေးရေ ခြေဆေး အင်းပျဉ်စသည်ကို အနီး၌ ထားခြင်းစသော အာဝါသိက ရဟန်းသာမဏေတို့ပြုရာသောဝတ်ရင်း။

ဂမိကဝတ္တဋ္ဌ....သစ်ဘဏ္ဍာမြေဘဏ္ဍာစသည်တို့ကို သိမ်း ခြင်း၊ တံခါးမ လေသာတံခါးတို့ကို ပိတ်ခြင်း၊ ပန်ကြား၍ သွားခြင်းစသော ခရီးသွားအံ့သော ရဟန်းသာမဏေတို့ ပြုရာသောဝတ်ရင်း။

အနုမောဒန ဝတ္တဋ္ဌ····မထေရ်ကြီး တရားဟောခြင်း၊ မထေရ်ကြီးက တိုက်တွန်းမှဟောခြင်း၊ပန်ကြျောက်၍ဟော ခြင်းစသော တရားဟောရာ၌ ပြုရာသောဝတ်ရင်း။

ဘတ္တဂ္ဂဝတ္တဋ္ဌ ·· တရားဟောခြင်း၊ရဟန်းကြီးတို့ကို တိုး ဝှေ၍မနေထိုင်ခြင်း၊ ရဟန်းငယ်ကို နေရာဖြင့် မတားမြစ် ခြင်းစသော ဆွမ်းစားစရပ်၌ ပြုရာသောဝတ်ရင်း။

ပိဏ္ဍစာရိက ဝတ္တဋ္ဌ····သစ်ဘဏ္ဍာ မြေဘဏ္ဍာစသည်တို့ ကို သိမ်းခြင်း၊ သပိတ်ကို ရေကျင်းခြင်း၊ ခါးပန်းကိုဘွဲ့ခြင်း၊ သင်းပိုင်သင်္ကန်းတို့ကိုအဝန်းညီစွာ ဝတ်ရုံခြင်း၊သေဓိယနှင့် အညီ သွားခြင်း၊ မနှေးမလျင် ရွာတွင်းသို့ဝင်ခြင်း၊ မရှည် မကြာရပ်ခြင်း စသော ဆွမ်းခံရဟန်း သာမဏေတို့ ပြုရာ သော ဝတ်ရင်း။

## (၈၂) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

အာရညကဝတ္တ....သောက်ရေသုံးရေတည်ထားခြင်း၊ မီးပွတ်,ပွတ်ကျည်,တောင်ဝှေးထားခြင်း၊အရပ်လေးမျက်နှာ တာရာနက္ခတ်တို့ကို မှတ်သားခြင်းစသော တောနေရဟန်း သာမဏေတို့ ပြုရသောဝတ်ရင်း။

သေနာသနဝတ္တ····ညောင်စောင်းအင်းပျဉ် အိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ ပရဝုဏ် ရေချိုး အိမ်, ဝစ္စကုဋီ စသည်တို့ကို တံမြက်လှည်းခြင်း စသော ကျောင်း၌ ပြုရသောဝတ်ရင်း။

ဇန္တာဃရဝတ္တ ·· ပြာကိုစွန့်ခြင်း၊ တံမြက် လှည်းခြင်း စသော ချွေးဇရုံးအိမ်၌ ပြုရသောဝတ်ရင်း။

ဝစ္စကုဋီ ဝတ္တ····ချောင်း ဟန့်ခြင်း၊ သင်္ကန်း တန်း၌ သင်္ကန်းကိုတင်၍မနှေးမလျင်ဝင်ခြင်း သင်းပိုင်ကိုပင့်၍မဝင် ခြင်း၊ နင်းခုံ၌ နင်းမိမှ သင်းပိုင်ကိုပင့်ခြင်း၊ ကြမ်းသော ကနုတ်စသည်ဖြင့် မသုတ်ခြင်း၊ သန့်သက်ရေဆေးခြင်း၊နင်း ခုံ၌နင်းလျက် သင်းပိုင်ကို ဖုံးလွှမ်းခြင်းစသောကျင်ကြီးအိမ် ၌ ပြုရသောဝတ်ရင်း

ဥပဇ္ဈာယဝတ္တ····နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်ခြင်း၊မျက်နှာသစ်ရေ ဒန်ပူကပ်ခြင်း၊ယာဂု,ဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာ နေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ တံမြက်လှည်း ခြင်း၊နေရာခင်းခြင်းစသည်ဖြင့် ဥပဇ္ဈာယ်ဆရာ၌ သဒ္ဓိဝိဟာ ရိက တပည့်တို့က ပြုရသောဝတ်ရင်း။

သဒ္ဓိဝိဟာရိက ဝတ္တ၌ ···သဂြိုဟ်ထောက်ပင့်ချီးမြှင့်ခြင်း စသည်ဖြင့် သဒ္ဓိဝိဟာရိက တပည့်တို့၌ ဥပဇ္ဈာယ်ဆရာက ပြုရာသောဝတ်ရင်း။

အာစရိယဝတ္တ၌ ···နံနက်စောစောထ၍ ကိုယ်ဝတ်ကို လက်ကတော့တင်ခြင်း၊ မျက်နှာသစ်ရေ, ဒန်ပူကပ်ခြင်း၊ ယာဂု,ဆွမ်းကပ်ခြင်း၊ သပိတ်ခွက်ဆေးခြင်း၊ ကျောင်းအိပ်ရာနေရာတို့ကို သုတ်သင်ခြင်း၊ နေလှမ်းခြင်း၊ တံမြက်လှည်းခြင်း၊ နေရာခင်းခြင်း စသည်ဖြင့် ဆရာလေးပါးတို့၌ တပည့်လေးပါးတို့က ပြုရာသောဝတ်ရင်း။

အန္တေဝါသိကဝတ္တ၌ ···သဂြိုဟ်ထောက်ပင့်ချီးမြှင့်ခြင်း စသည်ဖြင့် တပည့်လေးပါးတို့၌ ဆရာလေးပါးတို့က ပြုရာသောဝတ်ရင်း။

ဣတိ-ဤသို့၊ ဣမာနိ စုဒ္ဒသခန္ဓကဝတ္တာနိ - ဤတဆယ့်လေးပါးကုန်သောခန္ဓာကဝတ်တို့ကို၊ဝုတ္တာနိ-ဟောတော်မူအပ်ကုန်၏၊ တောနိစ-ထိုဝတ်တို့ကိုလည်း၊ သမ္မာသံ-ခပ်သိမ်းကုန်သော ရဟန်းသာမဏေတို့သည်၊ သဗ္ဗဒါစ-အခါခပ်သိမ်းလျှင်၊ယထာရဟံ-ကျင့်ထိုက်သည်အားလျော်စွာ၊ စရိတဗ္ဗာနိ-ကျင့်အပ်ကုန်၏။

ဝတ္တံ-ဝတ်ကြီး ဝတ်ငယ်ကို၊ အပရိပူရေန္တော - မဖြည့်ကျင့်သော ရဟန်းသာမဏေသည်၊ သီလံ-သီလကို၊ နပရိပူတိ- ဖြည့်ကျင့်သည်မမည်၊ အသုဒ္ဓသီလော- မစင်ကြယ်သော သီလရှိသော၊ ဒုပ္ပညော-ပညာနည်းသော ရဟန်း

သာမဏေသည်၊ စိတ္တေကဂ္ဂံ-စိတ်၏ ငြိမ်သက်တည်ကြည်ခြင်းကို၊ နဝိန္ဒတိ-မရနိုင်။

ဝိက္ခိတ္တစိတ္တော-လေခတ်သော တံခွန်ကဲ့သို့ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍၊ နေကဋ္ဌေါ-မတည်ကြည်သော ရဟန်း့သာမဏေသည် သမ္မာ-ကောင်းစွာ၊ ဓမ္မံ-မဂ်,ဖိုလ်,နိဗ္ဗာန်တရားကို၊ န ပဿတိ-မမြင်ရနိုင်၊ သဒ္ဓမ္မံ-မဂ်, ဖိုလ်,နိဗ္ဗာန်တရားကို၊ အပဿမာနော - မမြင်ရသော ရဟန်း့သာမဏေသည်၊ဒုက္ခာ-ဝဋ်ဆင်းရဲမှ၊ နပရိမုစ္စတိ-မလွတ်ရနိုင်။

တဿာပိ တဿာဝေ-ထိုကြောင့်သာလျှင်၊ ဝတ္တံ-ဝတ်ကြီး ဝတ်ငယ်ကို၊ ပူရေယျ-ဖြည့်ကျင့်ရာ၏၊ ဗုဒ္ဓသေဋ္ဌဿ-ချီးမွမ်းအပ်သောသူတို့ထက် အထူးသဖြင့်ချီးမွမ်းအပ်သော မြတ်စွာဘုရား၏၊ ဩဝါဒံ-အဆုံးအမတော်ကို၊ ကတွာ-အရိုအသေပြုရသောကြောင့်၊ ဝါ-ပြုသည်ရှိသော်၊ ဝိစက္ခဏော-အမြော်အမြင် ပညာမျက်စိရှိသော၊ ဇိနပုတ္တော-ဘုရားသားတော်သည်၊ နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ဧဟိတိ-ရောက်ရလိမ့်သတည်း။ ။ခန္ဓကဝတ် ပါဠိအနက်ပြီး၏။

* သေခိယ ခန္ဓကဝတ်တို့သည် သာမဏေနှင့် ရဟန်းပါ ကျင့်ရမည့် သိက္ခာပုဒ်များဖြစ်သည်။

---

ဒေသနာကြား ဒေသနာခံ ပါဠိ

ငယ်…အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာရောစေယာမိ။

ကြီး…သာဓု-သာဓု-သာဓု။

ငယ်····အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

ကြီး····ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ် အာမ ဘန္တေ ပဿာမိ။

ကြီး····အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်····သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကြီး····သာဓု-သာဓု-သာဓု။

အငယ်ကြားပြီး၏။

ကြီး····အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာရောစေယာမိ။

ငယ်····သာဓု-သာဓု-သာဓု။

ကြီး····အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုယှမူလေ ပဋိဒေသေမိ။

ငယ် ·· ပဿထ ဘန္တေ တာ အာပတ္တိယော။

ကြီး····အာမ အာဝုသော ပဿာမိ။

ငယ်····အာယတိံ ဘန္တေ သံဝရေယျာထ။

ကြီး····သာဓု သုဋ္ဌု အဟံ အာဝုသော သံဝရိဿာမိ။

ငယ်····သာဓု-သာဓု-သာဓု။

အကြီးကြားပြီး၏။

## (၈၆) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

ငယ်….အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

ကြီး….ပဿသိ အာဝုသော တာ အာပတ္တိယော။

ငယ်….အာမဘန္တေ ပဿာမိ။

ကြီး….အာယတိံ အာဝုသော သံဝရေယျာသိ။

ငယ်….သာဓုသုဋ္ဌု ဘန္တေ သံဝရိဿာမိ။

ကြီး ….သာဓု-သာဓု-သာဓု။

(ဝတ္ထုသဘာဂ ပြန်ကြားနည်း)

ဒေသနာကြား ဒေသနာခံ ပါဠိ ပြီး၏။

---

### ဒေသနာကြား ဒေသနာခံ အနက်

ငယ်….ဘန္တေ-အရှင်ဘုရား၊ အဟံ-ငါသည်၊ သဗ္ဗာ အာပတ္တိယော-အလုံးစုံသော အာပတ်တို့ကို၊ အာရောစေယာမိ-ပြောကြားပါ၏။

ကြီး….သာဓု - ကောင်း၏၊ သာဓု - ကောင်း၏၊ သာဓု-ကောင်း၏။

ငယ်….ဘန္တေ-အရှင်ဘုရား၊ အဟံ-ငါသည်၊ သမ္ဗဟုလာ-များစွာကုန်သော၊နာနာဝတ္ထုကာ-အထူးထူးသော ဝတ္ထုရှိကုန်သော၊အာပတ္တိယော-အာပတ်တို့သည်၊ အာပဇ္ဇိံ - ရောက်ပြီ၊ တာ သဗ္ဗာ အာပတ္တိယော-ထိုအလုံးစုံသော အာပတ်တို့ကို တုမှမူလေ-အရှင်ဘုရား၏ အထံ၌၊ ပဋိဒေသေမိ-ကြားပါ၏။

ကြီး····အာဝုသော-ငါ့ရှင်၊တာအာပတ္တိယော-ထိုအာပတ်တို့ကို၊ ပဿသိ-ရှုလော့။

ငယ်····ဘန္တေ-အရှင်ဘုရား၊ အာမပဿာမိ-ဩ ရှုပါ၏။

ကြီး····အာဝုသော- ငါ့ရှင်၊ အာယတိံ - နောင်အခါ၌၊ သံဝရေယျာသိ-စောင့်ရှောက်လော့။

ငယ်····ဘန္တေ-အရှင်ဘုရား၊သာဓုသုဋ္ဌု-ကောင်းစွာ၊သံဝရိဿာမိ-စောင့်ရှောက်ပါအံ့။

ကြီး····သာဓု- ကောင်း၏၊ သာဓု- ကောင်း၏၊ သာဓု-ကောင်း၏။

ကြီး····အာဝုသော-ငါ့ရှင်၊ အဟံ-ငါသည်၊ သဗ္ဗာ အာပတ္တိယော-အလုံးစုံသော အာပတ်တို့ကို၊ အာရောစေယာမိ-ပြောကြားပါ၏။

ငယ်····သာဓု- ကောင်း၏၊ သာဓု- ကောင်း၏၊ သာဓု-ကောင်း၏။

ကြီး····အာဝုသော-ငါ့ရှင်၊ အဟံ-ငါသည်၊ သမ္ဗဟုလာ-များစွာကုန်သော၊နာနာဝတ္ထုကာ-အထူးထူးသော ဝတ္ထုရှိကုန်သော၊ သဗ္ဗာ အာပတ္တိယော-အလုံးစုံသော အာပတ်တို့သည်၊ အာပန္နံ-ရောက်ပြီ၊ တာ သဗ္ဗာ အာပတ္တိယော-ထိုအလုံးစုံသော အာပတ်တို့ကို၊ တုယှမူလေ - အရှင်ဘုရား၏ အထံ၌၊ ပဋိဒေသေမိ-ကြားပါအံ့။

ငယ်····ဘန္တေ - အရှင်ဘုရား၊ တာအာပတ္တိယော - ထိုအာပတ်တို့ကို၊ ပဿထ-ရှုကုန်လော့။

ကြီး····အာဝုသော-ငါ့ရှင်၊ အာမပဿာမိ-ဩ ရှုပါ၏။

## (၈၈) သာသနာ့အလင်းရောင် ရှင်ကျင့်စတ်သစ်

ငယ်… ဘန္တေ- အရှင်ဘုရား၊ အာယတိံ- နောင်အခါ၌၊ သံဝရေယျာထ-စောင့်ရှောက်လော့။

ကြီး….အာဝုသော-ငါ့ရှင်၊ အဟံ-ငါသည်၊ သာဓု သုဋ္ဌု- ကောင်းစွာ၊ သံဝရိဿာမိ-စောင့်ရှောက်ပါအံ့။

ငယ်…သာဓု- ကောင်း၏၊ သာဓု- ကောင်း၏၊ သာဓု- ကောင်း၏။

ငယ်….ဘန္တေ-အရှင်ဘုရား၊ အဟံ-ငါသည်၊ သမ္ဗဟုလာ- များစွာကုန်သော၊နာနာဝတ္ထုကာ-အထူးထူးသော ဝတ္ထုရှိကုန်သော၊ သဗ္ဗာ အာပတ္တိယော-အလုံးစုံ သော အာပတ်တို့သည်၊ အာပဇ္ဇိံ-ရောက်ပြီ၊ တာ သဗ္ဗာ အာပတ္တိယော-ထိုအလုံးစုံသော အာပတ်တို့ ကို၊တုမှမူလေ-အရှင်ဘုရား၏အထံ၌၊ပဋိဒေသေမိ- ကြားပါအံ့။

ကြီး….အာဝုသော-ငါ့ရှင်၊တာအာပတ္တိယော-ထိုအာပတ် တို့ကို၊ ပဿသိ-ရှုလော့။

ငယ်….ဘန္တေ-အရှင်ဘုရား၊ အာမပဿာမိ-ဩ ရှုပါ၏။

ကြီး….အာဝုသော - ငါ့ရှင်၊ အာယတိံ - နောင်အခါ၌၊ သံဝရေယျာသိ-စောင့်ရှောက်လော့။

ငယ်….ဘန္တေ - အရှင်ဘုရား၊ သာဓု သုဋ္ဌု- ကောင်းစွာ၊ သံဝရိဿာမိ-စောင့်ရှောက်ပါအံ့။

ကြီး….သာဓု -ကောင်း၏၊ သာဓု- ကောင်း၏၊ သာဓု- ကောင်း၏။

## ပြဟ္မဝိဟာရတရား လေးပါး ပွားပုံ

အဟံအဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ၊ (မေတ္တာ)။

ဒုက္ခာ မုစ္စာမိ (ကရုဏာ)။

ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆာမိ (မုဒိတာ)။

ကမ္မဿကော (ဥပေက္ခာ)။

မမ ပိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု၊ (မေတ္တာ)။

ဒုက္ခာ မုစ္စန္တု (ကရုဏာ)။

ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု (မုဒိတာ)။

ကမ္မဿကာ (ဥပေက္ခာ)။

မမ ဝေရီ အဝေရာ၊ ဟောန္တု (လ) ကမ္မဿကာ။

မမ မဇ္ဈတ္တာ အဝေရာ ဟောန္တု (လ) ကမ္မဿကာ။

[မမပိယာ ကဲ့သို့ ဖော်၍ဆိုကြပါ]။

ဘုမ္မဋ္ဌဒေဝတာ အဝေရာ ဟောန္တု(လ) ကမ္မဿကာ။

ရုက္ခဋ္ဌဒေဝတာအဝေရာ ဟောန္တု (လ) ကမ္မဿကာ။

အာကာသဋ္ဌဒေဝတာ အဝေရာ ဟောန္တု(လ)ကမ္မဿကာ။

အမှာကံ ဝေါစရဂါမေ, ဇမ္ဗူဒီပ ဂါမေ, ဇမ္ဗူဒီပ ဂါမူပစာရေ, ဇမ္ဗူဒီပ ဂါမခေတ္တေ, သဗ္ဗေ သတ္တာ၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ (အနောဒိဿ ပုဂ္ဂိုလ်ငါးယောက်)။

# (၉၀) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊ သဗ္ဗေ အရိယာ၊ သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊ (ဩဒိဿ ပုဂ္ဂိုလ်ခုနစ်ယောက်)။ အဝေရာ ဟောန္တု (လ) ကမ္မဿကာ။

ဣမသ္မိံ ဝိဟာရေ, ဣမသ္မိံ ဇမ္ဗူဒိပေ, ဣမသ္မိံ စက္ကဝါဠေ, ဇာတိခေတ္တေ စက္ကဝါဠေ, အာဏာခေတ္တေ စက္ကဝါဠေ, ဝိသယခေတ္တေ စက္ကဝါဠေ။

သဗ္ဗေသတ္တာ ။လ။ သဗ္ဗေ ဝိနိပါတိကာ ·· အဝေရာ ဟောန္တု ။လ။ ကမ္မဿကာ။ [ဂါမခေတ်ကဲ့သို့ အနောဒိဿ,ဩဒိဿ ပုဂ္ဂိုလ်ကို ဖော်၍ဆိုပါ]။

ပုရတ္ထိမာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ သဗ္ဗေ သတ္တာ (လ) ကမ္မဿကာ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။ ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေသတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။ ။
ဥဒ္ဓံ ယာဝ ဘဝဂ္ဂါစ၊ အဓော ယာဝ အဝီစိတော။
သမန္တာစက္ကဝါဠေသု၊ယေသတ္တာအာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာစ၊ နိဒ္ဒုက္ခာစ နုပဒ္ဒဝါ။ ။

* ယံပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။
စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာဒေဝေါ ပဝဿတု။
ယထာရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ၊
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

---

အဟံ-ငါသည်၊ အဝေရော-ရန်မရှိသည့် ဟောမိ-ဖြစ်ရပါလို၏။ အဗျာပဇ္ဇော-စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိသည်၊ ဟောမိ-ဖြစ်ရပါလို၏၊ အနီဃော-ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းမရှိသည်၊ ဟောမိ-ဖြစ်ရပါလို၏၊ အတ္တာနံ-မိမိကိုယ်ကို၊ သုခီ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ၊ ပရိဟရာမိ-စောင့်ရှောက် နိုင်ရပါလို၏၊ ဒုက္ခာ-ဆင်းရဲအပေါင်းမှ၊ မုစ္စာမိ-လွတ်ရပါလို၏၊ ယထာ လဒ္ဓ သမ္ပတ္တိတော-ရအပ်တိုင်းသော စည်းစိမ်ချမ်းသာမှ၊ မာဝိဂစ္ဆာမိ-မပျော်မပျက် မဆုတ်ယုတ်ရပါလို၏၊ ကမ္မဿကော-ကံသာလျှင် ဥစ္စာဖြစ်၏-

မမ-ငါ၏၊ ပိယာ-ချစ်အပ် ကုန်သော သူတို့သည်၊ အဝေရာ-ရန်မရှိကြ ကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

•အဗျာပဇ္ဇာ-စိုးရိမ်ကြောင့်ကြ ဗျာပါဒမရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

အနိစ္စာ-ကိုယ်၏ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်း မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

သုခီ-ချမ်းသာစွာ၊ အတ္တာနံ-မိမိကိုယ်ကို၊ ပရိဟရန္တု-စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ (မေတ္တာ)

ဒုက္ခာ-ဆင်းရဲအပေါင်းမှ၊ မုစ္စန္တု-လွတ်ကြ ပါစေကုန်သတည်း။ (ကရုဏာ)

ယထာလဒ္ဓ သမ္ပတ္တိတော-ရအပ်တိုင်းသော စည်းစိမ်ချမ်းသာမှ၊ မာဝိဂစ္ဆန္တု-မပျောက်မပျက် မဆုတ်မယုတ်နိုင်ကြပါစေကုန်သတည်း။ (မုဒိတာ)

ကမ္မဿကာ-ကံသာလျှင် ဥစ္စာရှိကုန်၏။ (ဥပေက္ခာ)

✱ ဤအတိုင်း အောက်၌ အနက်သမ္ဗန်ကြပါကုန်။

မမ-ငါ၏၊ ဝေရီ-ရန်သူဖြစ်ကုန်သောသူတို့သည်၊အဝေရာ-ရန်မရှိကြကုန်သည်၊လ၊ကမ္မဿကာ-ကံသာလျှင် ဥစ္စာရှိကြကုန်၏။

မမ-ငါ၏ မဇ္ဈတ္တာ-မမုန်းမချစ် လျစ်လျူ ရှုအပ်ကုန်သောသူတို့သည်၊ အဝေရာ။လ။ကမ္မဿကာ-ကုန်၏။

ဘုမ္မဋ္ဌဒေဝတာ-အိမ်, စရပ် တန်ဆောင်း, ကျောင်းမြေ၌ တည်ကုန်သော နတ်အပေါင်းတို့သည်၊အဝေရာ-ရန်မရှိကြကုန်သည်၊ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။လ။ကမ္မဿကာ-ကုန်၏။

ရက္ခဋ္ဌဒေဝတာ-သစ်ပင်၌တည်ကုန်သောနတ်အပေါင်းတို့သည်၊ အဝေရာ-ကုန်သည်၊ ပေ၊ သုခ္ခ-ကုန်သတည်း။လ။ ကမ္မဿကာ-ကုန်၏။

အာကာသဋ္ဌ ဒေဝတာ-ကောင်းကင်၌ တည်ကုန်သော နတ်အပေါင်းတို့သည်၊ အဝေရာ-ကုန်သည်၊ ပေ၊ သုခ္ခ-ကုန်သတည်း။လ။ကမ္မဿကာ-ကုန်၏။

အမှာကံ-ငါတို့၏၊ ဂေါစရဂါမေ-ဆွမ်းခံ ရွာ၌၎င်း၊ ဣမသ္မိံဂါမေ- ဤရွာ၌၎င်း၊ ဣမသ္မိံဂါမူပစာရေ-ဤရွာ၏ ဥပစာ၌၎င်း၊ ဣမသ္မိံဂါမခေတ္တေ - ဤရွာသူကြီးပိုင် ဂါမခေတ်၌၎င်း၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-သတ္တဝါတို့သည် သဗ္ဗေ - ခပ်သိမ်းကုန်သော၊ ပါဏာ-ထွက်သက်ဝင်သက်ရှိကုန်သော သတ္တဝါတို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဘူတာ-ကံကြောင့် ကိုယ်ထင်ရှားဖြစ်ကုန်သော သတ္တဝါတို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ပုဂ္ဂလာ-ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗေ - ခပ်သိမ်းကုန်သော၊ အတ္တဘာဝ ပရိယာပန္နာ—ခန္ဓာဟူသော အတ္တဘော၌ အကျုံးဝင်ကုန်သော သတ္တဝါ တို့သည်။ (အနောဒိဿ ငါးယောက်)

သဗ္ဗာ—ခပ်သိမ်းကုန်သော၊ ဣတ္ထိယော-မိန်းမတို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ပုရိသာ-ယောကျ်ားတို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ အရိယာ-အရိယာ ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ အနရိယာ-ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်၊ သဗ္ဗေ-ခပ်သိမ်း ကုန်သော၊ ဒေဝါ-နတ်

တို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ မနုဿာ-လူတို့သည်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ဝိနိပါတိကာ-ဝိနိပါတိကအသူရာတို့သည် (ဩဒိဿပုဂ္ဂိုလ် ခုနစ်ယောက်) အဝေရာ။လ။ ကမ္မဿကာ-ကုန်၏။

ဣမသ္မိံဝိဟာရေ-ဤကျောင်း၌ရှင်း၊ ဣမသ္မိံဇမ္ဗူဒီပေ-ဤဇမ္ဗူဒိပ် ကျွန်း၌ရှင်း၊ ဣမသ္မိံစက္ကဝါဠေ-ဤစကြဝဠာ၌ရှင်း၊ ဇာတိခေတ္တေ စက္ကဝါဠေ-ဇာတိခေတ်ဟု ဆိုအပ်သော စကြဝဠာတသောင်း၌ရှင်း၊ အာဏာခေတ္တေ စက္ကဝါဠေ-အာဏာခေတ်ဟု ဆိုအပ်သော စကြဝဠာ ကုဋေတသိန်း၌ရှင်း၊ ဝိသယခေတ္တေ စက္ကဝါဠေ-ဝိသယခေတ်ဟု ဆိုအပ်သော စကြဝဠာအနန္တ၌ရှင်း၊ သဗ္ဗေ-ခပ်သိမ်းကုန်သော။လ။ကမ္မဿကာ-ကုန်၏။

ပုရတ္ထိမာယဒိသာယ-အရှေ့မျက်နှာအရပ်၌၊ ပစ္ဆိမာယ ဒိသာယ-အနောက်မျက်နှာအရပ်၌၊ ဥရာတ္တယ ဒိသာယ-မြောက်မျက်နှာအရပ်၌၊ ဒက္ခိဏာယဒိသာယ-တောင်မျက်နှာအရပ်၌၊ပုရတ္ထိမာယအနုဒိသာယ-အရှေ့တောင်ထောင့်အရပ်၌၊ပစ္ဆိမာယအနုဒိသာယ-အနောက်မြောက်ထောင့်အရပ်၌၊ ဥတ္တရာယ အနုဒိသာယ-အရှေ့ မြောက်ထောင့်အရပ်၌၊ ဒက္ခိဏာယ အနုဒိသာယ- အနောက် တောင်ထောင့်အရပ်၌၊ ဟေဋ္ဌိမာယ ဒိသာယ - အောက်မျက်နှာအရပ်၌၊ ဥပရိမာယဒိသာယ - အထက်မျက်နှာ အရပ်၌၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ -သတ္တဝါ တို့သည်။ပေ။ ကမ္မဿကာ-ကုန်၏။

ဥဒ္ဓံ-အထက်သို့၊ယာဝဘဝဂ္ဂါစ-ဘဝဂ်တိုင်အောင်၎င်း၊ အဓော-အောက်မှ၊ယာဝအဝီစိတော-အဝီစိတိုင်အောင် ၎င်း၊ သမန္တာ-အရပ် ထက်ဝန်းကျင်မှ၊ စက္ကဝါဠေသု-တဒသောင်းသော စကြဝဠာတို့၌၊ ဝသန္တာ-နေကြကုန်သော၊ ယေသတ္တာ-အကြင်သတ္တဝါတို့သည်၊ ပထဝီစရာ-မြေ၌ကျက်စားကုန်၏၊ တေသတ္တာ-ထို သတ္တဝါတို့သည်၊ အဗျာပဇ္ဇာစ-စိုးရိမ်ကြောင့်ကြ ဗျာပါဒ မရှိကြကုန်သည် ၎င်း၊ နိဝေရာစ-ကိုယ်တွင်းကိုယ်ပ ရန်မရှိကြကုန်သည့်၎င်း၊ နိဒ္ဒုက္ခာစ-ဆင်းရဲခြင်းမရှိကုန်သည့်၎င်း၊အနုပ္ပဒ္ဒဝါစ-တဆဲ့ ခြောက်ပါးသော ဥပဒ္ဒဝေါ မရှိကုန်သည်၎င်း၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း။

* ဒုတိယ,တတိယအပုဒ်တို့၌ အထက်ပဌမပုဒ်အတိုင်း အနက်ပေးကြပါကုန်၊ မတူသောပုဒ်ကိုသာထည့် ရေးပါအံ့။

ဥဒကေစရာ-ရေ၌ သွားလာ နေထိုင်ကုန်၏၊ အာကာသေစရာ-ကောင်းကင်၌ ကျက်စား နေထိုင်ကုန်၏၊ တေသတ္တာ-ထိုသတ္တဝါတို့သည်၊အဗျာပဇ္ဇာ။လ။ကုန်သတည်း။

# ယံပတ္တံ့အနက်

၁၊ ယံကုသလံ-အကြင် ဒါန,သီလ, ဘာဝနာ, သိက္ခာ သုံးလီ ပါရမီထိုထို ကုသိုလ်အစုကို၊ မယာ-နာမ် ရုပ်စုကို ငါဟုသမုတ် အကျွန်ုပ်သည်၊ ပတ္တံ့-ရောက်အပ် ရအပ်ပြီ၊ တဿ ကုသလဿ-ထိုဒါန, သီလ, ဘာဝနာ, သိက္ခာ သုံးလီ ပါရမီထိုထို ကုသိုလ်စု၏၊ အာနုဘာဝေန-ရှိန်ဝါ ကူယက်ဝိပါက်ကောင်းကျိုးတန်းခိုးတော်အားဖြင့်၊ သဗ္ဗေ-ခပ်သိမ်းကုန်သော၊ ပါဏိနော-သတ္တဝါတို့သည်၊ သဒ္ဓမ္မရာဇဿ-သဒ္ဓမ္မသုံးပါး တရားမင်းမြတ်၏၊ သုခါဝဟံ-ချမ်းသာခပင်းကို လက်ငင်းဆောင်ရွက်နိုင်သော၊ ဓမ္မံ-ဥဒေ ယျဓမ္မ ဟူသမျှကို၊ဥတ္တာ-သစ္စာလေးဆင့် ညာဏ်ပန်းပွင့်ရ သိကြကုန်သည်ဖြစ်၍။

၂၊ ဝိသုဒ္ဓါယ-ကိလေသာ ညစ်ကြေးမှ ကင်းဝေးစင်ကြယ်သော၊ သုခါယ-မပင်မပန်း ချမ်းသာသော၊ ပဋိပတ္တိယာ-ဝိပဿနာ ညာဏ်ဝါထွန်းတင့်အကျင့်မြတ်ဖြင့်၊အသောကံ-ပူပန်စိုးရိမ်ခြင်းမှ ကင်းထသော၊ အနုပါယာသံ-နှလုံးပွေသွးဆူ ဆွေးပူခြင်းမှကင်းထသော၊ဥတ္တမံ-ချမ်းသာတကာတို့ထက် လွန်ကဲထူးမြတ်သော၊ သုခံ-ချမ်းသာအစစ် ဖြစ်သော၊နိဗ္ဗာနံ-နိဗ္ဗာန်သို့၊ ပါပုဏန္တု-ရောက်ကြပါစေကုန်သတည်း။

၃၊ သဒ္ဓမ္မော-ပရိယတ် ပဋိပတ် ပဋိဝေဓဟူသောသဒ္ဓမ္မသုံးပါးသည်၊ စိရံ-ရှည်မြင့်စွာ၊ တိဋ္ဌတု-မပျက်မစီး ခိုင်မြဲ

ပြီး တည်တံ့ပါစေသတည်း၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ဓမ္မေ-သိက္ခာသုံးရပ် အကျင့်မြတ်၌၊ သဂါရဝါ-နှမြောစုံမက် နှစ်သက်လေးမြတ်ခြင်း ရှိကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန် သတည်း၊ ဒေဝေါ-ပဇ္ဇုန်သေဌ်နင်း မိုးနတ်မင်းသည်၊ ကာလေန-ရွာသင့်ရွာထိုက်သောအခါ၌၊ သမ္မာ မြေပြင်ဥဿုံ အကုန်ကြဲဖြန့် ပြန့်နှံ့ညီညာကောင်းမွန်စွာ-ပဝဿတု-မြိုပြပြည်ရွာဝပြောသာယာအောင် ရွာပါစေသတည်း။

၄၊ ပေါရာဏာ-ရှေး၌ ဖြစ်ကုန်သော၊ သုရာဇာနော-မဟာသမ္မတ စသည်မင်းကောင်း အလောင်းမင်းမြတ်တို့သည်၊အတ္တနော-မိမိ၏၊ ပဇံရူဝ-ရွှေရင်တော်ဖွားသားသွေးတော်မခြားသကဲ့သို့၊ပဇံ-တိုင်းသားပြည်သူရှင်လူအပေါင်းကို၊ ဓမ္မေန-သင်္ဂဟလေးပါး မင်းကျင့်တရားနှင့်၊ ရက္ခိံသု ယထာ-စောင့်ရှောက်ကြကုန်သကဲ့သို့၊ တထာဧဝ-ထို့အတူသာလျှင်၊ ရာဇာ-ဤတိုင်းသခင် ဘုရင်မင်းမြတ်သည်၊ ဇူမံ ပဇံ-ဤတိုင်းသူပြည်သား လူများအပေါင်းကို၊ဓမ္မေန-သင်္ဂဟလေးစုံ ရာဇဂုဏ်ရှစ်ဆင့် မင်းကျင့်တရား ဆယ်ပါးဖြင့်၊ ရက္ခတု-စောင့်ရှောက်ပါစေသတည်း။

---

# ငါးရာနှစ်ဆယ်,ရှစ်သွယ်မေတ္တာ ပွားများပုံ

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဇာ ဟောန္တု၊အနီဃာဟောန္တု၊သုခီအတ္တာနံ ပရိဟရန္တု၊ (၄)

သဗ္ဗေပါဏာ အဝေရာ ဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။(၄)

သဗ္ဗေ ဘူတာ အဝေရာ ဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။(၄)

သဗ္ဗေ ပုဂ္ဂလာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။ (၄)

သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

၎င်းအနေ့ာဒိဿပုဂ္ဂိုလ်ငါးယောက်တို့တွင် တယောက် တယောက်၌ တုလေးချက်ဟူသော မေတ္တာလေးပါးစီ ရ သောကြောင့် မေတ္တာနှစ်ဆယ်ဖြစ်၏။

သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟ ရန္တု။ (၄)

သဗ္ဗေ ပုရိသာ အဝေရာဟောန္တု၊အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

သဗ္ဗေအရိယာ အဝေရာဟောန္တု၊အဗျာပဇ္ဈာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊အနီဃာဟောန္တု၊သုခီအတ္တာနံပရိဟရန္တု။ (၄)

သဗ္ဗေဒေဝါ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာဟောန္တု၊သုခီအတ္တာနံ ပရိဟရန္တု။(၄)

သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ဤငါး ဩဒိဿပုဂ္ဂိုလ် ခုနစ်ယောက်တို့တွင် တယောက် တယောက်၌ တုလေးချက်ဟူသော မေတ္တာလေးပါးစီ ရသောကြောင့် နှစ်ဆဲ့ရှစ်ပါးဖြစ်၏။

အနောဒိဿ မေတ္တာ, ဩဒိဿမေတ္တာ ပေါင်းသော် လေးဆဲ့ရှစ်ပါးဖြစ်၏၊ ဤ အနောဒိဿပုဂ္ဂိုလ်, ဩဒိဿ ပုဂ္ဂိုလ် တဆဲ့နှစ်ယောက်၌ မေတ္တာ လေးဆဲ့ရှစ်ပါးရသကဲ့သို့ အရပ်ဆယ်မျက်နှာတွင် တမျက်နှာတမျက်နှာ၌ အနောဒိဿ, ဩဒိဿပုဂ္ဂိုလ် တဆဲ့နှစ်ယောက်၊ မေတ္တာ လေးဆယ်ရှစ်ပါးစီရ၏။

ထို့ကြောင့်-အရပ်ဆယ်မျက်နှာ ပေါင်းခဲ့လျှင် လေးရာရှစ်ဆယ်ဖြစ်၏၊ လေးရာရှစ်ဆယ် မေတ္တာနှင့် အထက်က ပွားပြခဲ့သော သုဒ္ဓမေတ္တာ လေးဆယ်ရှစ်နှင့် ပေါင်းလျှင် ငါးရာ့နှစ်ဆယ်ရှစ်သွယ်မေတ္တာဖြစ်၏။

## ဥပမာ····အရှေ့မျက်နှာ၌ ပွားပုံ

ပုရတ္ထိမာယဒိသာယ သဗ္ဗေသတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယဒိသာယ သဗ္ဗေဘူတာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယဒိသာယ သဗ္ဗေပုဂ္ဂလာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗာ ဣတ္ထိယော အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ပုရိသာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ အနရိယာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဒေဝါ အဝေရာဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ မနုဿာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု။ (၄)

၎င်း အရှေ့မျက်နှာ၌ ပွားသကဲ့သို့ ပစ္ဆိမာယ ဒိသာယ စသော အရပ်မျက်နှာတို့၌လည်း ပုဂ္ဂိုလ် (၁၂) ယောက်ကို မေတ္တာလေးပါးစီ ထည့်၍ ပွားများကြပါကုန်။

ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ
ပွားများပုံ ပြီး၏။

## (၁၀၂) သာသနာ့အလင်းရောင် ရှင်ကျင့်ဝတ်သစ်

### မေတ္တာအကျိုး ၁၁-ပါး

၁။ ကောင်းစွာ အိပ်ရခြင်း။

၂။ ကောင်းစွာ နိုးရခြင်း။

၃။ မကောင်းသောအိပ်မက်ကို မမြင်မက်ရခြင်း။

၄။ လူများ ချစ်ခင်ခြင်း။

၅။ နတ်များ ချစ်ခင်ခြင်း။

၆။ နတ်တို့သည် အမြဲစောင့်ရှောက်ခြင်း။

၇။ အဆိပ်ရှိသော သတ္တဝါ၊ မီး၊ လက်နက် တို့သည် မထိ မခိုက် မကိုက် မလောင်နိုင်ရာ။

၈။ စိတ်၏ လျင်မြန်စွာ တည်နိုင်ခြင်း။

၉။ မျက်နှာ အစဉ် ကြည်လင်ခြင်း။

၁၀။ သေသောအခါ မတွေဝေခြင်း။

၁၁။ မဂ်၊ ဖိုလ်၊ မရသေးသော်လည်း ဗြဟ္မာပြည်သို့ သွားရခြင်းနှင့် တကွ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရနိုင်ခြင်း။

ဤမေတ္တာအကျိုး (၁၁) ပါးကို လိုလားတောင့်တကြပြီးလျှင် ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ပွားများအားထုတ်ကြ၍ ဗြဟ္မဝိဟာရအသင်း ဖွဲ့စည်းကြပြီးလျှင် နေ့၊ ညဥ့် ရွတ်ဆို ပွားများကြပါက ကာလဝိပ္ပတ္တိဒုက္ခ ပျောက်၍၊ ချမ်းသာခြင်း သမ္ပတ္တိသုခသို့ ရောက်ကြရလေအောင် ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

## ဓုတင် တေရသ ဆောက်တည်ရန်ပါဠိ

၁။ ဂဟပတိဒါန စီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ။ (ပံသုကူဓုတင်)

၂။ စတုတ္ထစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။ (တေစီဝရိက်ဓုတင်)

၃။ အတိရေကလာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိ ကင်္ဂံ သမာဒိယာမိ ’ပိဏ္ဍပါတ် ဓုတင်)

၄။ လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ဂံ သမာဒိယာမိ (သပဒါန ဓုတင်)

၅။ နာနာသန ဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။ (ဧကာသနိက် ဓုတင်)

၆။ ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။ (ပတ္တပိဏ် ဓုတင်)

၇။ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။ (ခလုပစ္ဆာ ဓုတင်)

၈။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ဂံ သမာဒိယာမိ။ (အာရညကင် ဓုတင်)

၉။ ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။ (ရုက္ခမူ ဓုတင်)

၁၀။ ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။ (အဗ္ဘောကာသိက ဓုတင်)

၁၁၊ န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂံ သမာဒိယာမိ။ (သုသာန် ဓုတင်)

၁၂၊ သေနာသန လောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ထတိကင်္ဂံ သမာဒိယာမိ။ (ယထာသန္ထတိ ဓုတင်)

၁၃၊ သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂံ သမာဒိယာမိ။ (နိသိ ဓုတင်)

---

## ဓုတင် တေရသ အနက်

၁၊ ပဟာပတိဒါန စိဝရံ - ဒါယကာတို့ လှူအပ်သော သင်္ကန်းကို၊ ပဋိက္ခိပါမိ-ပယ်ပါ၏၊ ပံသုကူလိကင်္ဂံ-မြေမှုန့် အလိမ်း အလိမ်း ကပ်သော စက်ဆုပ်ဘွယ်ရာ အိမ်ကြို အိမ်ကြား သင်းချိုင်းများ၌ ကောက်ယူ၍ ရအပ်သော သင်္ကန်းကိုဆောင်ခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-ကောင်းစွာ ဆောက်တည်ပါ၏။

၂၊ စတုတ္ထ စိဝရံ-ဝတ်ရုံ လောက်သော လေးထည် မြောက်သော သင်္ကန်းကို၊ ပဋိက္ခိပါမိ-၏၊ တေစီဝရိကင်္ဂံ- သင်္ကန်း သုံးထည်ကိုသာ ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊သမာဒိယာမိ-၏။

၄။ အတိရေက လာဘံ-ဆွမ်းခံ၍ ရသော ဘောဇဉ်မှ ပိုလွန်သော လာဘ်ကို၊ ပဋိက္ခိမိပါမိ-၏၊ ပိဏ္ဍပါတိကင်္ဂံ- ဆွမ်းခံခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာ ဒါနစေတနာကို၊ သမာဒိယာမိ-၏။

၄၊ လောလုပ္ပစာရုံ-အိမ်စဥ်ကျော်၍ လျှပ်ပေါ်သော ဆွမ်းခံခြင်းကို၊ ပဋိက္ခိပါမိ-၏၊ သပဒါနစာရိကင်္ဂ-အိမ်စဥ် မပြတ် ဆွမ်းခံရပ်ခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

၅၊ နာနာသနဘောဇနံ-ဘုရိယာပြောင်းကူးအတူးထူး သော နေရာ၌စားခြင်းကို၊ ပဋိက္ခိပါမိ-၏၊ဧကာသနိကင်္ဂ- တနေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

၆၊ ဒုတိယဘာဇနံ-နှစ်ခုမြောက်သောခွက်ကို၊ ပဋိက္ခိ ပါမိ-၏၊ ပတ္တပိဏ္ဍိကင်္ဂ - တခွက်ထည်း၌ ရောပြွမ်းပြီးက ဆွမ်းကိုစားလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာ ဒါနစေတနာကို၊ သမာဒိယာမိ-၏။

၇၊ အတိရိတ္တဘောဇနံ-ဂိလာန, ဝိနည်းမိုရ် ပုဂ္ဂိုလ်တို့ ၏ ပိုလွန်ကြွင်းကျန်သောဘောဇဥ်ကို၊ ပဋိက္ခိပါမိ-၏၊ ခလု ပစ္ဆာဘတ္တိကင်္ဂ-မြစ်ပယ်သည့်နောက်မှ ရသော ဆွမ်းကို စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကို၊ သမာဒိယာမိ-၏

၈၊ ဂါမန္တ သေနာသနံ-ရွာတွင်း ရွာနီးကျောင်းကို၊ ပဋိက္ခိပါမိ-၏၊ အာရညိကင်္ဂ-တောကျောင်း၌ နေလေ့ရှိ သော‌ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန-စေတနာကို၊ သမာဒိယာမိ-၏။

၉၊ ဆန္နံ-အမိုးရှိသောကျောင်းကို၊ ပဋိက္ခိပါမိ-၏၊ ရုက္ခမူလိကင်္ဂ သစ်ပင်ရင်း၌နေလေ့ရှိသောပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

၁၀၊ ဆန္နဥ္စ-အမိုးကိုရင်း၊ ရုက္ခမူလဥ္စ-သစ်ပင် ရင်းကိုရင်း၊ ပဋိက္ခိပါမိ-၏၊ အဗ္ဘောကာသိကင်္ဂ-လွင်တီးခေါင်ဟင်းလင်းအပြင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊သမာဒိယာမိ-၏။

၁၁၊ နသုသာနံ - သင်းချိုင်း မဟုတ်သော အရပ်ကို၊ ပဋိက္ခိပါမိ-၏၊သောသာနိကင်္ဂ-သုသာန်၌နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

၁၂၊ သေနာသနလောလုပ္ပံ-ကောင်းမကောင်းကြည့်ရှု၍ ကျောင်း၌ လျှပ်ပေါ်လော်လီခြင်းကို၊ ပဋိက္ခိပါမိ-၏၊ ယထာသန္တတိကင်္ဂ-ညွှန်ကြား တိုင်းသော အခင်းနေရာကျောင်း၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

၁၃၊ သေယျံ-လျောင်းလှည်း၍အိပ်ခြင်းကို၊ ပဋိက္ခိပါမိ-၏၊ နေသဇ္ဇိကင်္ဂ-ထိုင်၍ နေလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို၊ သမာဒိယာမိ-၏။

**မှတ်ချက်**····စေတီ ဘုရား ဆရာသမား တို့၏ အထံ၌ ရင်း, မိမိအလိုလိုရင်း ဆောက်တည်ခြင်း ငှာအပ်၏။ လူတို့အား ကောသနိက် မှတင် နှင့်ပတ္တပိဏ်ဍ မှတင် ၂-ပါးကို ကျင့်သုံးဆောက် တည်ခြင်းငှာ အပ်၏။

### အနေကဇာတင်–ဥဒါနဂါထာပါဠိ

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

---

### ပဋိစ္စသမုပ္ပါဒ် ပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရော

ဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

---

## ဥဒါန်း ပါဠိတော်

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

* ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒိ။

* ဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယမန္တလိက္ခံ။

## မဟာဇယန္တ ဂါထာတော်

ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဝေဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပ္ပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပတ္တော ပမောဒတိ။
သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထ လဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟသဗ္ဗေဟိ ဉာတိဘိ။

---

ဗောဓိပင်နှင့် ရွှေပလ္လင်မှ မာရ်မင်းနှင့်တကွ ရဲမက်ဗိုလ်ခြေ အပေါင်းကို ဖြိုဖျက်နှိမ်နင်း အောင်ပွဲ ကျင်းပတော်မူသည့်အခါ နဂါး, ဂဠုန်, နတ်ဗြဟ္မာ အပေါင်းတို့သည် ကောင်းချီးအံ့ချီး မစဲအောင်သံ အောင်ပွဲခံကြကုန်သော-

## အောင်ဘိသေက ဂါထာများ

၁။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဂ္ဃောသယုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ နာဂ-ဂဏာ မဟေသိနော။

၂။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဃ္ဃောသယေျုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ သုပဏ္ဏဂဏာ မဟေသိနော။

၃။ ဇယောဟိ ဗုဒ္ဓဿ သိရီမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဃ္ဃောသယေျုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဒေဝဂဏာ မဟေသိနော။

၄။ ဇယောဟိ ဗုဒ္ဓဿ ပါပိမတော အယံ၊
မာရဿစ ပါပိမတော ပရာဇယော။
ဥဃ္ဃောသယေျုံ ဗောဓိမဏ္ဍေ ပမောဒိတာ၊
ဇယံ တဒါ ဗြဟ္မဂဏာ မဟေသိနော။

---

## အနေကဇာတင်-ဥဒါနဂါထာအနက်

ပုနပ္ပုနံ-အဘန် တလဲလဲ၊ ဇာတိ-ပဋိသန္ဓေ နေရခြင်းသည်၊ ဒုက္ခာ-အိုခြင်း,နာခြင်း, သေခြင်းမကင်းဘဲ အဆင်းရဲဆုံးပေတည်း၊ ဂဟကာရံ-ငါ၏ ခန္ဓာအိမ်ကို ကြိမ်ဘန်များစွာ ဆောက်လုပ်လာသော တဏှာယောက်ျား လက်သမားကို၊ ဂဝေသန္တော-နိယတဗျာဒိတ် တံဆိပ်ရခါ ရှာဖွေ၍လာသော၊ အဟံ-ငါဘုရားသည်၊ အနိဗ္ဗိသံ အနိဗ္ဗိသန္တော-သင့်ကိုမြင်နိုင် ဉာဏ်မဏ္ဍိုင်ကို မပိုင်ရသေးသောကြောင့်၊ အနေကဇာတိသံသာရံ-သိန်းရာမက ဘဝများ

စွာ သံသရာကာလပတ်လုံး၊ သန္ဓာဝဋ်ဿံ-ထို၍ လှည့်လာ ပြေးသွားကျင်လည်ခဲ့ရလေပြီ၊ ဂဟကာရက-ငါ၏ ခန္ဓာ အိမ်ကို ကြိမ်ဘန်များစွာ ဆောက်လုပ်၍လာသော တဏှာ ယောက်ျား ဟယ်လက်သမား၊ တံ-သင့်ကို၊ ဒါနိ-ယခု၊ ဒိဋ္ဌော-ပညာစက္ခု သဗ္ဗညုဖြင့် မြင်အပ်သည်၊အသိ-ဖြစ်ချေ ပြီ၊ ပုန-အသစ်တဘန်၊ ဂေဟံ-ငါ၏ခန္ဓာအိမ်ကို၊ န ကာ ဟသိ-မဆောက်မလုပ် မပြုပြင်ရလတ္တံ့၊ တေ-သင်တဏှာ ယောက်ျား လက်သမား၏၊ သဗ္ဗာ-အလုံးစုံ အစုံအလင် အကုန်အစင်ဖြစ်ကုန်သော၊ ဖာသုကာ-ကိလေသာ တည်း ဟူသော အခြင်တို့ကို၊ မယာ-ငါသည်၊ ဘဂ္ဂါ-ချိုးဖျက် အပ်ကုန်ပြီ၊ ဂဟကူဋံ-သင်ဆောက်လုပ်ပြီးသော ခန္ဓာအိမ် ကြီး၏ အဝိဇ္ဇာတည်းဟူသော အထွဋ်ကို၊ ဝိသင်္ခတံ-နုတ် လျက်ချွတ်ဖျက်အပ်ပြီ၊ စိတ္တံ-ငါဘုရား၏ စိတ်တော်သည်၊ ဝိသင်္ခါရံ-စီမံပြုပြင်ခြင်းမှကင်းသောအနုပါဒိသေသနိဗ္ဗာန် သို့၊ ဂတံ-အာရုံပြုသောအားဖြင့် ရောက်ပြီ၊ တဏှာနံ- တဏှာအစစ် တရာရှစ်တို့၏၊ ခယံ-ကုန်ရာဖြစ်သော အရ ဟတ္တမဂ် အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ-ငါကိုယ်တိုင် အပိုင်ရ လေပြီ။

---

## ပဋိစ္စသမုပ္ပါဒ်အနက်

အဝိဇ္ဇာပစ္စယာ-အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ သင်္ခါရာ-လောကီကုသိုလ် အကုသိုလ် စေတနာ သင်္ခါရ တို့သည်၊ သမ္ဘဝန္တိ-ဖြစ်ကုန်၏၊ သင်္ခါရပစ္စယာ-သင်္ခါရ ဟူ

သောအကြောင်းကြောင့်၊ဝိညာဏံ-ပဋိသန္ဓေဝိညာဏ်သည်ဝါ-လောကီဝိပါက် ပဝတ္တိဝိညာဏ်သည်၊ သမ္ဘဝတိ-ဖြစ်၏၊ဝိညာဏပစ္စယာ-ဝိညာဏ်ဟူသော အကြောင်းကြောင့်၊ နာမရူပံ-နာမ်သည်ဧင်း, ရုပ်သည်ဧင်း၊ ဝါ-နာမ်ရုပ်သည်ဧင်း၊သမ္ဘဝတိ-ဖြစ်၏၊ နာမရူပပစ္စယာ-နာမ်,ရုပ် ဟူသောအကြောင်းကြောင့်၊သဠာယတနံ-အဇ္ဈတ္တိကာယတနသည်၊ သမ္ဘဝတိ-ဖြစ်၏၊ သဠာယတန ပစ္စယာ-သဠာယတန ဟူသောအကြောင်းကြောင့်၊ဖဿော-ဖဿသည်၊ သမ္ဘဝတိ-ဖြစ်၏၊ ဖဿ ပစ္စယာ-ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ-ဝေဒနာသည်၊သမ္ဘဝတိ-ဖြစ်၏၊ ဝေဒနာပစ္စယာ-ဝေဒနာဟူသောအကြောင်းကြောင့်၊ တဏှာ-တဏှာသည်၊ သမ္ဘဝတိ - ဖြစ်၏၊ တဏှာ ပစ္စယာ - တဏှာ ဟူသော အကြောင်းကြောင့်၊ ဥပါဒါနာ-ဥပါဒါန်သည်၊ သမ္ဘဝတိ-ဖြစ်၏၊ ဥပါဒါနပစ္စယာ-ဥပါဒါန်ဟူသော အကြောင်းကြောင့်၊ ဘဝေါ-ဘဝသည်၊ သမ္ဘဝတိ-ဖြစ်၏၊ ဘဝပစ္စယာ-ဘဝဟူသောအကြောင်းကြောင့်၊ ဇာတိ-ဇာတိသည်၊ သမ္ဘဝတိ-ဖြစ်၏၊ဇာတိပစ္စယာ-ဇာတိဟူသောအကြောင်းကြောင့်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ-အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည်၊ သမ္ဘဝန္တိ-ဖြစ်ကုန်၏၊ ဧဝံ-ဤသို့၊ ကေဝလဿ-ချမ်းသာအစရှိသည်တို့နှင့် မရောသော၊ ဝါ-အလုံးစုံသော၊ ဧတဿ ဒုက္ခက္ခန္ဓဿ-ထိုဆင်းရဲ အစု၏၊ သမုဒယော-ဖြစ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

ဒအဝိဇ္ဇာယတွေဝ-အဝိဇ္ဇာဟူသော မောဟ၏သာလျှင်၊ အသေသဝိရာဂနိရောဓာ-အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းကြောင့်၊ သင်္ခါရနိရောဓော-လောကီကုသိုလ်, အကုသိုလ် စေတနာသင်္ခါရတို့၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ သင်္ခါရနိရောဓာ-သင်္ခါရတို့၏ချုပ်ခြင်းကြောင့်၊ ဝိညာဏ နိရောဓော-အနာဂတ်ဘဝ ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ်တို့၏ ချုပ်ခြင်းသည်၊ ဟောတိ ဖြစ်၏၊ ဝိညာဏနိရောဓာ-ဝိညာဏ်၏ ချုပ်ခြင်းကြောင့် နာမရူပ နိရောဓော-နာမ်ရုပ်တို့၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ နာမရူပနိရောဓာ-နာမ်ရုပ်တို့၏ ချုပ်ခြင်းကြောင့်၊ သဠာယတန နိရောဓော သဠာယတနတို့၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ သဠာယတနနိရောဓာ-သဠာယတနတို့၏ ချုပ်ခြင်းကြောင့်၊ဖဿနိရောဓော-ဖဿ၏ချုပ်ခြင်းသည်၊ဟောတိ-ဖြစ်၏၊ ဖဿနိရောဓာ-ဖဿ၏ချုပ်ခြင်းကြောင့်၊ ဝေဒနာ နိရောဓော-ဝေဒနာ၏ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဝေဒနာနိရောဓာ-ဝေဒနာ၏ ချုပ်ခြင်းကြောင့်၊ တဏှာနိရောဓော-တဏှာ၏ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ တဏှာနိရောဓာ-တဏှာ၏ချုပ်ခြင်းကြောင့်၊ ဥပါဒါနနိရောဓော-ဥပါဒါန်တို့၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဥပါဒါန နိရောဓာ-ဥပါဒါန်တို့၏ချုပ်ခြင်းကြောင့်၊ ဘဝနိရောဓော-ဘဝ၏ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဘဝနိရောဓာ-ဘဝ၏ ချုပ်ခြင်းကြောင့်၊ ဇာတိနိရောဓော-ဇာတိ၏ ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဇာတိနိရောဓာ-ဇာတိ၏ချုပ်ခြင်းကြောင့်၊ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါ

မနသာ ပါယာသာ-အိုခြင်း, သေခြင်း,စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့သည်၊ နိရုဇ္ဈန္တိ-ချုပ်ကုန်၏၊ ဧဝံ-ဤသို့၊ ကေဝလဿ၊ ချမ်းသာအစရှိသည်တို့နှင့်မရောသော၊ ဝါ-အလုံးစုံသော၊ ဧတဿ ဒုက္ခ က္ခန္ဓဿ-ထိုဆင်းရဲအစု၏၊ နိရောဓော-ချုပ်ခြင်းသည်၊ ဟောတိ-ဖြစ်၏။

---

## ဥဒါန်းပါဠိတော် အနက်

အာတာပိနော ကိလေသာကိုပူပန်စေတတ်သောလုံ့လရှိထသော၊ ဈာယတော-မကောင်းမှုကို ဖုတ်ကြည်းပြီးထသော၊ ဗြာဟ္မဏဿ-မကောင်းမှုကို အပပြုပြီးထသော၊ ခီဏာ သဝဿ ရဟန္တာ ပုဂ္ဂိုလ်အား၊ ယဒါ-အကြင်အခါ၌၊ ဟဝေ-ထင်စွာ၊ ဝါ-စင်စစ်သဖြင့်၊ ဓမ္မာ-သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့သည်၊ ဝါ-သစ္စာလေးပါးတရားတို့သည်၊ ပါတုဘဝန္တိ-ထင်ရှားဖြစ်ကုန်၏၊ အထ-ထိုသို့ထင်ရှားဖြစ်သောအခါ၌၊ယတော ယသ္မာ ကာရဏာ-အကြင်ကြောင့်၊ သဟေတုဓမ္မံ-အကြောင်းနှင့် တကွဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားကို၊ ပဇာနာတိ-အပြားအားဖြင့်သိ၏၊ တတော တသ္မာကာရဏာ-ထိုကြောင့်၊ အဿခီဏာသဝဿ-ထိုရဟန္တာပုဂ္ဂိုလ်အား၊သဗ္ဗာခပ်သိမ်းကုန်သော၊ ကင်္ခါ-တဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့သည်၊ ဝပယန္တိ-ကင်းကုန်၏၊ဝါ-ချုပ်ကုန်၏။

အာတာပိနော-ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော၊ ဈာယတော-မကောင်းမှုကို ဖုတ်ကြည်းပြီးထသော၊ ဗြာဟ္မဏဿ-မကောင်းမှုကို အပပြုပြီးထသော၊ ခီဏာသဝဿ-ရဟန္တာ ပုဂ္ဂိုလ်အား၊ ယဒါ-အကြင်အခါ၌၊ ဟဝေ-ထင်စွာ၊ ဓမ္မာ-သုံးဆဲ့ ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့သည်၊ ဝါ-သစ္စာလေးပါး တရားတို့သည်၊ ပါတုဘဝန္တိ-ထင်ရှား ဖြစ်ကုန်၏၊ အထ-ထိုသို့ ထင်ရှားဖြစ်သောအခါ၌၊ ယတော ယသ္မာ ကာရဏာ- အကြင်ကြောင့်၊ ပစ္စယာနံ-အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့၏၊ ခယံ-ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို၊အဝေဒိ-သိတော်မူ၏၊ တတော တသ္မာ ကာရဏာ-ထိုကြောင့်၊ အဿခီဏာသဝဿ-ထိုရဟန္တာ ပုဂ္ဂိုလ်အား၊ သဗ္ဗာ-ခပ်သိမ်းကုန်သော၊ ကင်္ခါ-တဆဲ့ခြောက်ပါးသော ယုံမှားခြင်းတို့သည်၊ ဝပယန္တိ-ကင်းကုန်၏၊ ဝါ-ချုပ်ကုန်၏။

အာတာပိနော-ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိထသော၊၊ ဈာယတော-မကောင်းမှုကို ဖုတ်ကြည်းပြီးထသော၊ ဗြာဟ္မဏဿ-မကောင်းမှုကို အပပြုပြီးထသော ခီဏာသဝဿ-ရဟန္တာပုဂ္ဂိုလ်အား၊ ယဒါ-အကြင်အခါ၌၊ ဟဝေ-ထင်စွာ၊ ဓမ္မာ-သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့သည်၊ ဝါ-သစ္စာလေးပါးတရားတို့သည်၊ ပါတုဘဝန္တိ-ထင်ရှားဖြစ်ကုန်၏၊ အထ-ထိုသို့ ထင်ရှားဖြစ်သောအခါ၌၊ အန္တလိက္ခံ-ကောင်းကင်ကို၊ ဩဘာသယံ ဩဘာသယန္တော-အရောင်ဖြင့်ထွန်းတောက်ပသော၊ သူရိယော-

နေမင်းသည်၊ အန္ဓကာရံ-အမိုက်တိုက်ကို၊ ဝိဓမေန္တော-ပယ်ဖျောက်လျက် တိဋ္ဌတိဣဝ-တည်သကဲ့သို့၊ သောခီဏာသဝေါ-ထိုရဟန္တာ ပုဂ္ဂိုလ်သည်၊ မာရသေနံ-ဆယ်ပါးသော မာရ်စစ်သည်ကို၊ ဝိဓူပယံ ဝိဓူပယန္တော-ဖျက်ဆီးလျက်၊ တိဋ္ဌတိ-တည်၏။

---

**မဟာဇယမင်္ဂလ ဂါထာတော်အနက်**

သကျာနံ-သာကီဝင် မင်းသားတို့၏ နန္ဒိဝဍ္ဎနော-နှစ်သက်ခြင်းကိုပွားစေတတ်သော မြတ်စွာဘုရားသည်၊ ဗောဓိယာ-ဉောင်ဗုဒ္ဓဟေပင်၏၊ မူလေ-အနီးဖြစ်သော အပရာဇိတပလ္လင်တော်၌၊ ဇယန္တော ယထာ-မာရ် ငါးပါးကို အောင်တော်မူသကဲ့သို့၊ ဧဝမေဝ - ဤအတူ သာလျှင်၊ ဇယော-အောင်ခြင်းသည်၊ ဘဝတု-ဖြစ်စေသတည်း၊ ဇယမင်္ဂလေ-ရန်ကို အောင်ကြောင်း ကောင်းမှုမင်္ဂလာ၌၊ တွံ-သင်သည်၊ ဇယဿု အောင်စေသတည်း။

သဗ္ဗဗုဒ္ဓါနံ-ခပ်သိမ်းသော ဘုရားသခင်တို့၏၊ အဘိသေကေ-အဘိသိက်ခံတော်မူရာဖြစ်သော၊ ပုထုဝိပုက္ခလေ-မြေအပြင်၌ သန့်ရှင်း စင်ကြယ် တင့်တယ်သော၊ သီသေ-မြေတို့၏ အတွင့်အထိပ်ဖြစ်သော၊ အပရာဇိတပလ္လင်ကေ-အပရာဇိတပလ္လင်တော်၌၊ အဂ္ဂပတ္တော-အရဟတ္တ မင်္ဂစိတ်ဘိသိက်သဘင် ခံယူတော်မူပြီး၍ မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသော မြတ်စွာဘုရားသည်၊ ပမောဒတိ-နှစ်သက်ရွှင်လန်း ဝမ်းမြောက်တော်မူ၏။

တံဒိဝသံ-ထိုကောင်းသော သုစရိုက်တရားတို့နှင့်ပြည့်စုံသောနေ့သည်၊ သုနက္ခတ္တံ-ကောင်းသောနက္ခတ်သည်ရင်း၊ သုမင်္ဂလံ-ကောင်းသော မင်္ဂလာသည်ရင်း၊ သုပ္ပဘာတံ-ကောင်းသောမိုးသောက်ခြင်းသည်ရင်း၊သုဟုဋ္ဌိတံ-ကောင်းစွာထခြင်းသည်ရင်း၊ ဟောတိ-ဖြစ်၏၊ သုခဏော-ကောင်းသောခဏသည်ရင်း၊ သုမုဟုတ္တော စ-ကောင်းသောမုဟုတ်သည်ရင်း၊ ဟောတိ - ဖြစ်၏၊ ဗြဟ္မစာရိသု-မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့၌၊ သုယိဋ္ဌံ-ကောင်းစွာပူဇော်ခြင်းသည်ရင်း၊ ဟောတု-ဖြစ်စေသတည်း။

ပဒက္ခိဏံ-မြတ်သော၊ ကာယကမ္မံ-ကာယကံသည်ရင်း၊ ပဒက္ခိဏံ-မြတ်သော၊ ဝါစာကမ္မံ--ဝစီကံသည်ရင်း၊ ပဒက္ခိဏံ-မြတ်သော၊ မနောကမ္မံ-မနောကံသည်ရင်း၊ပဒက္ခိဏော-မြတ်သောကံ၌၊ ပဏိဓိ-ဆောက်တည်ခြင်းသည်ရင်း၊ တေ-သင်အား၊ ဟောတု-ဖြစ်စေသတည်း။

ယေ သတ္တာ-အကြင် သတ္တဝါတို့သည်၊ ပဒက္ခိဏာနိ-မြတ်သော ကာယကံ, ဝစီကံ မနောကံတို့ကို၊ ကတွာန-ပြု၍၊ ပဒက္ခိဏေ-မြတ်ကုန်သော၊ အတ္ထေ - အကျိုးတို့ကို၊ လဘန္တိ-ရကုန်လတ္တံ့၊ တေသတ္တာ - ထိုသတ္တဝါတို့သည်၊ အတ္ထလဒ္ဓါ-ကောင်းမြတ်သောအကျိုးကိုရကုန်သည်ဖြစ်၍၊ သုခိတာ-ချမ်းသာခြင်းရှိကုန်သည်ဖြစ်၍၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား သာသနာတော်၌၊ ဝိရုဠှာ-စည်ပင်ပြန့်ပွားများကုန်သည်ဖြစ်၍၊ သဗ္ဗေဟိ-ခပ်သိမ်းကုန်သော၊ ဉာတိ

ဘိ-ဆွေမျိုးတို့နှင့်၊ သဟ-တကွ၊ အရောဂါ-အနာကင်းကုန်သည်၊ သုခိတာ-ချမ်းသာခြင်းသို့ ရောက်ကုန်သည်၊ ဟောထ-ဖြစ်ကြကုန်လော့။

**အောင်ဘိသေက ဂါထာအနက်**

၁၊ တဒါ-ထိုဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို တွန်းလှန်ပြောင်စင် အောင်မြင်တော်မူသောအခါ၌၊ ဗောဓိမဏ္ဍေ-ဗောဓိမဏ္ဍိုင် မြေခရိုင်၌၊ နာဂဂဏာ-နဂါး အပေါင်းတို့သည်၊ မဟေသိနော - မြတ်စွာဘုရား၏၊ ဇယံ - အောင်တော် မူခြင်းကို၊ ပမောဒိတာ- ဝမ်းမြောက် ဝမ်းသာ ရှိကြကုန်သည်ဖြစ်၍၊ သိရိမတော- ဘုန်းကြက်သရေနှင့်ပြည့်စုံတော်မူသော၊ ဗုဒ္ဓဿဟိ ဗုဒ္ဓဿ ဝေ-မြတ်စွာဘုရား၏သာလျှင်၊ အယံဇယော - ဤမာရ်မင်း၏ရန်ကို အောင်ခြင်းသည်၊ဟောတိ-ဖြစ်၏၊ ပါပိမတော- ယုတ်သောသဘောရှိသော၊ မာရဿ စ-မာရ်မင်း၏လည်း၊ ပရာဇယော--ရှုံးခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့၊ ဥဃ္ဃောသယုံ - ကြွေးကြော်ကြ လေကုန်ပြီ၊ ဝါ-ကြွေးကြော်မစဲ အောင်ပွဲခံကြလေကုန်ပြီ။

* ဤဂါထာ၏အနက်ကဲ့သို့ အောင်ဘိသေက သုံးဂါထာကို ထုတ်ဆော်၍ အနက်သမ္ဗန်ကြပါကုန်၊ ထူးသည့်ပုဒ်ကိုသာ ရေးသားပါအံ့။

၂၊ သုပဏ္ဏဂဏာ····ဂဠုန်အပေါင်းတို့သည်၊

၃၊ ဒေဝဂဏာ ···နတ်အပေါင်းတို့သည်။

၄၊ ဗြဟ္မဂဏာ ···ဗြဟ္မာအပေါင်းတို့သည်၊

ဤမျှသာ ထည့်ရေးလိုက်ပါ၏။

## ငါးရံ့မင်းပရိတ်တော် ပါဠိ

၁၊ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယ သန္တာပေ၊ သရေ ဥဒက ခီယထ။

၂၊ ဟတောကာကာစဂိဇ္ဈာစ၊ကင်္ကာကုလလသေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။

၃၊ ဧဝံ စိန္တေ သဟံ တတ္ထ၊ သဟဉာတီဟိ ပီဠိတော။
ကေနနုခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ။

၄၊ စိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။

၅၊ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။

၆၊ ယတော သရာမိ အတ္တာနံ၊ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏံ ပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။

၇၊ အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိ ကာကဿ နာသယ။
ကာကံသောကာယရန္ဓေဟိမစ္ဆေသောကာပမောစယ

၈၊ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၉၊ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီ။

## ငါးရံ့မင်းပရိတ်တော် အနက်

၁၊ ဘိက္ခဝေ-ရဟန်းတို့၊ ပုန-တဘန်၊ အဟံ-ငါဘုရားသည်၊ ယဒါ-အကြင်အခါ၌၊ မဟာသရေ-ဇေတဝန်ကန်တော်ရာ မင်္ဂလာရေအိုင်ကြီး၌၊ မစ္ဆရာဇာ-ငါတို့သေဌ်နှင်း ငါးရှံ့မင်းသည်၊ ဟောမိ-ဖြစ်၏၊ တဒါ-ထိုအခါ၌၊ ဥဏှော-နွေအခါ၌၊ သူရိယသန္တာပေ-နေပူခြင်းကြောင့်၊ သရေ-ရေအိုင်၌၊ ဥဒကံ-ရေသည်၊ ခီယထ-ခမ်းခြောက် ကင်းပျောက်လေပြီ။

၂၊ တတော-ထိုရေခမ်းခြောက်သည်မှ နောက်၌၊ ကာကာစ-ကျီးတို့သည်၎င်း၊ဂိဇ္ဈာစ-လင်းတတို့သည်၎င်း၊ကင်္ကာစ-ငှက်ကြီး ဒုန်းစပ်, ဘုံမတီးတို့သည်၎င်း၊ ကုလလ သေနကာစ-ဝန်လို,ဝန်လက်, လင်းယုန်ငှက်တို့ သည်၎င်း၊ ဒိဝါရတ္တိံ-နေ့ ညဉ့်ပတ်လုံး၊ ဥပနိသိဒိယ-ရှံ့ညွန်အတွင်း ကပ်ချဉ်း တည်နေကြကုန်၍၊ မစ္ဆေ-ငါးတို့ကို၊ ဘက္ခယန္တိ-ညှဉ်းဆဲကိုက်ဖြတ်စားကြကုန်၏။

၃၊ တတ္ထ-ထိုရေအိုင်၌၊ အဟံ-ငါဘုရားသည်၊ ဉာတိဟိ-ဆွေမျိုးတို့နှင့်၊ သဟ-တကွ၊ ပိဠိတော-ညှဉ်းပမ်း နှိပ်စက်အပ်သည်ဖြစ်၍၊ ဉာတီ-ဆွေမျိုးတို့ကို၊ ဒုက္ခာ-ဆင်းရဲမှ၊ ပမောစယေနခေါ-လွတ်စေအံ့နည်း၊ ဧဝံ-ဤသို့၊စိန္တေသိ-ကြံတော်မူပြီ။

၄၊ စိန္တယိတွာန-ကြံတော်မူပြီး၍၊မမွတ္တံ-မှန်ကန်သောအနက်သဘောရှိသော၊ အပဿယံ-အားထား မှီခိုရာဖြစ်

သော။ သတ္တံ၊ သတ္တာတော်ကို။ အဒဿ၊ မြင်တော်မူပြီ။ သဗ္ဗေ၊ သတ္တာသဉ္ဇ။ ဌတွာ၊ တည်လတ်၍။ ဉာတိနံ၊ ဆွေမျိုးတို့၏။ တံ အတိကြွယံ၊ ထိုပျက်စီးခြင်းကို။ ပမောစေသိ ၊ လွှတ်စေတော်မူပြီ။

၅ သတံ၊ ဘုရား အစရှိသော သူတော်ကောင်းတို့၏။ ဓမ္မံ သူတော်ကောင်းတရားကို။ အနုဿရိတွာ၊ အဘန်ဘန် အောက်မေ့တော်မူ၍။ ပရမတ္ထံ၊ မဘောက်မပြန် မှန်ကန် သော သတ္တာအနက်ကို။ ဝိစိန္တယံ၊ ကြံတော်မူလတ်၍။ ယံ၊ အကြင်အမှုသည်။ လောကေ လောကာဉ္ဇ။ ဓုဝသဿတံ၊ မချွတ်မလွဲမြဲ၏။ တံ သစ္စကိရိယံ၊ ထိုသစ္စာအမှုကို။ အကာသိ ၊ ပြုတော်မူပြီ။

၆၊ ယတော၊ အကြင်အခါမှစ၍။ အတ္တာနံ၊အတ္တဘော ကို။ သရာမိ၊ အောက်မေ့ မှတ်ထင်၏။ ယတော၊ အကြင် အခါမှစ၍။ ဝိညူတံ၊ပြုသင့် မပြုသင့် နှိုင်းယှဉ်လိမ္မာသည်၏ အဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တတော၊ ထိုအခါမှစ၍။ သဉ္စိစ္စ၊သေစေလိုသော စိတ်ရှိသည်ဖြစ်၍။ ဧကပါဏံပိ၊ သတ္တဝါတကောင်ကိုမျှလည်း။ ဟိံသိတံ၊ညှဉ်း ဆဲအပ်ဘူးသည်ကို။ နာဘိဇာနာမိ၊ မသိစဘူး။ ဧတေနသစ္စ ဝဇ္ဇေန၊ဤသစ္စာစကားကြောင့်။ပဇ္ဇုန္နော၊မိုးနတ်မင်းသည်။ အဘိဝဿတု၊ ရွာစေသတည်း။

၇၊ ကာကဿ၊ကျီးအပေါင်း၏။နိဓိံ၊ကန်တွင်း၌ တည် နေခြင်းကို။ နာသယ ရေပြည့်စေလျက် ဖျက်ဆီးပါလော့။ ကာကံ၊ ကျီးအပေါင်းကို။ သောကာယ၊ စိုးရိမ်စေသော

မိုးဖြင့်။ ရန္တေဟိ၊ ကြိုး၍တားဆီးပါလော။ မမဋ္ဌ၊ ငါ့ကိုရင်း။ မဒ္ဒေသ၊ ငါးတို့ကိုရင်း။ သောကာ၊ သောကမီးမှ။ ပမော စယ၊ လွတ်စေပါလော။

ဂ၊ သစ္စဝရေ၊ မြတ်သောသစ္စာကို။သဟာကတော၊ပြုအပ် သည်နှင့်တပြိုင်နက်။ ပဇ္ဇုန္နော၊ မိုးနတ်သားသည်။ အဘိ ဂဇ္ဇယ၊ ထစ်ချုန်းမြည်ကြိုး၍။ ထလဋ္ဌ၊ ကုန်းကိုရင်း။ နိန္နဋ္ဌ၊ ချိုင့်ကိုရင်း။ ပူရေန္တော၊ ပြည့်စေလျက်။ ခဏေန၊ ခဏခြင်း ဖြင့်။ အဘိဝဿထ၊ ရွာချလေကုန်ပြီ။

ဃ၊ ဝေရူပံ၊ ဤသို့ သဘောရှိသော၊ ဝိရိယမုတ္တမံ၊ မြတ် သော လုံ့လနှင့်စပ်သော။ သစ္စ ဝရံ၊ သစ္စာတော် မြတ်ကို။ ကတွာ၊ ပြုတော်မူ၍။ သစ္စတေဇ ဗလဿိတော၊ သစ္စာတေ ဇော် အားအစွမ်းနှင့်မှီသည်ဖြစ်၍။ မဟာမေဃံ၊သည်းထန် စွာသော မိုးကြီးကို။ ဝဿာပေသိံ၊ ရွာစေတော်မူပြီ။ မေ၊ ငါဘုရား၏။ သစ္စေန၊ သစ္စာတော်နှင့်။ သမော၊ တူသော တရားသည်။ နတ္ထိ၊ မရှိ။ သော၊ဤသည်ကား၊"မေ၊ ငါဘုရား ၏။ သစ္စပါရမီ၊ သစ္စာပါရမီတည်း။

---

## တံပြက်လှည်းခြင်းအကျိုးငါးပါး ပါဠိ-အနက်

သမ္မဇ္ဇနိယာ... သကစိတ္တံ ပသီဒတိ၊ ပရစိတ္တံ ပသီဒတိ၊ ဒေဝတာ အတ္တမနာ ဟောန္တိ၊ ပါသာ ဒိက သံဝတ္တနိက ကမ္မံ ဥပစိနတိ၊ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံလောကံ ဥပ ပဇ္ဇတိ။

အပရေပိ ပဉ္စာနိသံသာ သမ္မဇ္ဇနိယာ သကစိတ္တံ ပသီဒတိ၊ ပရစိတ္တံ ပသီဒတိ၊ ဒေဝတာ အတ္တမနာ ဟောန္တိ၊ သတ္ထု သာသနံ ကတံ ဟောတိ၊ ပစ္ဆိမာ ဇနတာ ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ။ (ပရိဝါ)

**အနက်** သမ္မဇ္ဇနိယာ-တံမြက် လှည်းခြင်း၏၊ အာနိသံသာ-အကျိုးတို့သည်၊ ပဉ္စ-ငါးပါးတို့တည်း၊ သက စိတ္တံ-မိမိစိတ်သည်၊ ပသီဒတိ-ကြည်လင်၏၊ ပရ စိတ္တံ-သူတပါး စိတ်သည်၊ ပသီဒတိ-ကြည်လင်၏၊ ဒေဝတာ-နတ်တို့သည်၊ အတ္တမနာ-နှလုံးမွေ့လျော်ခြင်း ရှိကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ပါသာဒိက သံဝတ္တနိက-ကြည်ညိုခြင်းကို ဖြစ်စေတတ်သော၊ ကမ္မံ-ကောင်းမှု ကုသိုလ်ကံကို၊ ဥပစိနတိ-ဆည်းဘူး၏၊ ကာယဿ-ကိုယ်ခန္ဓာ၏၊ ဘေဒါ-ကွဲပြား ပျက်စီးခြင်းကြောင့်၊ မရဏာ-သေသည်မှ၊ ပရံ-နောက်၌၊ သုဂတိံ-ကောင်းသောလားခြင်းရှိသော၊ သဂ္ဂံ လောကံ-နတ်ပြည်သို့၊ ဥပပဇ္ဇတိ-ရောက်၏။

အပရေပိ၊ တပါးလည်း ဖြစ်ကုန်သော။ သမ္မဇ္ဇနိယာ၊ တံမြက်လှည်းခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ သကစိတ္တံ၊ မိမိစိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ပရစိတ္တံ၊ သူတပါးစိတ်သည်။ ပသီဒတိ၊ ကြည်လင်၏။ ဒေဝတာ၊ နတ်တို့သည်။ အတ္တမနာ၊ နှလုံးမွေ့လျော်ခြင်းရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သတ္ထု၊ မြတ်စွာဘုရား၏။ သာသနံ၊ အာဏာတော်ကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္ဆိမာဇနာ၊ နောင်လာ သူကောင်း လူအပေါင်း

တို့သည်။ ဒိဋ္ဌာနုဂတိံ၊ မြင်သည်ကို လိုက်ခြင်းသို့၊ အာပဇ္ဇ တိ၊ ရောက်၏။

---

## သိတင်းသုံးဘော်မိတ်ဆွေခင်ပွန်းတို့၌ ရိုသေခြင်း
## နည်း၍-ဆုတ်ယုတ်ပုံ

ယဿ သဗြဟ္မစာရီသု၊ ဂါရဝေါ နုပလဗ္ဘတိ။
ပရိဟာယတိ သဒ္ဓမ္မာ၊ မစ္ဆော အပ္ပောဒကေ ယထာ။

ယဿ၊အကြင်သူအား၊ သဗြဟ္မစာရီသု၊ သိတင်းသုံးနေ မိတ်ဆွေခင်ပွန်းတို့၌။ဂါရဝေါ၊ရှက်ကြောက်ရိုးသေခြင်းကို နုပလဗ္ဘတိ၊ မရအပ်။ သော၊ ထိုသူသည်။ သဒ္ဓမ္မာ၊ သူတော် ကောင်းတရားမှ။ ပရိဟာယတိ၊ ဆုတ်ယုတ် ပျက်ပြား၏။ ကိမိဝ၊ ဥပမာဆို အဘယ်လိုနည်းဟူမူကား။ အပ္ပောဒကေ၊ နည်းသော ရေရှိသော အိုင်, ကန်, ချောင်း၌။ မစ္ဆော ယထာ၊ ငါးကဲ့သို့တည်း။

---

## လောက၌ မကောင်းမှုပြုရာ ဆိတ်ကွယ်ရာ
## အရပ်-မရှိ

နတ္ထိ လောကေ ရဟောနာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံ ဗာလော မညတေ ရဟော။

လောကေ၊ လူ့ရွာလောက၌။ ပါပ ကမ္မံ၊ မကောင်းမှု အကုသိုလ်ကံကို။ ပကုဗ္ဗတော၊ ပြုသော သူအား။ ရဟော နာမ၊သူမမြင်သာ ဆိတ်ကွယ်ရာအရပ်မည်သည်။ နတ္ထိ၊မရှိ။

ဝနဘူတာနိ၊ တောချုံသစ်ပင်စောင့်နတ်တို့သည်။ ပဿန္တိ၊ မြင်ကြလေကုန်၏၊ ဗာလော၊ မိုက်သောသူသည်။ တံ၊ ထို နတ်တို့မြင်အပ် ချုံ စသည်ကွယ်သောအရပ်ကို။ ရဟော၊ ဆိတ်ကွယ်ရာအရပ်ဟူ၍။ မညတေ၊ အောက်မေ့မှတ်ထင်၏။

---

**မသေမီ ကုသိုလ်ကောင်းမှုကို လျင်မြန်စွာပြုသင့်ပုံ**

အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံ သုဝေ။
နဟိနော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ၊ နက်ဖြန်မရွေ့ ယနေ့၌ပင်လျှင်။ ကိစ္စံ၊ နောင် သံသရာ ချမ်းသားသုခ လိုတိုင်းရစေတတ်သည့် အရပ်ရပ် စီးပွား အကျိုးများ၍ ကိုးကားလောက်လှ ကုသိုလ်ဓမ္မနှင့် စပ်သော ကိစ္စဟူသမျှကို။ အာတပ္ပံ၊ လုံ့လမယုတ် နောက် မဆုတ်ဘဲ အမြဲအားထုတ်သင့်လှပေ၏။ သုဝေ၊နက်ဖြန်နေ့ ၌။ မရဏံ၊ သေအံ့ သည်ကို။ ကော၊ ရှေ့,နောက် မြင်သိ အဘယ်ပညာရှိသည်။ ဇညာ၊ သိနိုင်ရာအံ့နည်း။ ဟိ သစ္စံ၊ ထိုစကားသည် စင်စစ်မှန်လှပါပေ၏။ မဟာ သေနေန၊ စစ်သည်ရဲမက်ဗိုလ်ပါ များလှသော။ တေန မစ္စုနာ၊ ထို ရှင်သေမင်းနှင့်။ သင်္ဂရံ၊ အချိန်းအချက်သည်။ နော၊ ငါတို့ အား။ နအတ္ထိ၊ မရှိချေတကား။

## သတ္တဝါတို့ အပိုင်းအခြားမသိနိုင်ရာ တရားငါးပါး

ဇီဝိတံ ဗျာဓိ ကာလောစ၊ ဒေဟာနိက္ခေပနံ ဂတိ။
ပဉ္စေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ နနာယရေ။

ဇီဝိတဥ္စ-ဤမျှနေ့ရက် ငါ့အသက်သည် မပျက်မြဲတည် ရှည်လိမ့်မည်ဟူ၍၎င်း၊ ဗျာဓိစ-ယုတ်စွာ,မြတ်စွာ ဤအနာနှင့် ငါ့မှာမြဲတည် သေလိမ့်မည်ဟူ၍၎င်း၊ ကာလောစ-နေ့မှာ ညမှာ ဤချိန်ခါ၌ ငါ့မှာမြဲတည် သေလိမ့်မည်ဟူ၍၎င်း၊ ဒေဟာနိက္ခေပနဥ္စ-ဤမှာထိုမှာ ငါ့ခန္ဓာကို သေခါမြဲတည် စွန့်ရမည်ဟူ၍၎င်း၊ ဂတိစ-လူရွာနတ်ရွာ ငါသေခါ၌ မြဲစွာအတည် လားလိမ့်မည် ဟူ၍၎င်း၊ ဧတေပဉ္စ-ဤသို့ငါးခု အကြောင်းစုတို့ကို၊ ဇီဝလောကသ္မိံ-အသက်နှင့်တည် အပြည်ပြည်၌၊ အနိမိတ္တာ-တိုင်းထွာပိုင်းဖြတ် သမိုင်းကပ်၍ မအပ်မနှင်း အမှတ်ကင်းခြင်းကြောင့်၊ နနာယရေ-အခြေမိမိ ပုံသေညှိ၍ မသိမမြင်နိုင်ကြကုန်။

---

## လူတို့၏ အသက်သည် အလွန်တိုတောင်း၍ သူတော်ကောင်းတို့ကဲ့ရှုပုံ

အပ္ပမာယု မနုဿာနံ၊ ဟိဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တ သီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။

မနုဿာနံ-ယခုလိုလူဆုတ်ကပ်သူတို့၏၊အာယု-အသက်သည်။အပ္ပံ- တို နည်းလှချေ၏၊ သုပေါရိသော-သိမြင်ကျီး

ကြောင်း သူတော်ကောင်းသည်၊ နံ-ထို တိုလှသောအသက်ကို၊ ဟိယျော-ရှုတ်ချကဲ့ရဲ့ရာ၏၊ အာဒိတ္တ သီသောဝိယ-ဦးခေါင်း၌ မီးလောင်သော သူကဲ့သို့၊ စရေယျ-ကုသိုလ်တရားကို တန့်ခိုက်မနား အားထုတ်ကျင့်သုံးရာ၏၊ မစ္စုဿ-သေမင်းကြီး၏၊ နအာဂမော-မရောက်မလာရာ သတ္တဝါမည်သည်၊ နတ္ထိ-မရှိချေပါတကား။

---

**တနည်း-အသက်အလွန်တိုလှပုံ**

အပ္ပမေဝ ဣဒံ ဇီဝိတံ၊
ဝိဇ္ဇာ ...

အဟောဝတာဟံ ဇီဝေယျံ၊
ကော လောပဿ ဘောဇနံ။
အဿာသန ပဿာသနံ၊
စရေယျံ သတ္တု သာသနံ။

အဟံ-ငါသည်၊ ကောလောပဿ-ထမင်း တလုပ်ကို၊ ဘောဇနံ-ကောင်းစွာဝါး၍ စားသောက် မျိုပြီးသည်တိုင်အောင်၊ ဇီဝေယျံ-အသက်ရှည်ရပါမူကား၊ အဟောဝတ-သြော်ကောင်းလေစွ၊ အဟံ-ငါသည်၊အဿာသန ပဿာသနံ-ထွက်သက်ဝင်သက်ဟု ဆိုအပ်သော ထွက်သည်က ရှူရှိုက်သည်တိုင်အောင်၊ ဇီဝေယျံ-အသက် ရှည်ရပါမူကား၊ အဟော ဝတ-တရားအားထုတ်သဖြင့် သြော် ကောင်းလေစွ၊ သတ္တုသာသနံ-မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်သော သီလ,သမာဓိ, ပညာတရားကို၊ စရေယျံ-လိုက်နာကျင့်သုံး နှလုံးပြုပါအံ့တကား။

**ခန္ဓာငါးပါးသည် ဝန်ထုပ်ကြီးဖြစ်၍၊ ပုဂ္ဂိုလ်သတ္တဝါ-ငါ သူတပါးသည် ဝန်ထုပ်ထမ်း ကူလီသမားနှင့်တူပုံ**

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောတိ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရ နိက္ခေပနံ သုခံ။

ဘိက္ခဝေ - ရဟန်းတို့၊ လောကေ - သတ္တ လောက၌၊ ပဉ္စက္ခန္ဓာ-ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ ဟဝေ ကေန္ဒေန-စင်စစ်အားဖြင့်၊ ဘာရာ-လေးလံ လှစွာသော ဝန်ထုပ် ဝန်ပိုးကြီးနှင့်တူ၏၊ ပုဂ္ဂလော-မိန်းမ ယောကျ်ား, ပုဂ္ဂိုလ်သတ္တဝါ, ငါ သူတပါးသည်။ ဘာရဟာရော-ဝန် ထမ်းသမား ကူလီများနှင့်တူ၏၊ ဘာရာဒါနံ-လေးလံလှစွာ သော ခန္ဓာဝန်ထုပ်ကြီးကို ထမ်းရွက်နေရခြင်းသည်၊ ဒုက္ခံ-သည်းခံနိုင်ခဲလှသော ဆင်းရဲခြင်းပါတကား၊ ဘာရနိက္ခေ ပနံ-ခန္ဓာဝန်ထုပ်ကြီးကို မထမ်းရွက်တော့ဟု ပစ်ချလိုက်ရ ခြင်းသည်၊ သုခံ-သန္တိသုခ နိဗ္ဗာန် ချမ်းသာကြီးပါပေ တည်း။

---

**ကိုးပေါက်သောဒွါရ အမာဝမှ အပုပ်ရည်, အပုပ်ဖတ်တို့ဖြင့် အမြဲစိမ့်ထွက်သော အပုပ်အိုးကြီးနှင့်တူ သောခန္ဓာသည် မြဲခြင်း,ထည်ခြင်းမရှိပုံ**

ယဿ စိတ္တ ကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံဌိတိ။

(ဓမ္မပဒ)

စိတ္တကတံ-အဝတ် တန်းဆာ ပန်းနံ့သာ စသည်တို့ဖြင့် ဆန်းကြယ်စွာ ပြုအပ်သော၊ ဗိမ္ဗံ-ရှည်သင့် တိုသင့်သော အင်္ဂါကြီးငယ်တို့ဖြင့် တင့်တယ်လှပသော ရွှေရုပ်ကလေး နှင့်တူသော၊ သမုဿိတံ-သုံးရာသော အရိုးတို့ဖြင့် စိုက် ဆောက်အပ်ထသော၊ အာတုရံ-အမြဲနာကျင်လျက်ရှိသော၊ ဗဟုသင်္ကပ္ပံ-များစွာသော လူအပေါင်းသည် များစွာသော အကြောင်းဖြင့် ကြံစည် စိတ်ကူးအပ်သော၊ အရကာယံ အနာမာဝကိုးပေါက်တို့ဖြင့် အနာအတိဖြစ်သော ကိုယ် ကောင်ကို၊ ပဿ-ကြည့်ရှုလေလော၊ ယဿ-အကြင်ကိုယ် ကောင်အား၊ ဓုဝံ-မြဲခြင်းသည်၎င်း၊ ဌိတိ-တည်ခြင်းသည် ၎င်း၊ နတ္ထိ-မရှိလေစွတကား။

---

**အနာရောဂါတို့၏ တည်ရာဖြစ်သော အကောင်ပုပ်ကြီးမှ ခိမ့်ထွက် ပုပ်အက်သော ကိုယ်ကောင်ကြီး၏ အသက်သည်သေခြင်း၏အဆုံးရှိပုံ**

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုနံ။
ဘိဇ္ဇတိ ပူတိ သံဒေဟော၊ မရဏန္တဉှိ ဇီဝိတံ။

(ဓမ္မပဒ)

ဘိက္ခဝေ-ရဟန်းတို့၊ တဝ-သင်၏၊ ဣဒံရူပံ-ဤကိုယ်ကောင်ဟူ သောရုပ်သည်၊ ပရိဇိဏ္ဏံ-ဆွေးမြေ့ယိုယွင်း အိုမင်းခဲ့လေ၏၊ ရောဂနိဍ္ဍံ-အနာရောဂါအားလုံးတို့၏ နေရာလည်း ဖြစ်၏၊ ပဘင်္ဂုနံ-ယိုယွင်း ပျက်စီး၏၊ ပူတိ-အပုပ်ရည် အပုပ်ဖတ်

သည်၊ သံသန္ဒော-ဖြစ်၍၊ ဒေဟော-သင့်ကိုယ်သည်၊ ဘိဇ္ဇ တိ-မကြာမီပျက်စီးတတ်၏၊ ဟိ-ထိုစကားသင့်စွ၊ ဇီဝိတံ-အသက်သည်၊ မရဏန္တံ-သေခြင်းအဆုံးရှိချေ၏တကား။

---

ဆန်းကြယ်တင့်တယ်သောရထား-ကိုယ်ခန္ဓာ
စသည်တို့သည် ပျက်စီးဆွေးမြေ့တတ်သည့်သဘောကို နှလုံး
ပြုကြ၍ မဆွေးမြေ့သော သူတော်ကောင်းတရားကို
ပွားများကြရပုံ

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။ (ဓမ္မပဒ)

သုစိတ္တာ-ရတနာ ခုနစ်ပါးစသည်တို့ဖြင့် အလွန်ဆန်းကြယ်ကုန်သော၊ ရာဇရထာ-မင်းစီးရထားတို့သည်၊ ဝေ-စင်စစ်၊ ဇီရန္တိ-ဆွေးမြေ့ကုန်၏ အထော-ထိုမှတပါး၊ သရီရမ္ပိ-ခန္ဓာကိုယ်သည်လည်း၊ ဇရံ-ဆွေးမြေ့ခြင်းသို့၊ ဥပေတိ-ရောက်၏၊ သတံ-သူတော်ကောင်းတို့၏၊ ဓမ္မောစ-ကိုးပါးသော လောကုတ္တရာတရားသည်ကား၊ ဇရံ- ဆွေးမြေ့ခြင်းသို့၊ နဥပေတိ-မရောက်၊ ဧဝံ-ဤသို့၊ သန္တော-သူတော်ကောင်းတို့သည်၊ သဗ္ဘိ-သူတော်ကောင်းတို့နှင့်၊ ဟဝေ-စင်စစ်၊ ပဝေဒယန္တိ-တရားကို နှလုံးသွင်း ပြောကြားကြကုန်၏။

## သတ္တဝါတို့၏ အသက်ကို သေမင်းတမန်ဖြစ်သော ဇရာ, မရဏတို့က သေခြင်းသို့ရောက်အောင် မောင်းနှင်နေပုံ

ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါဇေတိ ဂေါစရံ။
ဧဝံ ဇရာစ မစ္စုစ။
အာယုံ ပါဇေန္တိ ပါဏိနံ။

ဂေါပါလော-နွားကျောင်းသားသည်၊ ဒဏ္ဍေန-လှံတံဖြင့်၊ ဂါဝေါ-နွားတို့ကို၊ ဂေါစရံ-ကျက်စားရာ အရပ်သို့၊ ပါဇေတိယထာ-မောင်းနှင်သကဲ့သို့၊ ဧဝံတထာ-ထို့အတူ၊ ဇရာစ-အိုခြင်းသည်၎င်း၊ မစ္စုစ-သေခြင်းသည်၎င်း၊ ပါဏိနံ-သတ္တဝါတို့၏၊ အာယုံ-အသက်ကို၊ ပါဇေန္တိ-မောင်းနှင်ကြကုန်၏။

---

## အို,နာ,သေရေးဒုက္ခဘေးနှင့် ငိုကြွေးစိုးရိမ်ရခြင်း အစရှိသော ဒုက္ခအမျိုးမျိုးတို့သည် ပဋိသန္ဓေ ဇာတိဒုက္ခကြောင့်ဖြစ်ရ၍ ဂဗ္ဘသြက္ကန္တိ မူလက ဒုက္ခကြီးကို သံဝေဂဖြင့် နှလုံးသွင်းရပုံ

စာသစ်စာကျက်၊အောက်ထက်ဝန်းရံ၊ ပုပ်နံညှီလှောင်း၊ ကျဉ်းမြောင်းမဲမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောကိုဝမ်းပြု၊ ဒူးနှစ်ခုကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွငုတ်မှာ၊ မျောက်အိုကုတ်သို့၊ မလှုပ်မယှက်၊သေသောက်လက်ဝယ်၊ဆိတ်သူငယ်လို၊ အလမ္ပာယ်

မိ၊ မြွေငယ်ချိုသို့၊ အမိစပ်ခါး၊ ပူအေးစားလည်း၊ကိုယ်သာ ဆတ်ဆတ်၊ သက်ပြတ်တစေ၊ ဆယ်လနေ၍၊ လောကမ္ဗဇ၊ ဦးစောက်ချသား၊ မဂ်ဝသို့ရောက်၊ သံကောက်ပေါက်မှ၊ ဆွဲမြောက်ဆင်ပြောင်၊ သံတောင်ကြိတ်ချေ၊ ပုံနေရယိက၊ ပြင်သို့ကျလည်း၊ အပ်ဆွသည့်ဟန်၊ ကြီးပြန်ဒုက္ခ၊ ပြစ်များ လှသည်…လက်စဇာတိ မူရင်တည်း။

---

**အန္တရာယ်ကင်း ကျေးမင်း ဆုတောင်းဂါထာ**

အဂ္ဂေါ ဗုဒ္ဓေါ, အဂ္ဂေါ ဓမ္မော၊
အဂ္ဂေါ သံဃော အနုတ္တရော။
အဂ္ဂေါစ ဝိပါကော ဟောတိ၊
ယံယံ ဣစ္ဆာ သမိဇ္ဈတု။

အဂ္ဂေါ-မြတ်သော၊ဗုဒ္ဓေါ-မြတ်စွာဘုရားသည်၊ အနုတ္တရော-အတုမရှိ မြတ်တော်မူပါပေ၏၊ အဂ္ဂေါ-မြတ်သော၊ ဓမ္မော-ဆယ်ပါးသောတရားတော်မြတ်သည်၊အနုတ္တရော-အတုမရှိ မြတ်တော် မူပါပေ၏၊ အဂ္ဂေါ-မြတ်သော၊ သံဃော-သံဃာတော် မြတ်သည်၊ အနုတ္တရော-အတုမရှိ မြတ်တော်မူပါပေ၏၊ အဂ္ဂေါ-မြတ်သော၊ ဝိပါကောစ-လောကီ,လောကုတ္တရာ နှစ်ဖြာသော အကျိုးသည်လည်း၊ ဟောတိ-ရှိသည်ဖြစ်၏၊ ယံယံဣစ္ဆံ-အကြင်အကြင် အလိုရှိအပ်သောအကျိုးသည်၊ အတ္ထိ-ရှိ၏၊ တံတံဣစ္ဆံ-ထိုထိုအလိုရှိအပ်သောအကျိုးသည်၊ သမိဇ္ဈတု-ပြည့်စုံပါစေသတည်း။

ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မ ပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ ဓမ္မံ၊တရားတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယဓမ္မာနုဓမ္မပဋိပတ္တိယာ၊ ဤလောကုတ္တရာ တရား ကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်။ သံဃံ၊ သံဃာတော်မြတ်ကို။ ပူဇေမိ၊ ပူဇော်ပါ၏ အရှင်ဘုရား။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ ဇရာ ဗျာဓိ
မရဏမှာ ပရိမုစ္စိဿာမိ။

ဣမာယ ပဋိပတ္တိယာ၊ ဤကျင့်ဝတ်ပဋိပတ်ဖြင့်။ ဝါ၊ ဤကျင့်ဝတ် ပဋိပတ်ကြောင့်။ ဇာတိ ဇရာ ဗျာဓိ မရဏမှာ၊ ပဋိသန္ဓေနေခြင်း အိုခြင်း နာခြင်း သေခြင်း အပေါင်းမှ၊ အဒ္ဓါ၊ မချွတ်။ ပရိမုစ္စိဿာမိ၊ ကင်းလွတ်ရပါလို၏ အရှင်ဘုရား။

## သမဏ-ရဟန်း ခေါ်ပုံ

တဒင်္ဂပဟာန ဝိက္ခမ္ဘနပဟာန သမုစ္ဆေဒပဟာ
န ဝသေန ကိလေသေ သမေန္တီတိ သမဏော။

ယော ပုဂ္ဂလော-အကြင် ပုဂ္ဂိုလ်သည်၊ တဒင်္ဂပဟာန ဝိက္ခမ္ဘနပဟာန သမုစ္ဆေဒပဟာန ဝသေန-တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒ ပဟာန်၏ အစွမ်းအားဖြင့်၊ ကိလေသေ-တထောင့်ငါးရာကိလေသာတို့ကို၊ သမေန္တိ-ငြိမ်းစေတတ်ကုန်၏၊ ဣတိတသ္မာ-ထိုသို့ တထောင့်ငါးရာ ကိလေသာတို့ကို ငြိမ်းစေတတ်သော သတ္တိကြောင့်၊ သော ပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ သမဏော - သမဏမည်၏-ဟု မိန့်ဆိုအပ်သောကြောင့် တထောင့်ငါးရာ ကိလေသာတို့ ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒ ပဟာန်၏ အစွမ်းအားဖြင့် ငြိမ်းစေတတ်သောပုဂ္ဂိုလ်သည် သမဏ-ရဟန်းဟုခေါ်သည်။

---

## ဘိက္ခု-ရဟန်း ခေါ်ပုံ

သံသာရေ ဘယံ ဣက္ခတီတိ ဘိက္ခု။

ယော ပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ သံသာရေ-ထိုထို ဤဤ ကျင်လည်များစွာ သံသရာ၌၊ ဘယံ-ဇာတိ, ဇရာ ဗျာဓိ, မရဏ စသည်များစွာ ဘေးဘယာကို၊ ဣက္ခတိ- ပညာစက္ခု သတိပြု၍ ကြည့်ရှုအပ်၏၊ ဣတိတသ္မာ-ထိုသို့ သံသရာ၌ ဇာတိ စသော ဘေးဒုက္ခကြီးကို ပညာစက္ခု

သတိပြု၍ ကြည့်ရှုအပ်သောသတ္တိကြောင့်၊ သောပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ ဘိက္ခု-ဘိက္ခုမည်၏....ဟု မိန့်ဆိုအပ်သောကြောင့် သံသရာ၌ ဇာတိစသော ဒုက္ခဘေးကြီးကို ပညာဉာဏ်စက္ခုဖြင့် သတိပြုပြီး အဘန်ဘန်ကြည့်ရှု၍ နေသောပုဂ္ဂိုလ်ကို ဘိက္ခု-ရဟန်းဟု ခေါ်သည်။

---

## သံဃော-သံဃာခေါ်ပုံ

"သမ္မဒေဝ ကိလေသ ဒရထေ ဟနတိတိ သံဃော" ဟူသည်နှင့် အညီ....ယော ပုဂ္ဂလော-အကြင်ပုဂ္ဂိုလ်သည်၊ သမ္မဒေဝ-ကောင်းစွာ သာလျှင်၊ ကိလေသဒရထေ-လောဘ စသော ကိလေသာတို့၏ ပူပန်ခြင်းတို့ကို၊ ဟနတိ-ပယ်သတ်တတ်၏၊ ဣတိတသ္မာ-ထိုသို့ လောဘစသော ကိလေသာတို့၏ပူပန်ခြင်းတို့ကိုပယ်သတ်တတ်သောသတ္တိကြောင့်၊ သော ပုဂ္ဂလော-ထိုပုဂ္ဂိုလ်သည်၊ သံဃော-သံဃာ မည်၏ ဟု မိန့်ဆိုအပ်သောကြောင့် လောဘ, ဒေါသ, မောဟ စသော ကိလေသာ ပူပန်ခြင်းတို့ကို ပယ်သတ်တတ်သော ပုဂ္ဂိုလ်သည်၊ သံဃော-သံဃာဟုခေါ်သည်။

ဤသို့ သမဏ, ဘိက္ခု, သံဃာ, သဘာဝတို့ကို ဘော်ပြအပ်သည်အားလျော်စွာ သီလဖြင့် ကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် ပယ်သည်၊ သမာဓိဖြင့် ကိလေသာ တို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်သည်၊ ပညာဖြင့် ကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့် ပယ်သည်။

တနည်း····သီလဖြင့် ဝီတိက္ကမ ကိလေသာ တို့ကို ပယ်သည်။

သမာဓိဖြင့် ပရိယုဋ္ဌာန ကိလေသာတို့ကို ပယ်သည်။

ပညာဖြင့် အနုသယ ကိလေသာတို့ကို ပယ်သည်ဖြစ်၍ ရဟန်းသံဃာတော်တို့သည် ရဟန်းသံဃာဟု အခေါ်ခံရသော အမည်ပညတ်နှင့်လျော်စွာ သံသရာရေး ဒုက္ခဘေးတို့ကို မြှော်တွေးကြပြီးလျှင် သီလ, သမာဓိ, ပညာ, သုံးဖြာသော ဘုရားအဆုံးအမ သာသနာတော်ဖြင့် ကိလေသာတို့ကို တဒင်္ဂပဟာန်, ဝိက္ခမ္ဘန ပဟာန်, သမုစ္ဆေဒ ပဟာန်သုံးပါးတို့တွင် တပါးပါးသော ပဟာန်ဖြင့် ပယ်ကြမှသာလျှင် ရဟန်းသံဃာ အမည်ခံသည်နှင့် လျော်ကြမည်ဖြစ်သောကြောင့် သဒ္ဓါရှေ့ထား၍ ရေးသားလိုက်ရလေသတည်း။

* ကိလေသာဆိုးကြီးကို ခဏခဏ မကြာမကြာ ပယ်သတ်နိုင်ကြပါစေသတည်း။

ဣဒံ မေ ပုညံ သဗ္ဗသတ္တာနံ ဘာဇေမ။

ဣဒံ မေ ပုညံ သဗ္ဗညုတ ဉာဏဿ ပစ္စယော ဟောတု။

* ★ *